# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၇၇)


# အမျိုးသားယာဉ်အန္တရာယ်၊ မြန်မာနိုင်ငံယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၁၄-၂၀၂၀ ကို ကာလတို၊ ရေရှည်သတ်မှတ်၍ အောင်မြင်အောင် ဆောင်ရွက်သွားရမည်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၇**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်သည့်နေရာတွင် ပြည်သူများ၏ ဗဟုသုတရှိမှု၊ မူဝါဒများကောင်းမွန်မှု၊ စည်းကမ်းတကျလိုက်နာသည့် အလေ့အကျင့်ရှိမှုနှင့် လူထုတစ်ရပ်လုံးပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက ယနေ့ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးနေရသည့် လူဦးရေသည် တစ်နှစ်လျှင် ၁ ဒသမ ၃ သန်းခန့်ရှိပြီး သန်း ၅၀ ကျော် ဒဏ်ရာအနာတရ ဖြစ်နေကြရကြောင်း၊ ယင်းသေဆုံးမှုများအနက်မှ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်နေကြသည်ဟု သိရှိရကြောင်း၊ ယင်းနိုင်ငံများတွင် ယာဉ်အရေ အတွက်သည် *စာမျက်နှာ ၄ ကော်လံ ၁* ✱

## အမျိုးသားသတင်းဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီက ကြီးမှူး၍ စတုတ္ထအကြိမ် အမျိုးသားသတင်းဆုပေးပွဲကို ဇူလိုင် ၁၆ ရက် (စနေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ စကိုင်းစတားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားသတင်းဆုပေးပွဲတွင် သတင်းသူရဲကောင်းဆု၊ အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆု ၊ အကောင်းဆုံးသတင်းကာတွန်းဆု၊ အကောင်းဆုံး ရုပ်/သံ သတင်းဆုတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားသတင်းဆုပေးပွဲသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားစာများကို အချိန်မီပေးပို့ထားပြီး ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉-၄၂၀၉၄၆၅၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၇-၂၀၁၆

| | |
|---|---|
| သံတွဲမြို့ | ၇ ဒသမ ၇၅ လက်မ |
| မဒေါက်မြို့ | ၅ ဒသမ ၀၈ လက်မ |
| ပူတာအိုမြို့ | ၄ ဒသမ ၇၃ လက်မ |
| ညောင်လေးပင်မြို့ | ၄ ဒသမ ၅၃ လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၄ ဒသမ ၅၃ လက်မ |
| ရွှေကျင်မြို့ | ၄ ဒသမ ၀၉ လက်မ |
| မောင်တောမြို့ | ၃ ဒသမ ၉၄ လက်မ |
| ဂွမြို့ | ၃ ဒသမ ၆၆ လက်မ |
| သိမ်ဇရပ်မြို့ | ၃ ဒသမ ၂၃ လက်မ |
| ဘီးလင်းမြို့ | ၂ ဒသမ ၉၁ လက်မ |

## ရွှေဘိုခရိုင် ဆည်ရေသောက်ဧရိယာများအတွင်း စီးပွားဖြစ်ငါးမွေးကန်များ ရေဖိုးအခွန် ၆ ဒသမ ၃၁၉ ဘီလီယံကျပ် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်နေသေး

စာမျက်နှာ-၈

## အာဖဂန်၌ ၂၀၁၇ ခုနှစ်အထိ အမေရိကန် တပ်ဖွဲ့ဝင် ၈၄၀၀ ထားရှိမည်

စာမျက်နှာ-၁၀




မြန်မာ့အလင်း

# ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်ခြင်း

ဇူလိုင်လ ၅ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီတို့ ဒုတိယအကြိမ်တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က NRPC ဖွဲ့စည်းခြင်းအကြောင်းပြောကြားပြီး မကြာမီ သမ္မတ လက်မှတ်ဖြင့် အမိန့်ကြော်ငြာစာထုတ်မည်ဟု ပြောသွားပါသည်။ NRPC ကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်မည်ဖြစ်ပြီး NRPC ၏ တာဝန်မှာ ငြိမ်းချမ်းရေးသာမဟုတ် အမျိုးသားပြန်လည်သင့်မြတ်ရေးပါ ပါဝင်မည်ဟု ဆိုသည်။

ထိုအစည်းအဝေးတွင် NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များ၏ မေးခွန်းများအား ပြန်လည်ဖြေကြားရန် မူဝါဒများ၊ နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်သည့်အခြေအနေများနှင့် (၂၁)ရာစု ပင်လုံ ညီလာခံအတွက် မူဝါဒများကို ဆွေးနွေးပြောဆိုသွားသည်။ ထို့ပြင် NCA သဘောတူစာချုပ်အရ NCA လက်မှတ်ရေးထိုးမှသာ နိုင်ငံရေးဆွေးနွေး ပွဲသို့ တက်ရောက်ရမည်ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမရှိပါ ကလည်း ပင်လုံညီလာခံတွင်တက်ရောက်ပါက ပါဝင်ခွင့်ရရှိရန် ဒေါ်အောင်ဆန်းစုကြည်က မူဝါဒပေးသွားကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်များဘက်ကလည်း NCA လက်မှတ် ရေးထိုးပြီး အဖွဲ့များနှင့် မရေးထိုးရသေးသောအဖွဲ့များ မိုင်ဂျာယန်တွင် တွေ့ဆုံကြရန် ရှိနေပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကလည်း မိုင်းလားသို့သွားရောက်၍ TNLA၊ MNDAA နှင့် AA သုံးဖွဲ့ အား အစိုးရဘက်မှ သဘောထားများကို ရှင်းပြမည်ဟု သိရသည်။ ထို့နောက် ကြားကာလတွင် NCA လက်မှတ်မထိုးရသေးသည့် ခေါင်းဆောင်များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံရန်လည်း ရှိနေသည်။ ထို့နောက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို အားလုံးပါဝင်၍ ဆွေးနွေးပြင်ဆင်ရန်သာ ရှိပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က (၂၁)ရာစု ပင်လုံကို ဩဂုတ်လနောက်ဆုံးပတ်ထက် နောက်မကျဘဲ ကျင်းပရန် ထောက်ပြသွားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပဋိပက္ခများကို ဖြေရှင်းရာ၌ အရေးကြီးဆုံးသောအချက်တစ်ခုမှာ စေ့စပ်ဆွေးနွေးရန်အတွက် ဖြစ်စဉ်တစ်ခုကို အစပျိုးတည်ဆောက်ရန် ဖြစ်သည်။ ထို့ကြောင့်ပင် ဒေါ်အောင်ဆန်းစုကြည်က (၂၁) ရာစု ပင်လုံကို ဩဂုတ်လကုန်ထက် နောက်မကျဘဲ ကျင်းပရန်ဖြစ်ကြောင်း ပြောကြားထားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ကြိုတင်သတ်မှတ်ထားသော စိတ်ကူး၊ အိုင်ဒီယာများဖြင့်မဟုတ်ဘဲ လွတ်လပ်ရှင်းလင်းသောအမြင်များဖြင့် ချဉ်းကပ်ရန် လိုပါသည်။ ထို့ကြောင့်ပင် ဒေါ်အောင်ဆန်းစုကြည်က ဖက်ဒရယ်နိုင်ငံတည်ဆောက်ရန်ဆိုသည်၏ နောက်ကွယ်၌ မည်သည့် လျှို့ဝှက်ချက်မျှမရှိကြောင်း ရှင်းရှင်းလင်းလင်းပင် ပြောကြားထားခဲ့ခြင်း ဖြစ်သည်။

တပ်မတော်ဘက်မှလည်း အစိုးရနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တို့၏ ပေါ်လစီပေါ်တွင်ကြည့်၍ ကူညီသွားမည်ဟု ဆိုထားသည့်အပြင် TNLA၊ MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ လည်း အပျော့ပျောင်းဆုံး သဘောထားများပေးထားသည်ဟု ယူဆရပေ သည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားမဲများအပါအဝင် လူများစုမဲဆန္ဒ ဖြင့် တက်လာသောအစိုးရနှင့် အရှိန်ဩဇာရှိသော လူထုခေါင်းဆောင် ကိုယ်တိုင်က ဤဖြစ်စဉ်ကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ ပြည်တွင်းစစ် နှစ်ပေါင်း ၇၀ နီးပါးကာလအတွင်း ပဋိပက္ခများဖြေရှင်းရန် အကောင်းဆုံး အခွင့်အလမ်းကို ရရှိနေသည်ဟု ဆိုနိုင်ပါသည်။

ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသည့် အမျိုးမျိုးသော ပဋိပက္ခများ အတွက် စေ့စပ်ညှိနှိုင်းကြရာတွင် အာဏာခွဲဝေခြင်းနှင့် အရင်းအမြစ် ခွဲဝေခြင်းများသာ ထပ်တလဲလဲဖြစ်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ကြိုတင်ကန့်သတ်ချက်များမပါဘဲ တစ်ခုလုံးအမြင်ကို ရှေ့တန်းတင်၍ စဉ်းစားကြခြင်းကသာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်တည်ရှိစေရန်နှင့် ယင်းဖြစ်စဉ်၏အရှိန်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

'နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ' ဟု ဆရာကြီး ဒဂုန်တာရာက ဆိုခဲ့သလို နယ်လ်ဆင်မင်ဒဲလား ကလည်း 'ရန်သူနှင့် ငြိမ်းချမ်းရေး ရယူခြင်းဆိုသည်မှာ သင်သည် ရန်သူနှင့်အတူ အလုပ်လုပ်နိုင်ရမည်။ ၎င်းအပြင် ထိုရန်သူသည် သင်၏လုပ်ဖော်ကိုင်ဖက် ဖြစ်လာရမည်' ဟု ဆိုခဲ့ဖူးပါသည်။ အမှန်တကယ်ဆိုရလျှင် လက်နက်ကိုင် ပဋိပက္ခများနှင့် ရာစုနှစ်တစ်ဝက်ကျော် တွေ့ကြုံလာခဲ့သော ဘက်အသီး သီးမှ ပါဝင်ပတ်သက်သူများအဖို့ တစ်တိုင်းပြည်လုံး၏ အကျိုးစီးပွားကို ရှေ့တန်းတင်နိုင်လျှင် ပြဿနာမှာ ထိုမျှလောက်ပင် ခက်ခဲမည်မဟုတ်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ။




## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မေ့ဆေးစက်နှင့် ကျောက်ကပ်သန့်စင်စက် ပေးအပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော် အနောက်ရပ်ကွက် ရှိ ကန်တော်ကြီးဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇူလိုင် ၄ ရက်က မန္တလေးမြို့နေ အလှူရှင် ဦးသက်ဝေ-ဒေါ်ကြည်မေ (Asia Emercy Co.,Ltd.) တို့၏မြေး မမြမြဝေ၏သား မောင်ဘုန်းဝေ၏ ခြောက် နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၅၂၈ သိန်းတန် မေ့ဆေးစက်ကိုလည်းကောင်း၊ အလှူရှင်ဦးမြင့်နိုင်-ဒေါ်ခင်ရွှေ (Asia Naing Co.,Ltd.)က ကျောက်ကပ်သန့်စင် စက်အတွက် ငွေကျပ်သိန်း ၂၄၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြ ကြောင်းသိရသည်။

မန္တလေး ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အထူးကုသမားတော် ကြီး ၁၇ ဦးတို့က ရောဂါ ၂၁ မျိုးကို ၂၄ နာရီဝန်ဆောင်မှုပေးပြီး ဂိလာနသံဃာတော်များနှင့် သံဃာနွယ်ဝင်သီလရှင်များကို ကျန်းမာရေးအတွက် ကုသပေးလျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်း တိုက်ဦးစီးဌာနဝင်းအတွင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆) ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကျွန်း၊ စိန်ပန်းနှင့် ခရေပျိုးပင်များကို အရာထမ်းများနှင့် အမှုထမ်းများထံသို့ပေးအပ်ပြီး ကျွန်းပျိုးပင်ကို သတ်မှတ်နေရာ၌ စတင်စိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန/အဖွဲ့အစည်း များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနရှိ ဦးစီး ဌာနများမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၂၅၀ တက်ရောက်၍ ကျွန်း၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ထိုင်ဝမ်ဇာဒံ စသည့်ပျိုးပင်များကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ် များက စိုက်ပျိုးခဲ့သည့် ရတနာတန်းဝင် ကျွန်းပင်၊ စိန်တစ်လုံးသရက်ပင်နှင့် အခြား အရိပ်ရလေကာပင်များမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**





## ကျေးရွာအတွင်းလမ်းပြုပြင်ပေးရန် ဒေသခံပြည်သူများမျှော်လင့်

**ပုဗ္ဗသီရိ ဇူလိုင် ၇**

ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု၊ လယ်သာကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း နှင့် အခြေခံပညာကျောင်းသို့ ဖြတ်သန်းသွားလာနေသည့် ရွာအတွင်းလမ်းသည် မိုးရွာသွန်းရာ၌ ရွာ၏အနောက်မြောက်ဘက် ရွှေမင်းဝန်တောင်တန်းငယ်ဘက်မှ ကုန်းကျရေများက ရွာထဲလမ်းတွင် အရှည်ပေ ၈၅၀ ခန့် ရိုးသဖွယ် ရွာအရှေ့ဘက်သို့ ဖြတ်သန်းစီးဆင်းနေသောကြောင့် ရွာမြောက်ခြမ်းမှ ကျောင်းသားများနှင့် ပြည်သူများ မိုးရာသီတစ်လျှောက်လုံး သွားလာရေးအဆင်မပြေသည့်အပြင် ခြင်များခိုအောင်းပြီး ရွှံ့ဗွက်များထူနေသောလမ်းကို ပြုပြင်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**တင်စိုးလွင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၇-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၉.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၆၃ |
| တရုတ် | တစ်ယွမ် | ၁၇၆.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၅၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ကောင်းတာကို လိုက်နာ၊ မကောင်းတာကို ဖျောက်ပစ်

ခေတ်အလိုက် အရာရှိများကလည်း စိတ်ဓာတ်ပြောင်းလဲကြပါ။ လူထုကို နားလည်အောင်လေ့လာပါ။ လူထုနှင့် ချဉ်းကပ်ပါ၊ ပေါင်းပါ၊ ရှေးကအယူအဆများကို ဖျောက်ပစ်ပါ။ အုပ်ချုပ်ရေး စည်းမျဉ်းတွေဟာ ကောင်းတာလည်းရှိ မကောင်းတာလည်းရှိတယ်။ ကောင်းတာကို လိုက်နာပြီး မကောင်းတာကို ဖျောက်ပစ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပုဂ္ဂလိကစက်မှုကဏ္ဍ ရက်(၁၀၀)အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၇**

စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအား ပုဂ္ဂလိကစက်မှုကဏ္ဍ ရက်(၁၀၀)အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုဝင်းက လုပ်ငန်းဆောင်ရွက်နေမှုများအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး လျှပ်စစ်စစ်ဆေးရေးဌာနမှ ဌာနခွဲမှူး ဦးမိုးကြည်က လုပ်ငန်းခွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပြီး တက်ရောက်လာကြသူများက သိလိုသည်များမေးမြန်းရာ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းဇော်က ပြန်လည်ရှင်းလင်းခဲ့သည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ဆွေးနွေးတင်ပြချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့သည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးမှ လုပ်ငန်းရှင်များအား နည်းပညာအကူအညီများ ပေးအပ်ကူညီခြင်းများ၊ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာပြပွဲများတွင် ဝင်ရောက်ပြသနိုင်ရန်ကူညီခြင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအလိုက် စုဖွဲ့ပေးနိုင်ပါက ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းကာ SME member card များအား smart card ရရှိသည်အထိ ဆောင်ရွက်ပေးခြင်း၊ SME Saturday Talk အစီအစဉ်ကို ပြည်တွင်းရှိ ပညာရှင်များဖြင့် နှစ်လတစ်ကြိမ် ပြုလုပ်ပေးခြင်းနှင့် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ SME ရုံးချုပ်တွင် ထုတ်ကုန်ကိုးမျိုးထုတ်လုပ်မှု သင်တန်းဖွင့်လှစ်ပေးမည်ဖြစ်ကာ အခါအားလျော်စွာ ဖွင့်လှစ်သည့်သင်တန်းများကိုလည်း မည်သူမဆို တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုလင်း(ပြန်/ဆက်)**



## မြတ်မွန်စေတနာလူမှုကူညီရေးအသင်းသို့ သီပေါကမ္ဘောဇဘဏ်ခွဲမှ ငွေကျပ်သိန်း ၅၀ လှူဒါန်း

**သီပေါ ဇူလိုင် ၇**

မြတ်မွန်စေတနာလူမှုကူညီရေး(နာရေး) ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အသင်းက တည်ဆောက်လျက်ရှိသော



မီးသင်္ဂြိုဟ် လောင်တိုက်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက ကမ္ဘောဇဘဏ်ခွဲ(သီပေါ)၌ ကျင်းပရာ ဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းနွမ်းမိုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသင်္ဂြိုဟ်လောင်တိုက်တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၅၀ ကို ကမ္ဘောဇဘဏ်ခွဲ(သီပေါ) မန်နေဂျာ ဒေါ်နန်းနွမ်းမိုက မြတ်မွန်စေတနာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ခင် ထံ ပေးအပ်လှူဒါန်းပြီး **(ဝဲပုံ)** အသင်း အတွင်းရေးမှူး ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စိုင်း(သီပေါ)**

## စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရေး ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၇**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ အဆင့်မီစာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရန် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်စာမူများကို ဘာသာရပ် ၁၃ မျိုးခွဲခြား၍ စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုသည် ပြန်ကြားရေးဝန်ကြီးဌာနက ချီးမြှင့်သောစာမူဖြစ်ပြီးစာမူများ စိစစ်ရွေးချယ်ရာတွင် လွတ်လပ်၍ မျှတမှုရှိစေရန် စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာမူများရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့် သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲအထိ ပြိုင်ပွဲဝင်ပုံစံတွင် ဖြည့်သွင်း၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံနှင့်အတူ စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ထံသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၀၄၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ညောင်ဦးခရိုင်၌ မိုးစပါးအပါအဝင် ၆၀၃၅၃၅ ဧက စိုက်ပျိုးသွားမည်

**ညောင်ဦး ဇူလိုင် ၇**

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်သူလယ်သမားများမှ မိမိတို့ဒေသရှိ ဆည်ရေ၊ စိမ့်စမ်းရေ စသည့်ရေကိုသာ အဓိကသုံးစွဲစိုက်ပျိုးကြကြောင်း သိရသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများအတွက် မြစ်ရေတင်လုပ်ငန်းများ ရေတွင်း၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ၁၉၉၅-၁၉၉၆ ခုနှစ်ခန့်မှ စတင်ဆောင်ရွက်ခဲ့သည်။ ညောင်ဦးခရိုင်တွင် မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေသည့် လုပ်ငန်းကြီးငါးခုရှိပြီး ယင်းတို့မှာ ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင်တို့ ဖြစ်သည်။ ညောင်ဦးခရိုင်သည် မိုးနည်းရပ်ဝန်းတွင် ပါဝင်ပြီး တစ်နှစ်လုံး ပျမ်းမျှမိုးရေချိန်လက်မ ၂၀ ကျော်ခန့်သာ ရွာသွန်းသည့်အတွက် ယင်းဒေသရှိ တောင်သူလယ်သမားများမှာ သီးနှံများစိုက်ပျိုးသည့်အခါ ဖြစ်ထွန်းအောင်မြင်ခြင်းမရှိခြင်းကြောင့် မြစ်ရေတင်စီမံကိန်းမှပေးဝေသော ရေကိုသာအားကိုးပြီး စိုက်ပျိုးကြကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ တောင်သူလယ်သမားအများစုဟာ မြစ်ရေတင်ကပေးဝေတဲ့ရေကို ရေတင်စနစ်နဲ့ယူပြီး သီးနှံတွေကိုစိုက်ပျိုးကြတာပါ။ ဒီလိုစိုက်ပျိုးတဲ့အခါမှာ မြစ်ရေတင်ကန်တွေနဲ့အနီးက တောင်သူတွေအတွက်တော့ စိုက်ပျိုးရေးအတွက် အဆင်ပြေတော့လည်း မြစ်ရေတင်ကန်နဲ့ဝေးတဲ့ တောင်သူတွေအတွက်တော့ အဆင်မပြေပါဘူး။ မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးနိုင်အောင် မြစ်ရေတင်ကန်တွေကိုလည်း တိုးမြှင့်ပေးမယ်ဆိုရင် ဒေသဝမ်းစာအတွက် အဆင်ပြေလာမှာပါ" ဟု ငါ့သရောက်ကျေးရွာ မြစ်ရေတင်အနီးရှိ တောင်သူများက ပြောသည်။

"ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်မည့်မြေ ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၅ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ညောင်ဦးခရိုင်အတွင်း မိုးစပါးအပါအဝင် အခြားသီးနှံဒေသလျာထားစိုက်ပျိုးမည့် စုစုပေါင်းဧက ၆၀၃၅၃၅ ဧကကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးဌေးနိုင်ထံမှ သိရသည်။

ယင်းကြောင့် အဆိုပါဒေသရှိ တောင်သူလယ်သမားများမှာ မိုးရွာသွန်းမှုကိုသာ မျှော်ကိုးပြီး စိုက်ပျိုးကြမည့်အရေး တွေးနေကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



# လေယာဉ်ဆီ၊ ဒီဇယ်၊ CNG ဖြန့်ဖြူးမှုနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းဆောင်ရွက်မှုရှင်းလင်း

**နေပြည်တော် ဇူလိုင် ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လေယာဉ်ဆီ၊ ဒီဇယ်ဆီ၊ Cooker Gas Oil နှင့် ဆီပြာ (Blue Oil)၊ CNG သဘာဝဓာတ်ငွေ့ဖြည့်တင်းမှု၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို ယနေ့နံနက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။ **(အောက်ပုံ)**

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ လေယာဉ်ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းသည် စင်ကာပူနိုင်ငံ Puma Energy Group Pte Ltd နှင့် အကျိုးတူပူးပေါင်း၍ National Energy Puma Aviation Services Co., Ltd. အမည်ဖြင့် ဖက်စပ်လုပ်ငန်းအဖြစ် ဇူလိုင် ၁၅ရက်တွင် စတင်လုပ်ဆောင်ရန် ယခုနှစ် ဇွန်လက လေယာဉ်ဆီတင်သွင်းလုပ်ငန်း သဘောတူညီလက်မှတ်ထိုးခဲ့သည်။



ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲအား ပြီးခဲ့သည့်နှစ်က စတင်ခဲ့ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းရှိ လေယာဉ်ကွင်း ၁၁ ကွင်း ဖြစ်သည့် တံတားဦး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ ကော့သောင်း၊ နေပြည်တော်၊ တာချီလိတ်၊ ကျောက်ဖြူမြို့များတွင် လေယာဉ်ဆီဖြည့်စခန်းများ ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြင်းခြံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၃၃ မဂ္ဂါဝပ်၊ မော်လမြိုင်စွန့်ပစ် ပစ္စည်းသုံးဓာတ်အားပေးစက်ရုံ ၃၀ မဂ္ဂါဝပ်မှ ၂၄ မဂ္ဂါဝပ်တို့မှာ မဟာဓာတ်အားလိုင်းသို့ လျှပ်စစ်ဖြန့်ဖြူးထားမှု အခြေအနေနှင့် ၆၆ ကေဗွီရှိ ဟားခါး-ဖလမ်း ဓာတ်အားခွဲရုံနှင့် တောင်ကုတ်-မအီ ဓာတ်အားခွဲရုံများ ရာနှုန်းပြည့် ပြီးစီးနေပြီး ဖလမ်းနှင့်မအီဒေသရှိ အိမ်ခြေ ၁၂၆၀ ကို အချိန်ပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ နေပြည်တော်ကောင်စီ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် အိမ်ခြေ ၃၃၁၁ အား လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းများကို အိမ်ရှေ့အရောက် ရာနှုန်းပြည့် သွယ်တန်းပြီးစီးမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၀ ကေဗွီ ထရန်စဖော်မာ အလုံး ၁၅၀ကို ဇူလိုင် ၁၀ ရက်အပြီးတပ်ဆင်နေခြင်းနှင့် ဝန်အားပြည့်နေသည့် ထရန်စဖော်မာများကို ပိုကြီးမားသည့် ထရန်စဖော်မာများဖြင့် အစားထိုးနေမှု၊ ရွှေပြည်သာ ဝါးတစ်ရာမြို့နယ်တွင် ၃၃ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်နေမှု၊ လှိုင်သာယာစက်မှုဇုန်အတွင်း ၁၁ ကေဗွီလိုင်းများ တို့၏လုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG သဘာဝဓာတ်ငွေ့များသုံးယာဉ် ၆၀ အတွက် CNG ၆၀၀ လီတာ ထပ်မံတိုးမြှင့်ပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေနံဓာတ်ငွေ့ရည်အိုးများ သိုလှောင်ဖြန့်ဖြူးခွင့်(ဃ)လိုင်စင်နှင့် အိမ်၊ တိုက်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ယာယီလိုင်စင်(င) စုစုပေါင်း ၅၈၃ ဆိုင်ကို အခမဲ့ထုတ်ပေးထားပြီး ကျန်ဆိုင်များကို ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရပ်ကွက်များအတွင်း လျှပ်စစ်အန္တရာယ်ကင်းစေရေးအတွက် ရှုပ်ထွေးနေသော ကြိုးများရှင်းလင်းခြင်း၊ ဒီဇယ်ဆီ၊ Cooker Gas Oil နှင့် ဆီပြာ (Blue Oil) များအား ယခုလမှ စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

---

✻ ***ရှေ့ဖုံးမှ***

တစ်စတစ်စ များပြားလာသော်လည်း လမ်းအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှုမရှိကြခြင်းကြောင့် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးတိုးတက်မှုကြောင့် ယာဉ်စီးရေတိုးပွားလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ယာဉ်မတော်တဆမှုဖြစ်စဉ်များ များပြားလာသည်ကို တွေ့ရကြောင်း၊ ၂၀၀၅ ခုနှစ်က ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၂၈၃ ဦးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၄၂၀ အထိ ရှိလာခဲ့ပါကြောင်း၊ ဆယ်စုနှစ် တစ်စု အတွင်းတွင် ၃ ဒသမ ၄၅ ဆ မြင့်တက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၀ ခုနှစ်ရောက်သည့်အချိန်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို ထက်ဝက်လျှော့ချနိုင်ရန် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council- NRSC) ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၁၄-၂၀၂၀ ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်စီးရေသည် အများဆုံးဖြစ်ကာ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးစုစုပေါင်း ယာဉ်စီးရေ၏ ၈၃ ဒသမ ၆၅ ရာခိုင်နှုန်းရှိနေပါကြောင်း၊ ဆိုင်ကယ်ကြောင့်ဖြစ်ရသည့် မတော်တဆထိခိုက်မှုကလည်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်မှု စုစုပေါင်း၏ ၄၇ ရာခိုင်နှုန်းအထိ ရှိနေပါကြောင်း၊ ဆိုင်ကယ်မတော်တဆဖြစ်ပြီး လူသေဆုံးပါက အဓိကပြဿနာအရင်းအမြစ်မှာ ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြ၍ ဖြစ်ကြောင်း၊ ဦးထုပ်ဆောင်းပါကလည်း ယင်းဆိုင်ကယ်စီးဦးထုပ်မှာ အရည်အသွေးမမီသည့် ပစ္စည်းများဖြစ်နေခြင်း၊ စနစ်တကျမေးသိုင်းကြိုးတပ်ဆင်ပြီး မဆောင်းကြခြင်းစသည့် အားနည်းချက်များနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတကာတွင် လက်ခံထားသည်မှာ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်သည့် အလေ့အကျင့်ကိုသာ အပြည့်အဝဆောင်ရွက်နိုင်ပါက ယင်းနိုင်ငံ၏ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု ဆိုပါကြောင်း၊ ယာဉ်မောင်းရင်း လက်ကိုင်ဖုန်းအသုံးမပြုရန်၊ မူးယစ် သောက်စားပြီး ယာဉ်မမောင်းကြရန်ကိစ္စများသည် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကဆောင်ရွက်ရမည့် ဦးစားပေး Issue များဖြစ်ပါကြောင်း၊ ယင်းအချက်များကို ပဓာန ဦးစားပေးအနေဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လူသေဆုံးမှုနှုန်းသည် သိသိသာသာ အချိန်တိုအတွင်း ကျဆင်းသွားမည်ဖြစ်ကြောင်း။

ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ ထိုင်ခုံခါးပတ်ပတ်ရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းမသုံးရန်၊ မူးယစ်သောက်စားမမောင်းကြရန် မော်တော်ယာဉ်ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပြီး ဖြစ်သကဲ့သို့ နည်းဥပဒေတွင်လည်း တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းသွားရမည် ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူအားလုံး ထိထိရောက်ရောက် လိုက်နာကျင့်သုံးကြစေရန်လည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာများသို့ အမြန်သွားရောက်ခြင်း၊ ဒဏ်ရာရသူများကို စနစ်တကျကြည့်ရှုခြင်း၊ အသက်အန္တရာယ်ရှိသူများကို ဦးစားပေးရွေးချယ်ကုသခြင်း၊ ရှေးဦးသူနာပြုစုခြင်းနှင့် နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခြင်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အန္တရာယ်ရှိသော လမ်းနေရာများကို ထိန်းသိမ်းခြင်း၊ ကျေးလက်နေပြည်သူများကို လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ယာဉ်မောင်းများကို သင်တန်းပေးခြင်း၊ စစ်ဆေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လမ်းအသုံးပြုမှုဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့သူများကို အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ယာဉ်မတော်တဆမှုများကြောင့် ဆုံးရှုံးမှုများကို သုတေသနပြုခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ၂၀၂၀ ခုနှစ်ရောက်ရှိချိန်တွင် လက်ရှိ ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို လျှော့ချမည်ဆိုသည့် ရည်မှန်းချက်ရောက်ရှိရန်အတွက် လုပ်ငန်းကဏ္ဍအသီးသီးကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများကို အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တင်ပြသည်။

ထို့ပြင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံ ချက်ကိုလည်းကောင်း၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက တိုင်းဒေသကြီး၊ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ ဖွဲ့စည်းနိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရေး၊ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တိုးတက်လာမှု အခြေအနေ၊ ယာဉ်တိုက်မှု၊ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး အမျိုးသားယာဉ်အန္တရာယ်၊ မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၁၄-၂၀၂၀ ကို ကာလတို၊ ရေရှည်သတ်မှတ်၍ အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်သည့်အခါ ထိရောက်သည့် အကျိုးရလဒ်ဖြစ်ပေါ်စေရန် ခေတ်မီနည်းပညာများ အသုံးပြုပြီး အရှိန်အဟုန်မြှင့်ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် မှာကြားသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် စုစုပေါင်း ယာဉ်စီးရေ ၄ ဒသမ ၉ သန်းကျော်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၅၄၀၆ မှုဖြစ်ပွားခဲ့ပြီး တစ်နေ့လျှင် ပျမ်းမျှ ယာဉ်မတော်တဆမှု ၄၂ ဒသမ ၂၁ မှု၊ ဒဏ်ရာရရှိသူ ၇၀ ဒသမ ၁၈ ဦး၊ သေဆုံးသူ ၁၁ ဒသမ ၆၀ ဦး ရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်မတော်တဆမှု ၈၅၉၁ မှုဖြစ်ပွားခဲ့ပြီး တစ်ရက်ပျမ်းမျှ ယာဉ်မတော်တဆမှု ၄၇ ဒသမ ၂၀ မှု၊ ဒဏ်ရာရရှိမှု ၇၈ ဒသမ ၆၇ ဦး၊ သေဆုံးသူ ၁၃ ဒသမ ၉ ဦးရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကျင်းပ

**သထုံ ဇူလိုင် ၇**

မွန်ပြည်နယ် သထုံမြို့နယ် သရက်တောကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ဇူလိုင် ၇ ရက် နံနက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာဆရာမများ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများအား (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများကို ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပညာပေး ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးများနှင့် ဓာတ်ပုံများကို ဝေဝေဆာဆာ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စား စွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

---

# စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများရှင်းလင်း

**လွိုင်လင် ဇူလိုင် ၇**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့်စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများရှင်းလင်းခြင်းနှင့် နည်းပညာပေးအခမ်းအနားကို ဇူလိုင် ၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေက စိုက်ပျိုးရေးဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဒုတိယ ဥပဒေအရာရှိ ဦးရဲမင်းထွဋ်က မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေနှင့်မျိုးစေ့ဥပဒေ တို့၏ ဥပဒေပုဒ်မ၊ တားမြစ်ချက်၊ ပြစ်ဒဏ်တို့ကို ရှင်းလင်းပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်က မျိုးစေ့ဥပဒေများအကြောင်းကို လည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းလဲ့က ပိုးသတ်ဆေးဥပဒေများအကြောင်းကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးဇော်မော်ဦးက မြေသြဇာဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း ပညာပေးရှင်းလင်းပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

# အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးတွင် ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး စည်းဝေး



**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည့် အကြမ်းဖက်မှုများ ကြိုတင်ကာကွယ်ရေးတွင် ပြည်တွင်းရှိ အဖွဲ့အစည်းများ အချင်းချင်း ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်၏ ပထမအကြိမ် အစည်းအဝေးကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ **(ယာပုံ)** မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် မြင့်ထူးနှင့် ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုမှ အရာရှိများနှင့် UNODC မှ အရှေ့တောင် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အရာရှိ Ms. Thanawan Klumklochit နှင့် ကျွမ်းကျင်သူများ တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူးနှင့် UNODC မှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ပြီး UNODC ကိုယ်စားလှယ်နှင့် ကျွမ်းကျင်သူများက ယနေ့အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက် အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော ကွန်ဗင်းရှင်းများ၊ ဥပဒေမူဘောင်နှင့် UNODC ၏ အာရှပစိဖိတ်ဒေသအစီအစဉ်များ၊ ဒေသတွင်း နိုင်ငံခြားသား အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများနှင့် ဖြစ်စဉ်များ၊ ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ရယူရေးအတွက် အခြေခံလိုအပ်ချက်များနှင့် ဖိလစ်ပိုင်နိုင်ငံ၏ အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် လေ့ကျင့်ရေး မူဝါဒများကို ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးကို ဇူလိုင် ၈ ရက်အထိ သုံးရက် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုရဲ**

# ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း ၎င်း၏ခန့်အပ်လွှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် နယူးယောက်မြို့၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**(သတင်းစဉ်)**

# မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန်ကော့ဒ်အား မြန်မာနိုင်ငံဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန်ကော့ဒ်အား ခန့်အပ်ရန် ပနားမားအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်ပါသည်။

မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန်ကော့ဒ်သည် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပနားမားနိုင်ငံရှိ ဒိုဘရာဇီးဘဏ်၊ နိုင်ငံခြားကုန်သွယ်ရေးဌာန၌ လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဘဲလ်ဆောက်-မူဗီစတားတယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ၌ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပနားမား မိုဘိုင်း၏ လုပ်ငန်းရှင်နှင့် ကလာရို ပနားမားအက်စ်အေ၏ ဖြန့်ချိရေးအထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ဗီယက်နမ်နိုင်ငံဆိုင်ရာ ပနားမားသံအမတ်ကြီးနှင့် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန်ကော့ဒ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ရုံးစိုက်နေထိုင်၍ ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်ပါသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် အလှမောင်မယ်များရွေးချယ်




**ရန်ကုန် ဇူလိုင် ၇**

ပြည်ပနိုင်ငံများတွင် အလှမောင်မယ်များအဖြစ် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အလှမောင်မယ်များကို Myanmar's Pageant Society(MPS) အဖွဲ့ကြီးမှ စတင်မွေးထုတ်ပေးလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့ အလှမောင်မယ်ရွေးချယ်ရေးအဖွဲ့က မကြာမီ ပြည်ပနိုင်ငံတွေမှာ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မယ့် အလှမောင်မယ်ပြိုင်ပွဲများအတွက် အလှမောင်မယ် သုံးဦးကို ရွေးချယ်ပေးလိုက်ပြီ ဖြစ်ပါတယ်"ဟု ယနေ့မွန်းလွဲပိုင်းက အောကစ်ဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် MPS မှ Nitional ဒါရိုက်တာ ကိုကောင်းဟိန်းနိုင်က ပြောသည်။ Mr. Teen International Myanmar 2016 ဆုကို မျိုးမင်းသူ ကိုလည်းကောင်း၊ Man of The Year Myanmar 2016 ဆုကို ထူးအံ့လွင် ကိုလည်းကောင်း တာဝန်ရှိသူများက စလွယ်များပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အတူ Miss Teen International Myanmar 2016 ဆုကို မေဝသုန်ဆွေသက်အား စလွယ်ပေးအပ်ချီးမြှင့်ခဲ့သည်။ "ကျွန်မအနေနဲ့ အခုလို ရွေးချယ်ခံရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု Miss Teen International Myanmar 2016 ဆုရ မေဝသုန်ဆွေသက်က ပြောသည်။

မြန်မာအလှမောင် မျိုးမင်းသူနှင့် မြန်မာအလှမယ် မေဝသုန်ဆွေသက်တို့သည် ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည့် Mr. International နှင့် Miss International ပြိုင်ပွဲများအတွက် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့အတူ မြန်မာအလှမောင် ထူးအံ့လွင်သည် ဩဂုတ် ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Man of The Year ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအလှမောင်မယ်များကို MPS အနေဖြင့် ပြိုင်ပွဲမတိုင်မီကာလအတွင်း အကောင်းဆုံး ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပေါက်တောမြို့နယ်၌ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်ထိုးနှံ

**ပေါက်တော ဇူလိုင် ၇**

ကျန်းမာရေးဦးစီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်ထည့်သွင်းထိုးနှံခြင်းကို ဇူလိုင် ၇ ရက်က စစ်တွေခရိုင် ပေါက်တောမြို့ရပ်ကွက်နှင့် ကျေးရွာများ၌ ဆက်တိုက်ဆေးထိုးပေးခဲ့သည်။

အဆိုပါပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး(PCV)ကို နှစ်လသားအရွယ်မှစတင်ကာ နှစ်လတစ်ကြိမ် ထိုးနှံပေးမည်ဖြစ်သည်။ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သိမ့်သိမ့်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီပေးကြကြောင်း သိရသည်။

**အေးလွင်(ပြန်/ဆက်)**

# ပြည်ထောင်စုရိပ်သာ ဆောက်လုပ်ပြီးစီးသဖြင့် ဒေသခံများအလွန်ဝမ်းမြောက်

**ကျီခါး ဇူလိုင် ၇**

ချင်းပြည်နယ်၏ ဝေးလံဒေသတစ်ခုလည်းဖြစ်၊ လမ်းပန်းဆက်သွယ်ရေးတွင်လည်း အလွန်ခက်ခဲသည့် တွန်းဇံမြို့နယ် ကျီခါးမြို့ပေါ်တွင် ပြည်ထောင်စုရိပ်သာကို လမ်းဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်ရှိ ကျီခါးမြို့သည် လူနေအိမ်ခြေအလွန်နည်းပါးပြီး ဌာနဆိုင်ရာ အဆောက်အအုံကောင်းများလည်းမရှိသည့်အတွက် အရေးကြီးပုဂ္ဂိုလ် ခရီးစဉ်များ၌ တည်းခိုရန်နေရာချထားရေးတွင် လွန်စွာအခက်အခဲတွေ့ရကြောင်း၊ ယခုအခါ အခက်အခဲများ ကင်းဝေးတော့မည်ဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**



# ပြည်သူများကြား ဗုံးလန့်မှုသတင်းဖြစ်ပေါ်ခဲ့မှုကြောင့် ဂိမ်းကစားသူကို ရဲတပ်ဖွဲ့က ဖော်ထုတ်အရေးယူ

**ရန်ကုန် ဇူလိုင် ၇**

ဇူလိုင် ၃ ရက်က ဂျန်းရှင်းစင်တာ တစ်ခုနှင့် ပလာဇာတစ်ခုအား ဗုံးဖောက်ခွဲမည်ဟူသော မက်ဆေ့ချ်ရရှိသည့် ပြည်သူတစ်ဦးက တိုင်းရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ရာ တိုင်းရဲတပ်ဖွဲ့မှ လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်၍ ရန်ကုန်မြို့နေပြည်သူများ စိုးရိမ်မှုမရှိစေရန် စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ ဂိမ်းကစားသည့် လူငယ်များအဖွဲ့မှ အချင်းချင်း ဂိမ်းကစားရာတွင် မက်ဆေ့ချ်ပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့သည့်အတွက် အများပြည်သူ အထိတ်တလန့်မဖြစ်စေရန် ဆောင်ရွက်နိုင်ခဲ့ပြီး မက်ဆေ့ချ် မှားယွင်းပို့ဆောင်ခဲ့သောသူကိုလည်း ဆက်သွယ်ရေးဥပဒေအရ တိုင်းရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ထားကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ဇူလိုင် ၃ ရက်မှာ မင်းခန့်မောင်မောင်က သူငယ်ချင်းကို AK-47 အလက် ၈၀၊ C-4 ဗုံး ၂၀ ရပြီ၊ ၁၀ ရက် ၇ လ ၂၀၁၆ ရက် ၂ နာရီ ၄၂ မိနစ်မှာ ဂျန်းရှင်းစကွဲယား ကားပါကင်မှာ သုံးလုံး၊ မြန်မာပလာဇာမှာ လေးလုံး၊ (၂၀း၁၀)နာရီနေ့တွင် အောင်မြင်လျှင် ငွေလာထုတ်ပါ၊ ယာကူဇီ ဆိုပြီး



မက်ဆေ့ချ်ပို့လိုက်တဲ့အခါမှာ နောက်ဆုံးနံပါတ်တစ်လုံး မှားပြီးပို့လိုက်တဲ့အတွက် ဖုန်းမှားဝင်လာတဲ့ပြည်သူက တိုင်းရဲတပ်ဖွဲ့ကို အကြောင်းကြားခဲ့တယ်။ အဲ့ဒီညမှာပဲ ကောလာဟလဖြစ်နေတဲ့အတွက် ရဲတပ်ဖွဲ့ကလည်း နှစ်နေရာကို လုံခြုံရေးနဲ့ စောင့်ကြည့်ခဲ့တယ်။ နောက်နေ့မှာ စုံစမ်းဖော်ထုတ်တော့ မင်းခန့်မောင်မောင်က သူ့ရဲ့ သူငယ်ချင်းတွေဆီ COC ဂိမ်းကစားဖို့ မက်ဆေ့ချ်ပို့တယ်ဆိုတာ သိရတယ်။ ပြည်သူတွေကလည်း တိုင်းကို လှမ်းမေးကြတယ်။ ဇူလိုင် ၅ ရက်မှာ ခေါ်ယူစစ်ဆေးပြီးတော့ ဇူလိုင် ၆ ရက်က ဗိုလ်တထောင်စခန်းမှာ အမှုဖွင့်ပြီး ဆက်သွယ်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်ထားပါပြီ" ဟု တိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲမှူးလှဝေက ပြောသည်။ **(အပေါ်ပုံ)**

**(၁၆၄)**

# အကိုက်အခဲပျောက်ဆေးနှင့် အစာအိမ်အူလမ်းကြောင်းအန္တရာယ်

## ပါမောက္ခ ဒေါက်တာသိန်းမြင့်(YGH-GI)

**စတီးရွိုက်မဟုတ်သောအကိုက်အခဲပျောက်ဆေး ( Non Steroidal Anti-inflammatoryDrug - NSAID) တွေဟာ ယနေ့ ကမ္ဘာတစ်ဝန်းလုံးမှာ အသုံးအများဆုံးဆေးများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်တို့လို နိုင်ငံမျိုးတွေမှာတောင် စုစုပေါင်းလူဦးရေရဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ လူ ၁၃ သန်းကျော်ဟာ အကိုက်အခဲပျောက်ဆေးတစ်မျိုးမျိုးကို သောက်သုံးနေရပြီး လူတစ်သောင်းမှ နှစ်သောင်းခန့်အထိ အကိုက်အခဲပျောက်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် နှစ်စဉ်သေဆုံးလျက်ရှိတာကိုတွေ့ရပါတယ်။ ဒါ့ကြောင့် အကိုက်အခဲပျောက်ဆေးတွေရဲ့နောက်ဆက်တွဲအန္တရာယ်တွေကို ပြည်သူလူထုအနေနဲ့ ပိုမိုသတိထားမိစေရန်ရည်ရွယ်ပြီး ဖော်ပြပေးလိုက်ပါတယ်။**

**NSAID အကိုက်အခဲပျောက်ဆေးတွေရဲ့သမိုင်းကြောင်း**

NSAID အကိုက်အခဲပျောက်ဆေးများကို ရှေးခေတ် ၁၉ ရာစုမှ ဂရိဆေးပညာရှင် Hippocrates မှ Willow Bark ဟုခေါ်သော မိုးမခပင်ရဲ့အခေါက်ကို အသုံးပြုပြီး ဖော်စပ်ခဲ့ပါတယ်။ ဖျားနာနေသောသူများတွင် စတင်အသုံးပြုခဲ့ပြီးနောက်ပိုင်းမှာ ဓာတုပညာရှင်များက အဆင့်ဆင့်ခေတ်ခွဲသန့်စင်ပြီးစမ်းသပ်အသုံးပြုလာခဲ့ကြပါတယ်။ ၁၈၉၇ ခုနှစ်မှာ Bayer ဆေးကုမ္ပဏီမှ Salicylic acid ကို Acetylsalicylic acid အဖြစ် အသွင်ပြောင်းလိုက်ပြီး Aspirin ဆိုတဲ့နာမည်ပေးကာ စတင်ထုတ်လုပ်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်ကစတင်ပြီး NSAID တွေကိုပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြပါတယ်။ ၂၀၀၁ ခုနှစ်မှာဆိုရင် အမေရိကန်နိုင်ငံမှာ NSAID နှစ်စဉ် ဘီလီယံ ၃၀ ခန့်ထိရောင်းချရသည်အထိ တွင်ကျယ်လာခဲ့ပါတယ်။

**NSAID အကိုက်အခဲပျောက်ဆေးအုပ်စုများ**

NSAID လို့ခေါ်တဲ့ အကိုက်အခဲပျောက်ဆေးတွေကို ယေဘုယျအားဖြင့် အုပ်စုနှစ်စုခွဲခြားနိုင်ပါတယ်။


ပထမအုပ်စုကတော့ ရှေးယခင်က စတင်ထွက်ပေါ်ခဲ့သောအကိုက်အခဲပျောက်ဆေးများ (Traditional NSAID eg; Naproxen, Ibuprofen, Diclofenac) ဖြစ်ပြီး ဒုတိယအုစ်စုကတော့ ယခုနောက်ပိုင်းမှ ပေါ်ထွက်လာသော အကိုက်အခဲပျောက်ဆေးများ ( Selecive COX-2 inhibitors eg; Celecoxib, Rofecoxib) တို့ပဲ ဖြစ်ပါတယ်။

**NSAID အကိုက်အခဲပျောက်ဆေးမှရရှိသော ကောင်းကျိုးများ**

NSAID အကိုက်အခဲပျောက်ဆေးတွေက ရရှိတဲ့ ကောင်းကျိုးတွေကတော့ နာကျင်ကိုက်ခဲခြင်းအမျိုးမျိုးကို သက်သာစေနိုင်ပါတယ်။ ဥပမာ- ဒူးနာခြင်း၊ ခါးနာခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း၊ ခွဲစိတ်ပြီးနာကျင်ကိုက်ခဲခြင်း၊ ဓမ္မတာလာစဉ်ကိုက်ခဲခြင်း စသည်တို့ကို သက်သာစေနိုင်ပါတယ်။ ဒါ့အပြင်NSAID အကိုက်အခဲပျောက်ဆေးတွေဟာအဖျားကျစေခြင်း၊ အရောင်ကျစေခြင်းစတဲ့ ကောင်းကျိုးတွေကိုလည်းရရှိစေပါတယ်။ ဥပမာ-အမျိုးမျိုးသော အကြောရောင်၊ အဆစ်အမျက်ရောင်ရောဂါများ၊ အရိုးရောဂါအမျိုးမျိုး၊ ကြွက်သားရောဂါအမျိုးမျိုးတို့ကို သက်သာစေနိုင်ပါတယ်။ တချို့ NSAIDအကိုက်အခဲပျောက်ဆေးတွေဆိုရင် သွေးကျဲစေတဲ့အာနိသင်ရှိတဲ့အတွက်ကြောင့် နှလုံးနှင့်ပတ်သက်သောရောဂါများ၊ လေဖြတ်ရောဂါကို ကာကွယ်ရန်နှင့် အူမကြီးကင်ဆာကာကွယ်ရန် တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီဖြစ်ပါတယ်။

**NSAID အကိုက်အခဲပျောက်ဆေးမှရရှိသောဆိုးကျိုးများ**

NSAID အကိုက်အခဲပျောက်ဆေးတွေဟာ အထက်ဖော်ပြပါကောင်းကျိုးတွေသာမက ဆိုးကျိုးတွေကိုလည်း ရရှိစေနိုင်ပါတယ်။



NSAID အကိုက်အခဲပျောက်ဆေးမှရရှိနိုင်တဲ့ ဆိုးကျိုးတွေကတော့ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါတွေဖြစ်တဲ့ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်း၊ အစာအိမ်နှင့် အူသိမ်ပေါက်ခြင်း၊ အူမကြီးအနာဖြစ်ခြင်း ပေါက်ခြင်း၊ အစာရေမျိုပြွန်ရောင်ခြင်းတို့ကို ဖြစ်စေပါတယ်။ ဒါ့အပြင် ကျောက်ကပ်မှသွေးရရှိမှုနည်းပြီး ကျောက်ကပ်ပျက်စီးခြင်း၊ ဦးနှောက်သွေးယိုစီးမှုဖြစ်စေခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တွေမှာ မိခင်သာမကသန္ဓေသားနှင့် ကလေးငယ်ကိုပါ အန္တရာယ်ဖြစ်စေခြင်း၊ တချို့သောသူတွေမှာ ခေတ်မတည့်တဲ့ လက္ခဏာတွေခံစားရခြင်းနဲ့ တခြားသောဆိုးကျိုးများစွာကိုလည်း ရရှိစေနိုင်ပါတယ်။

NSAID အကိုက်အခဲပျောက်ဆေးမှရရှိသောဆိုးကျိုးများကိုပိုမိုခံစားရနိုင်သောသူများမှာ အသက်အရွယ်ကြီးသူများ ( အသက် ၆၀ ကျော်)၊ အရင်ကအစာအိမ်ရောဂါဖြစ်ဖူးသူများ၊ အစာအိမ်သွေးကြောပေါက်ဖူးသူများ၊ အကိုက်အခဲပျောက်ဆေးအလွန်အကျွံသုံးစွဲသူများ၊ အကိုက်အခဲပျောက်ဆေးတစ်မျိုးထက်ပိုပြီးသုံးစွဲသူများ၊ သွေးကျဲဆေး၊ စတီးရွိုက်ဆေးများနှင့် NSAID အကိုက်အခဲပျောက်ဆေးကို တွဲသောက်နေရသူများ၊ အစာအိမ်ရောဂါပိုးရှိသူများ၊ နှလုံးရောဂါအခံရှိသူများ၊ ပြင်းထန်သော အရိုးလေးဖက်နာရောဂါရှိသူများဖြစ်ကြပါတယ်။ ဒါ့ကြောင့် အထက်ပါရောဂါရှိသူများနဲ့ အသက်အရွယ်ကြီးသူတွေမှာ NSAIDအကိုက်အခဲပျောက်ဆေးကို ဆရာဝန်ရဲ့ညွှန်ကြားချက်မပါဘဲ မိမိဘာသာ အလွယ်တကူ မသောက်သုံးသင့်ပါဘူး။

**ဘေးထွက်ဆိုးကျိုးများကို ကာကွယ်ခြင်း**

အထက်ပါဆိုးကျိုးတွေကိုကာကွယ်နိုင်ဖို့အတွက် လူနာများအနေနဲ့ NSAID အကိုက်အခဲပျောက်ဆေးများကို မိမိသဘောဖြင့် နီးစပ်ရာဆေးဆိုင်တွေမှ ဝယ်ယူပြီးမသောက်သင့်ပါ။ လတ်တလော ငွေကုန်ကြေးကျသက်သာနိုင်ပေမယ့် ရေရှည်မှာ ဆိုးကျိုးတွေခံစားရနိုင်ပါတယ်။ အကိုက်အခဲပျောက်ဆေးများကို ဆရာဝန်ရဲ့ညွှန်ကြားချက်နှင့်သာ သောက်သုံးရပါမယ်။ မလိုအပ်ဘဲသောက်သုံးခြင်း၊ အကိုက်အခဲပျောက်ဆေးတစ်မျိုးထက်ပိုပြီး သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ပြီး ဆရာဝန်၏ညွှန်ကြားချက်ဖြင့် လိုအပ်သော အနည်းဆုံးပမာဏကိုသာ သောက်သုံးသင့်ပြီးအချိန်တိုတိုနဲ့ ဆေးကိုရပ်သင့်ပါတယ်။ သက်ကြီးရွယ်အိုတွေမှာ အကိုက်အခဲပျောက်ဆေးအသုံးပြုတဲ့အခါ အထူးဂရုစိုက်သင့်ပါတယ်။ အစာအိမ်သွေးယိုစီးမှုလက္ခဏာတွေဖြစ်တဲ့ ကော်ဖီရောင်အန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ ရုတ်တရက်သွေးပေါင်ကျခြင်းစတဲ့ လက္ခဏာတွေ ပေါ်ပေါက်လာရင် အကိုက်အခဲပျောက်ဆေးကိုချက်ချင်းရပ်ပြီး နီးစပ်ရာဆေးရုံတွေမှာ အမြန်ဆုံးကုသမှုခံယူသင့်ပါတယ်။ အရေးကြီးဆုံးကတော့စပ်ဆေးတွေ အထူးသဖြင့် စတီးရွိုက်တွေပါဝင်တဲ့ ဆေးတွေနဲ့ တွဲသောက်တာကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။

စပ်ဆေးတွေမှာများသောအားဖြင့် အကိုက်အခဲပျောက်ဆေးတွေနဲ့ စတီးရွိုက်ပါဝင်တဲ့ဆေးတွေ ပါဝင်တဲ့အတွက်ကြောင့် ဘေးထွက်ဆိုးကျိုးများပြီး အလွန်အန္တရာယ်ရှိပါတယ်။

**ဖြစ်ပွားပါကကုသခြင်း**

NSAID အကိုက်အခဲပျောက်ဆေးတွေဟာ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်စေတဲ့အတွက်ကြောင့် အစာအိမ်သွေးယိုစိမ့်မှုလက္ခဏာတွေဖြစ်တဲ့ ကော်ဖီရောင်အန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ ရုတ်တရက်သွေးပေါင်ကျခြင်းတို့ဖြစ်ပွားပါက အကိုက်အခဲပျောက်ဆေးကို ချက်ချင်းရပ်ပြီး နီးစပ်ရာဆေးရုံတွေမှာ အမြန်ဆုံးကုသမှုခံယူသင့်ပါတယ်။

အစာစားပြီးမှ အကိုက်အခဲပျောက်ဆေးသောက်ခြင်း၊ အစာကြေဆေး (Antacid; eg.Sodamint)များ သောက်ခြင်းဟာ အကိုက်အခဲပျောက်ဆေးကြောင့်ဖြစ်တဲ့ ဆိုးကျိုးတွေကို မကာကွယ်မကုသနိုင်ပါဘူး။ အစာအိမ် အက်ဆစ်ထိန်းပေးသောဆေးများဖြစ်ကြတဲ့ Proton pump inhibitors (omeprazole, pantoprazole, lansoprazole, rabeprazole, esomeprazole), H2 receptor blockers (Cimetidine, Ranitidine, Famotidine)နဲ့ Prostagladin Inhibitors (Misoprastol)တို့ကသာ အကိုက်အခဲပျောက်ဆေးကြောင့်ဖြစ်တဲ့ အစာအိမ်ဘေးထွက်ဆိုးကျိုးတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

အထက်ပါဆေးတွေဖြစ်ကြတဲ့ အစာအိမ်အက်ဆစ်ထိန်းပေးတဲ့ဆေးတွေဟာ အူသိမ်လမ်းကြောင်းနှင့် အူမကြီးလမ်းကြောင်းထိခိုက်မှုတွေကို ကာကွယ်ကုသနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် အကိုက်အခဲပျောက်ဆေးကြောင့်ဖြစ်တဲ့ အူသိမ်အူမကြီး ဘေးထွက်ဆိုးကျိုးတွေကို တတ်ကျွမ်းနားလည်သောဆရာဝန်များနှင့် သီးသန့်တိုင်ပင်ဆွေးနွေးကုသဖို့ လိုအပ်ပါတယ်။

**မှတ်သားထားသင့်သောအချက်များ**

NSAID အကိုက်အခဲပျောက်ဆေး ရေရှည်သောက်ဖို့လိုသူတွေဟာ အစာအိမ်ရောဂါရှိ မရှိ၊ အစာအိမ်ပိုးရှိ မရှိ အရင်စစ်ဆေးသင့်ပါတယ်။

နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါရှိသူတွေဟာ ဆရာဝန်နှင့်သေချာတိုင်ပင်ဆွေးနွေးပြီးမှသာ အကိုက်အခဲပျောက်ဆေးတွေကို သောက်သုံးသင့်ပါတယ်။ စတီးရွိုက်ဆေးများ၊ သွေးကျဲဆေးများနှင့် အကိုက်အခဲပျောက်ဆေးတွဲသောက်နေရတဲ့သူတွေဟာ ဆေးပမာဏကိုထိန်းညှိရန် ဆရာဝန်ကို အထူးသတိပေးဖို့လိုအပ်ပါတယ်။

သာမန်နာကျင်ကိုက်ခဲမှုများကို အကိုက်အခဲပျောက်ဆေးများမသောက်ဘဲဆေးလိမ်းခြင်း၊ အပူပေးခြင်း၊ အနီအောက်ရောင်ခြည်ပေးခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ ပါရာစီတမောလ်သောက်ခြင်းနှင့် အခြားနည်းလမ်းများဖြင့်လည်းသက်သာစေနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ သာမန်ကိုက်ခဲမှုဝေဒနာခံစားရရင် စပ်ဆေးများဝယ်သောက်ခြင်း၊ မိမိပတ်ဝန်းကျင်မှာရှိတဲ့ သူငယ်ချင်း၊ မိတ်ဆွေ၊ အိမ်နီးနားချင်းတို့က နှုတ်ဖြင့်ညွှန်ကြားတဲ့ဆေးဝါးတွေကို အလွယ်တကူဝယ်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရပါမယ်။ NSAID အကိုက်အခဲသောက်ဆေးများသာမက မည်သည့်သောက်ဆေး၊ ထိုးဆေး၊ စအိုထည့်ဆေးများအားလုံးဟာလည်းအစာအိမ်နဲ့ အူလမ်းကြောင်းဆိုးကျိုးတွေရရှိနိုင်တဲ့အပြင် အသည်းကိုလည်း အဆိပ်အတောက်ဖြစ်စေပါတယ်။ ဒါကြောင့် NSAID အကိုက်အခဲပျောက်ဆေးများရဲ့ ကောင်းကျိုး၊ ဆိုးကျိုး၊ ကာကွယ်နိုင်တဲ့နည်းလမ်းတွေကို သေချာနားလည်သဘောပေါက်ပြီး နာကျင်ကိုက်ခဲခြင်းဝေဒနာများ ပျောက်ကင်းသက်သာနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

**မလိုအပ်ဘဲသောက်သုံးခြင်း၊ အကိုက်အခဲပျောက်ဆေးတစ်မျိုးထက်ပိုပြီး သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ပြီး ဆရာဝန်၏ညွှန်ကြားချက်ဖြင့် လိုအပ်သော အနည်းဆုံးပမာဏကိုသာ သောက်သုံးသင့်ပြီးအချိန်တိုတိုနဲ့ ဆေးကိုရပ်သင့်ပါတယ်**

# စာရေးဆရာကြီး မြသန်းတင့်ဂုဏ်ပြု စာကြည့်တိုက်ဖွင့်

**မြိုင် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့လယ်ပန်းခြံအနီးတွင် စာရေးဆရာကြီးမြသန်းတင့်အား ဂုဏ်ပြုရန်နှင့် ဆရာ၏ စာပေကျေးဇူးဆပ်ရန်ရည်ရွယ်ချက်ဖြင့် မြသန်းတင့်စာကြည့်တိုက်ကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

မြသန်းတင့်စာကြည့်တိုက် အဆောက်အအုံကိုစာပေစေတနာရှင်များ စုပေါင်းအား ဖြင့် အရှည် ၅၆ ပေ၊ အနံ ၁၆ ပေရှိ မြေစိုက်အဆောက်အအုံအတွင်း စာအုပ်မျိုးစုံ ၁၅၀၀ ကျော်နှင့် ၂၀၁၄ ခုနှစ်မှစ၍စာဖတ်ခန်းကို စတင်ဖွင့်လှစ်ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၃၀ ထောက်ပံ့မှုဖြင့် စာကြည့်တိုက်ကိုမတည်ဖွင့်လှစ်ခဲ့သည်။




အဆိုပါစာကြည့်တိုက်ဖွင့်ပွဲကို စာပေချစ်မြတ်နိုးသူများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေနှင့် စာပေဝါသနာရှင်စာရေးဆရာများ၊ ပခုက္ကူ၊ ရေစကြိုမြို့တို့မှ ကဗျာဆရာများ တက်ရောက်ကြပြီး စာကြည့်အသင်းဥက္ကဋ္ဌ ကိုရွှေလေး(မြိုင်)က "မြိုင်မြို့ဇာတိဖွား စာရေးဆရာကြီး မြသန်းတင့်အားဂုဏ်ပြုရန်နှင့် ဆရာ၏ စာပေကျေးဇူးဆပ်ရန် ရည်ရွယ်ချက်ဖြင့် စာကြည့်တိုက်ကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**စိန်မြိုင်(မြိုင်)**

# သဒ္ဓမ္မပါလ စစ်ကိုင်းတောင်ရိုးဆွမ်းလောင်းအသင်း ခုနစ်နှစ်ပြည့် အခမ်းအနားနှင့် ဆွမ်းလောင်းလှူပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၇**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး လပြည့်ဝန်းလမ်းရှိ သဒ္ဓမ္မပါလကျောင်းတိုက်၌ နေ့စဉ် အရပ်လေးမျက်နှာမှ ဆွမ်းခံကြွလာကြသော သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းကပ်လှူ၍ နေ့ဆွမ်းအတွက် လောင်းလှူလျက်ရှိသော သဒ္ဓမ္မပါလ စစ်ကိုင်းတောင်ရိုးဆွမ်းလောင်းအသင်းကြီး၏ ခုနစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားပွဲတော်ကြီးကို ဇူလိုင် ၉ ရက် နံနက် ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ စစ်ကိုင်းတောင်ရိုးရှိ သံဃာအပါး ၁၅၀၀ အား ဆွမ်းနှင့်ဗလာမပါစာရေးတံမဲများ၊ ဝတ္ထုငွေ၊ သင်္ကန်း၊ ထီး၊ ဖိနပ် စသည့် လှူဖွယ်ဝတ္ထုပစ္စည်းစုံလင်စွာဖြင့် လောင်းလှူကြမည်ဖြစ်ပြီး ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် သဒ္ဓမ္မပါလစစ်ကိုင်းတောင်ရိုး ဆွမ်းလောင်းအသင်းနာယက စစ်ကိုင်းမြို့ မြစကြာကျောင်းတိုက်ဆရာတော် အရှင်ဣန္ဒကာဘိဝံသက ဆွမ်းလောင်းအသင်း ခုနစ်နှစ်ပြည့် အနုမောဒနာရေစက်ချတရားဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ဖြေလျှော့မှုများ လုပ်ဆောင်ပေးနေ

**မန္တလေး ဇူလိုင် ၇**

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ မြန်ဆန်လွယ်ကူသက်သာစွာ ခရီးသွားလာနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏လုပ်ထုံးလုပ်နည်းများအား ယခင်ကထက်ဖြေလျှော့ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နိုင်ငံတွင်းသို့ နယ်စပ်ဝင်ပေါက်များအပါအဝင် International Gate Way မှ တစ်နေ့ထက်တစ်နေ့တိုးတက်များပြားစွာ ဝင်ရောက်လာသော နိုင်ငံခြားသားဧည့်သည်များ စိတ်ချမ်းမြေ့စေရေး၊ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးနှင့် ခရီးစဉ်ဈေးနှုန်းများ ဒေသတွင်းပေါက်ဈေးနှင့်အညီ သွားလာနိုင်ရန်အတွက်ဆွေးနွေးမှုများ လုပ်ဆောင်နေသည့်အပြင် ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများအား ယခင်ကထက်ဖြေလျှော့ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ထို့ပြင် ခရီးသွားဧည့်သည်များ၏ လုံခြုံရေးစနစ်တကျရှိစေရေးအတွက် မော်တော်ယာဉ်များ၊ ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့်ယာဉ်များအားလုံး လိုင်စင်ရှိ/မရှိ စစ်ဆေးကြပ်မတ်မှုများနှင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းများကို Online System ဖြင့် မြန်ဆန်ချောမွေ့စွာ စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့ စမ်းသပ်ဆောင်ရွက်နေစဉ်ကာလအတွင်း ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်နှင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များအား နေပြည်တော်ရုံးချုပ်သို့လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ လုပ်ငန်းလိုင်စင်လျှောက်လွှာကို ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ၏ E-mail လိပ်စာ hts.dht.moht@gmail.com သို့ပေးပို့လျှောက်ထားနိုင်ကြောင်းသိရသည်။

**အောင်ရဲသွင်**



## ပြည်တွင်းအားကစား

❒ *ကျောက်ဖုံးမှ*

ယင်းနေ့ နောက်ဆုံးရွှေခါးပတ်ချန်ပီယံလုပွဲတွင် ဝိတ်တန်းအလိုက် ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်း ခုနစ်ဆိုင်းပါဝင်ပြီး အထူးစိန်ခေါ်ပွဲများအဖြစ်ပြည်တွင်းတစ်ပွဲနှင့် ပြည်ပတစ်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပြည်တွင်းလေးချီအထူးစိန်ခေါ်ပွဲတွင် ဟံသာဝတီ(အဖြူရောင်သွေးသစ်)နှင့် ဆလိုင်း ချမ်းမြေ့ကို(ထွန်းသွင်) ကလပ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပြည်ပအထူးစိန်ခေါ်ပွဲအဖြစ် ဖျံသွေးနှင့် ဆူတာဝမ်တို့ ငါးချီအထူးစိန်ခေါ်ပွဲအဖြစ် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဖျံသွေးသည် ရိုးရာလက်ဝှေ့လောကသို့ ချင်းနင်းဝင်ရောက်လာသည်မှာ အချိန်အားဖြင့် ကြာမြင့်မှုမရှိသေးသော်လည်း ရိုးရာလက်ဝှေ့လောကတွင် မာဂုဏ်မြင့်ပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲတိုင်း အသည်းမာ၊ ဇွဲပါလှသဖြင့် ယခုကဲ့သို့ အချိန်တိုအတွင်း ဒုတိယတန်းလက်ဝှေ့ကျော်အဖြစ် လူသိများလာခြင်းဖြစ်သည်။ ဖျံသွေး၏ ငယ်နာမည်မှာ အောင်နိုင်ထူးဖြစ်ပြီး မွေးဖွားနေထိုင်ရာဇာတိမြေမှာ ကရင်ပြည်နယ် ဘားအံမြို့ဖြစ်ကာ ယခုလက်ရှိ ရွှေမိုးထိပ်ငြိမ်းချမ်းရေးရိုးရာလက်ဝှေ့ကလပ်တွင် လေ့ကျင့်ကစားနေသူဖြစ်သည်။ ၎င်းသည် အသက် ၂၀၊ အရပ်အမြင့် ငါးပေ ငါးလက်မ၊ ကိုယ်အလေးချိန် ၆၈ ကီလိုရှိပြီး လက်ဝယ်ပိုင်ဆိုင်ထားမှု ဆုတံဆိပ်များအနေဖြင့် ကရင်ပြည်နယ်အောင်လံနှစ်ဆု၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် သင်္ကြန်မြောက်ကျင်းပခဲ့သည့် ရွှေခါးပတ်ချန်ပီယံလုပွဲ ၇၁ ကီလိုတန်းတွင် ရွှေခါးပတ်ဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ၃၁ ပွဲတွင် နိုင်ပွဲ ၂၃ ပွဲနှင့် သရေခုနစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားကာ ယနေ့ချိန်အထိ ရှုံးပွဲမရှိ စံချိန်တင်သည့် မြန်မာ့ရိုးရာလက်ဝှေ့လောက၏ ဒုတိယတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

ဖျံသွေး(မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဆူတာဝမ်(ထိုင်း)သည် အသက် ၂၉ နှစ်၊ အရပ် ငါးပေ ခြောက်လက်မရှိကာ ယခုလက်ရှိယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ၉၅ ပွဲတွင် နိုင်ပွဲ ၆၅ ပွဲ၊ ရှုံးပွဲ ၂၇ ပွဲနှင့် သရေသုံးပွဲရလဒ်ပိုင်ဆိုင်ထားသည့် မွေထိုင်းလက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ ၎င်းသည်လည်း လက်သီးအသိမ်းအနုတ် သေသပ်ကာ ပါဝါပြင်းထန်အားပါလှသည့် တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်ပြီး အထူးသဖြင့် တံတောင်ရိုက်ချက်ကို ပြိုင်ဘက်တိုင်း သတိပြုကစားရသည့် မွေထိုင်းလက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။

"ကျွန်တော့်အနေနဲ့ အဲဒီနေ့ပွဲကို အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ အကောင်းဆုံးရလဒ် ပိုင်ဆိုင်နိုင်ဖို့လည်း ကြိုတင်ပြင်ဆင်ထားပါတယ်။ ရိုးရာလက်ဝှေ့ချစ် ပရိသတ်များကိုအဲဒီပွဲအတွက် အကောင်းဆုံးရလဒ်မျိုးပေးဆပ်မှာပါ"ဟု ဆူတာဝမ်(ထိုင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖျံသွေး(မြန်မာ)က ရင်ဖွင့်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံ နောက်ဆုံးဗိုလ်လုပွဲများနှင့် ပြည်ပအထူးစိန်ခေါ်ပွဲအတွက် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးလိုလျှင် ရုံဝင်လက်မှတ်များကို ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၂၅၀၀၀ နှင့် ရိုးရိုးတန်းငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကာ ကြိုတင်လက်မှတ်များ မှာယူလိုပါက ဇော်ပစ်တိုင်းထောင်ဗီဒီယို ဖုန်း-၀၉-၇၃၀၀၉၆၈၆ နှင့် ၀၉-၂၅၄၂၁၄၁၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍လည်းကောင်း၊ မွန်ပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်လည်းကောင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးကြီးနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မြန်မာ့အလင်း)

# ဇင်းမော်မြို့နယ်၌ ရေကြီးရေလျှံ၍ ကျေးရွာအတွင်း ရေနစ်မြုပ်မှုဖြစ်ပွား

**ဇင်းမော် ဇူလိုင် ၇**

ဇင်းမော်မြို့နယ်အတွင်း ဇူလိုင် ၆ ရက် နံနက် ၉နာရီက ဧရာဝတီမြစ်ရေတက်မှုကြောင့် ကောင်စင်ကျေးရွာအုပ်စုရှိ သပြေကုန်းကျေးရွာအတွင်း ရေများဝင်ရောက်ခဲ့သဖြင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် သပြေကုန်းကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၆၀ စု လူဦးရေ ၉၈၀ ခန့်ရှိသည့်အနက် ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၅၃ အိမ်မှ လူဦးရေ ၃၂၀ ဦးအား သပြေကုန်းကျေးရွာအနီးရှိ ရေဘေးလွတ်ရာ ကုန်းမြင့်နေရာများသို့ ရွှေ့ပြောင်းပေးကာ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် အလှူရှင်များက ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက ဆန်၊ကုလားပဲနှင့် ရေသန့်ဘူးများပေးအပ်လှူဒါန်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ စက်လှေပိုင်ရှင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုယ်ပွား(မြစ်ကြီးနား)**

❍ *ကျောက်ဖုံးမှ*

ရေကြီးနစ်မြုပ်ရာ ဒေသများသို့ သွားရောက်ပြီး ကူညီပံ့ပိုးလျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း ကားလမ်းများရှင်းလင်းခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ရွှေ့ပြောင်းပေးခြင်းနှင့် တင်ကျန်ခဲ့သောရွှံ့နွံများအား ရှင်းလင်းခြင်း လုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ထို့အပြင် တပ်မတော်လေမှ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရန်လွယ်ကူသော ဒေသများဖြစ်သည့် မင်းပြားမြို့နယ် မင်းဖူးကျေးရွာနှင့် ပြင်ယောင်ကျေးရွာသို့ သွားရောက်ကာ ထောက်ပံ့ပစ္စည်းများပေးအပ်လျက်ရှိပြီး ရာသီဥတုကောင်းမွန်လာပါက သွားလာရခက်ခဲသော ဒေသများသို့ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများဆက်တိုက်ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဇူလိုင် ၇ ရက် စာရင်းများအရ ရေကြီးမှုကြောင့် မင်းပြားမြို့နယ်၌ ကျေးရွာ ၁၉ ရွာ၊ ရပ်ကွက် ငါးခုမှ အိမ်ထောင်စု ၃၁၆၄ စု လူဦးရေ ၁၃၁၂၃ ဦး၊ ကျောက်တော်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာမှအိမ်ထောင်စု ၆၃၃ စု လူဦးရေ ၂၈၂၈ ဦး၊ မြောက်ဦးမြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ ရပ်ကွက် လေးခုမှ အိမ်ထောင်စု ၇၇၁ စု လူဦးရေ ၃၆၉၆ ဦး၊ အမ်းမြို့နယ်တွင် ကျေးရွာ ၁၆ရွာမှ အိမ်ထောင်စု ၁၂၆၇ စု လူဦးရေ ၄၆၅၉ ဦးအား ကုန်းမြင့်ပိုင်းနေရာများဖြစ်သည့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ နီးစပ်ရာဆွေမျိုးများထံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး ရေကျသည့်နေရာမှ မိသားစုဝင်တချို့ မိမိနေအိမ်၌ ပြန်လည်နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**မြတ်ဝေ**

● *ကျောက်ဖုံးမှ*

ယင်းပြိုင်ပွဲအတွက် ယခုနှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး နည်းပြသစ်နယ်သာလန်လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြဟောင်း ရော်ဂျာရိုင်နာမှာလည်း အသင်းကို ခြောက်လနီးပါး ပြင်ဆင်ခွင့်ရရှိထားသည်။ ရော်ဂျာရိုင်နာလက်ထက်တွင် မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲများ ဆက်တိုက်ကစားခဲ့ပြီး မေလမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခဲ့ပြီး ဂျပန်အမျိုးသမီးကလပ်များ၊ တက္ကသိုလ်အသင်းများနှင့် ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲသရေ သုံးပွဲရှုံးနိမ့်ခဲ့သည်။ ယင်းခရီးစဉ်အပြီးတွင် ဇွန်လဆန်းပိုင်းက တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သော်လည်း အာရှထိပ်သီးအသင်းတစ်သင်းနှင့် ကစားခဲ့ရသောကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် ပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းကစားသမားများတွင်ကစားသမားဘဝမှ အနားယူသွားပြီး ပြန်လည်ကစားနေသည့် စန်းစန်းမော်နှင့် မြဖူးငုံ(ဂိုး) တို့ ပြန်လည်ပါဝင်လာသောကြောင့် အသင်းအင်အား ပိုမိုတောင့်တင်းလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် သုံးကြိမ်မြောက်လက်ခံကျင်းပခြင်းဖြစ်ပြီး ချန်ပီယံဆုကို ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တို့တွင် နှစ်ကြိမ်ရယူထားသည်။ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ဖူးသည့် ထိုင်းအမျိုးသမီးအသင်းနှင့် ခြေစမ်းခွင့်ရရှိခဲ့သောကြောင့် အကျိုးရှိမည့် ခြေစမ်းပွဲဟု ဆိုရမည်ဖြစ်သည်။



မြန်မာအမျိုးသမီးအသင်း၌ ပြန်လည်ကစားမည့် စန်းစန်းမော်
ဓာတ်ပုံ - ဖိုးသော်ဇင်

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၇-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)ပါ ရှေ့ဖုံးသတင်းအညွှန်း ကော်လံ ၅ စာကြောင်းရေ ၄ ပါ တနလ်ာနေ့နှင့် ပြန်တမ်းဝင်ရုံးဖွင့်ရက်များတွင် ပိတ်ထားပြီး **(အစား)** တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပိတ်ထားပြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာရေးသူ**

**သဘာဝပတ်ဝန်းကျင်စိမ်းလန်းဖို့ သစ်တော သစ်ပင်စိုက်ကြစို့**

# ခေတ်နှင့်လျော်ညီသော နည်းပညာအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်



**နေပြည်တော် ဇူလိုင် ၇**

အခြေအနေအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ကလေးများ၊ ကျောင်းမှစောထွက်သူများ၊ စာမတတ်သူများ၊ ကျောင်းမနေဖူးသူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်ပေါ်လာအောင် စာတတ်မြောက်မှု၊ ပညာရေးနှင့် အသိပညာကျွမ်းကျင်မှုများ၊ လိုအပ်ချက်များ ပြည့်စုံနိုင်ရေး အားပေးမြှင့်တင်မှုများ ကူညီဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ကျောင်းပညာရေးမှအပ ပညာစတင်သင်ယူနိုင်သော အရွယ်မှစတင်၍ ဘဝသက်တမ်းတစ်လျှောက်လုံး သင်ယူသူများအတွက် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်များကို ဖြည့်ဆည်းပေးမည့် Alternative Education အစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာတွင် ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက် လက်၍ ပြည်ထောင်စု ဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် ကျောင်း တက်ရောက်နိုင်ခြင်းမရှိသူများ၊ ပညာ မပြီးဆုံးမီ ကျောင်းထွက်သွားရသူများ အားလုံးအတွက် ပညာသင်ကြားနိုင်ခွင့် ဖန်တီးပေးမည့် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့လိုကြောင်း၊ ထို့ကြောင့် ယခုအစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ် တစ်ခုအဖြစ် Department of Alternative Education ဦးစီးဌာနထူထောင်ပြီး ကျောင်းပြင်ပပညာရေးလုပ်ငန်းများ၊ တစ်သက်တာသင်ယူမှုလုပ်ငန်းများ၊ လူတိုင်း အကျုံးဝင်ပညာရေးလုပ်ငန်းများကို အရည်အသွေးမြင့်ပညာရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် အလေးပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ Alternative Education သည် အမျိုးသားပညာရေးစနစ်တွင် ပါရှိသော ကျောင်းပညာရေးအပြင် အခြားပညာရေး အမျိုးအစား နှစ်မျိုးဖြစ်သော ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးတို့ နှစ်ခုစလုံးတွင် အကျုံးဝင်သည့် ပညာရေးဖြစ်ကြောင်း၊ Alternative Education ဖြင့် သက်ကြီး စာတတ်မြောက်ရေး အစီအစဉ်၊ စာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ စဉ်ဆက်ပညာရေးအစီအစဉ်၊ ဝင်ငွေတိုးပွားရေးနှင့် သက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပရောက် ကလေးများအတွက် ပညာရေးအစီအစဉ်၊ တန်းညှိပညာရေးအစီအစဉ်၊ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး၊ အမျိုးသမီးများအတွက် ပညာရေးအစီအစဉ်၊ လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်၊ ခေတ်နှင့်လျော်ညီသော နည်းပညာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Alternative Education အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်ကြီးများက ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးအကြံပြု ဆွေးနွေးကြစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ ပညာရေးအခြေအနေ၊ မြန်မာနိုင်ငံရှိဆောင်ရွက်လျက်ရှိသော အထူးပညာရေးကျောင်းများနှင့် အရေးပေါ်ပညာရေးအခြေအနေ၊ မြန်မာနိုင်ငံတွင် တစ်သက်တာပညာရေးဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်ရေးတို့ကို စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဘိုခရိုင် ဆည်ရေသောက်ဧရိယာများအတွင်း စီးပွားဖြစ်ငါးမွေးကန်များ ရေဖိုးအခွန် ၆ ဒသမ ၃၁၉ ဘီလီယံကျပ် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်နေသေး

**မုံရွာ ဇူလိုင် ၇**

ဆည်ရေသောက်ဧရိယာများအတွင်းရှိ စီးပွားဖြစ် ဆည်ရေအသုံးပြု ငါးမွေးကန်များအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များနှင့်အညီ ၂၀၀၈ ခုနှစ်မှစ၍ ငါးကန်ရေခွန်ကောက်ခံဆောင်ရွက်ခဲ့သော်လည်း ရွှေဘိုခရိုင် ငါးမွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် သုံးစွဲထားသော ရေဖိုးအခွန်အား နိုင်ငံတော်သို့ပေးသွင်းရန် ၆ ဒသမ ၃၁၉ ဘီလီယံ ကျန်ရှိနေသေးကြောင်း သိရသည်။

“ငါးကန်ရေခွန် ကောက်လို့ရတဲ့ ငွေတွေကို ဌာနက နိုင်ငံတော်ရငွေစာရင်းမှာ ပေးသွင်းဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ငါးမွေးမြူတဲ့ လုပ်ငန်းရှင်တွေက မိမိတို့သုံးစွဲထားတဲ့ ရေဖိုးရေခွန်ပေးဆောင်တာ အားနည်းလွန်းအားကြီးနေတာကို စိစစ်တွေ့ရပါတယ်။ အဲဒါကြောင့် ဆည်ရေသုံးနေတဲ့ ငါးမွေးကန်တွေကို သတ်မှတ်ထားတဲ့ တစ်ဧက ငွေကျပ် ၂၀၀၀၀ နဲ့ ရေခွန်ကောက်ခံသွားဖို့ ရွှေဘို၊ ဝက်လက်၊ ကာဘိုး၊ ကန့်ဘလူ၊ ခင်ဦးမှ ဆည်မြောင်းဦးစီးအရာရှိတွေကို ဇွန် ၉ ရက်က အကြောင်းကြားထားပါတယ်” ဟု ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များအတွင်း ရေခွန်ကောက်ခံရာတွင် ၂၀၀၆-၂၀၀၇ နွေသီးနှံမှ ၂၀၁၄-၂၀၁၅ နွေသီးနှံအထိ ကောက်ခံရန်ကျန်နေသော ငွေပေါင်းမှာ ၆ ဒသမ ၃၁၉ ဘီလီယံရှိကြောင်း သိရသည်။

အဆိုပါ ငါးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကောက်ခံရန် လျာထားချက်မှာ ငွေကျပ် သိန်း ၈၈၃ ဒသမ ၀၀ ရှိရာ ၂၀၁၆ ခုနှစ် မေ ၁၁ ရက်ထိ ကောက်ခံရရှိငွေမှာ ငွေကျပ် ၁ ဒသမ ၄၇ သိန်းရှိပြီး ကောက်ရန်ကျန်သည်မှာ ငွေကျပ် ၈၈၁ ဒသမ ၅၃ သိန်းဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

ရွှေဘိုခရိုင်ရှိ ငါးကန်တစ်ဧက၏ ရှစ်လမှ ၁၀ လကြာကာလအတွင်း ငါးမွေးမြူ၍ရရှိသော အသားတင်အမြတ်ငွေမှာ ငွေကျပ် ၁၈ သိန်းရှိသော်လည်း ရေခွန်ငွေကျပ် ၂၀၀၀၀ ပေးသွင်းရန် လက်တွန့်နေကြခြင်းသည် အခွန်ထမ်းပြည်သူများ အနေဖြင့် အခွန်ကို ရှောင်လွဲတိမ်းရှောင်သလိုဖြစ်နေ၍ သိရှိသူများအနေဖြင့်လည်း အမြန်ဆုံးပေးဆောင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးကို ငါးမွေးမြူသူများအနေဖြင့် အခွန်ငွေကို ပြေကျေစွာ ပေးဆောင်သူအဖြစ် ဝိုင်းဝန်းပါဝင်သင့်ကြောင်း ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

**မျိုးဝင်းထွန်း( မုံရွာ)**



## တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်အား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် ဇူလိုင် ၆ ရက် နံနက်က မန္တလေးဗဟိုအကျဉ်းထောင်အား စစ်ဆေးခဲ့သည်။

ရှေးဦးစွာ အကျဉ်းထောင်တာဝန်ခံအရာရှိ ရုံးခန်း၌ အကျဉ်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမိုးဇော်နှင့် အကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းတို့က မန္တလေးဗဟိုအကျဉ်းထောင်အတွင်း၌ အကျဉ်းသူ၊ အကျဉ်းသားများနှင့် အချုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းပြီး အချုပ်သားများနှင့်အကျဉ်းသားများနေထိုင်သည့် အဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဦးပိန်တံတားပြုပြင်မွမ်းမံမှုတွင် ရွှေးဟောင်းတိုင်များနှင့် ကြမ်းခင်းများ မှတ်တမ်းပြုစုသိမ်းဆည်းထား

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတားကြီးအား ကြံ့ခိုင်မှုရှိစေရန် အချို့တိုင်များနှင့် ကြမ်းခင်းများအား အစားထိုးလဲလှယ်ပြီးနောက် သုံးစွဲရန် မသင့်သည့် ရှေးဟောင်းတိုင်များနှင့် ကြမ်းခင်းများအား မှတ်တမ်းပြုစု၍ စနစ်တကျသိမ်းဆည်းထားကြောင်း သိရသည်။

အဆိုပါတံတားကြီးအား သက်တန်ကာလအတွင်းကြံ့ခိုင်မှုရှိစေရန် ပြုပြင်ခဲ့ခြင်းဖြစ်ပြီး အခန်းပေါင်း ၄၈၁ ခန်း အနက် ကြံ့ခိုင်မှုမရှိတော့သည့် ၆၁ ခန်းမှ တိုင်များနှင့် ကြမ်းခင်းများ၊ ထုတ်တန်းများနှင့်ဆင့်တန်းများကို အစားထိုးလဲလှယ်ခဲ့ပြီး ရှေးဟောင်းတိုင်များအား ဗားကရာကျောင်းဝင်းတွင် လည်းကောင်း၊ ကြမ်းခင်းများအား တောင်မင်းကြီးဂေါပက အဖွဲ့ရုံးတွင်လည်းကောင်း စနစ်တကျ သိမ်းဆည်းထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။ “ဒီရှေးဟောင်းတိုင်တွေကို အမရပူရရှေးဟောင်းယဉ်ကျေးမှုနယ်မြေသစ်ပေါ်ထွက်လာရင် ပြတိုက်မှာ ထည့်သွင်းပြသသွားဖို့ ရည်ရွယ်ထားတဲ့ အပြင် အခုလည်း ရှေးဟောင်းအမွေအနှစ်တွေကို မြတ်နိုးသူမည်သူမဆို လာရောက် လေ့လာကြည့်ရှုနိုင်ပါတယ်” ဟု ၎င်းကပြောသည်။ အဆိုပါပြုပြင်ခြင်းကို MYANMAR TEAK WOOD Co.,Ltd.မှ မတ် ၂၆ ရက်တွင် စတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ပြီး မဟာဂန္ဓာရုံဆရာတော်ကြီးများ၊ ရှေးဟောင်းသုတေသနဌာနဝန်ထမ်းများ၊ ဒေသခံများ၊ ရပ်မိရပ်ဖများ အားလုံးက ကြပ်မတ်ညှိနှိုင်း၍ ရှေးမူမပျက် ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၏ အာဟာရသုခဈေးကြီးတွင် ရောင်းချလျက်ရှိသော ခေါင်းရွက်ဗျပ်ထိုး ပုံကျဈေးသည်များအား ဈေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ရောင်းချနိုင်ရေးအတွက် အကွက်ရိုက်နေရာချထားပေးမှုကို ဇူလိုင်လ ပထမပတ်က ဆောင်ရွက်ခဲ့ရာ နေပြည်တော်စည်ပင် သာယာရေးကော်မတီ(ဈေးများဌာန) ညွှန်ကြားရေးမှူး ဦးမောင်မောင်စံ ဦးဆောင်မှုဖြင့် ဈေးသည် ၇၀၀ ကို မဲနှိုက်စနစ်ဖြင့် ဆောင်ရွက်နေစဉ်။**

မင်းမင်းလတ်(ရုပ်ဗေဒ)




## ခရီးသည်တစ်ဦး ရထားပေါ်မှပိုက်ဆံအိတ်ပြုတ်ကျ၍ ကောက်ယူပြီး ပိုင်ရှင်ထံပြန်လည်အပ်နှံ

**မော်လမြိုင် ဇူလိုင် ၇**

မော်လမြိုင်မှထားဝယ်သို့ စက်ခေါင်းမောင်း ဦးမင်းလွင်၊ ရထားထိန်း ဦးတင်ထွဋ် လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် ၁၇၅ အဆန်အမြန်လူစီးရထားသည် မော်လမြိုင်မြို့နယ် မော်လမြိုင်ဘူတာနှင့် သရက်ကုန်းဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ်(၁၈၀/၁၀ မှ ၁၂)တွင် ဇူလိုင် ၇ ရက် နံနက် ၆ နာရီခန့်က ရိုးရိုးတန်းလူစီးတွဲထိုင်ခုံအမှတ် ၁၀ တွင် လိုက်ပါလာသည့် ဦးအောင်ထွန်းဦး၏ ခရီးဆောင်လွယ်အိတ်သည် ပစ္စည်းတင်တန်းပေါ်မှပြုတ်ကျ၍ ပြတင်းပေါက်မှ အောက်သို့ ထွက်ကျသွားသည်။

ရထားပေါ်တွင်လိုက်ပါတာဝန်ထမ်းဆောင်သော မီးရထားရဲတပ်ဖွဲ့ ဒုတပ်ကြပ်မြတ်စိုးဦးနှင့်အဖွဲ့က ရထားထိန်းကို ခရာမှုတ်အကြောင်းကြားခဲ့သဖြင့် ရထားထိန်းက ရထားကိုရပ်တန့်ပြီး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ရှာဖွေကောက်ယူ၍ ပိုင်ရှင်ထံပြန်လည်အပ်နှံကာ ရထားမှာ ထားဝယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွဋ်**

# အိန္ဒိယ၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် လျှပ်စစ်စွမ်းအင် ဖန်တီးမှု

**လူလေးဝိုင်း**

အိန္ဒိယအစိုးရက ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ အကုန်ခံပြီး ခေတ်နဲ့အညီ လိုက်လျောညီထွေရပ်တည်နိုင်တဲ့ မြို့ပြစီမံကိန်းကို ရည်မှန်းချက်ကြီးကြီးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် လူမှုဖွံ့ဖြိုးရေးကို အာရုံစိုက်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ အိန္ဒိယကျေးလက်ပြည်သူသန်း ၂၀၀ လောက်ဟာ မဟာဓာတ်အားလိုင်းလက်လှမ်းမမီတဲ့နေရာတွေမှာနေရပြီး လျှပ်စစ်မီးမရဖြစ်နေတာကို အားမလိုအားမရ ဖြစ်နေကြပါတယ်။ ဒါကြောင့် ကျေးလက်တောရွာတွေမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခြေနိုင်လက်နိုင် နေရောင်ခြည်သုံးလျှပ်စစ်စွမ်းအင် အသုံးချနိုင်မယ့်နည်းလမ်းတွေကို ဖန်တီးတီထွင် လုပ်ကိုင်နိုင်ဖို့ ကြိုးပမ်းကြပါတယ်။ မြို့သူ မြို့သားတွေအဖို့ လျှပ်စစ်မီးဟာ မွေးရာပါရပိုင်ခွင့်မျိုး ဖြစ်နေပေမယ့် အိန္ဒိယ တောသူတောင်သားတွေအဖို့ကတော့ ရတောင့်ရခဲ အခွင့်အရေးမျိုး ဖြစ်နေပါတယ်။

ကျေးလက်တောရွာတိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ရေး ကြိုးပမ်းမှုမှာ နည်းပညာကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေက ထိထိရောက်ရောက်ကူညီပံ့ပိုးနိုင်ပါတယ်။ အရှုတ်ဒတ်(စ)(Ashok Das)ဟာ အမေရိကန်နိုင်ငံတစ်ပိုင်း လျှပ်ကူးပစ္စည်းထုတ်လုပ်ရေး စက်မှုကဏ္ဍမှာဆယ်စုနှစ် တစ်ခုလောက်လုပ်ကိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံကို ပြန်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ အရှုတ်ဒတ်(စ)ဟာ ထာဝရစွမ်းအင် (Green Energy)နည်းပညာဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်း Sun Moksha ကုမ္ပဏီကို ထူထောင်ခဲ့ပါတယ်။

အရှုတ်ဒတ်(စ)က ကျေးလက်တောရွာတွေဟာ လျှပ်စစ်စွမ်းအင်ကိုကိုယ့်ဒေသ ကိုယ့်ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှုရှိရှိ အသုံးချနိုင်မယ့်နည်းလမ်းသစ်တွေကို တီထွင်ကြံဆနိုင်မယ့်အခွင့်အလမ်းကောင်းတွေ ပျိုးထောင်ပေးရာနေရာတွေအဖြစ် သတ်မှတ်ခံယူထားတာပါ။ ဒီလိုနည်းလမ်းသစ်တွေက အိန္ဒိယ ကျေးလက်ပြည်သူတွေကို မဟာဓာတ်အားလိုင်းလက်လှမ်းမမီ မပေါက်ရောက်တဲ့ အကန့်အသတ်အခက်အခဲတွေကနေ ဖောက်ထွက်ပြီးရွာသူရွာသားတွေရဲ့ လက်တွဲညီညီစုစည်းဆောင်ရွက်မှုအပေါ် အခြေခံတဲ့ ထာဝရစွမ်းအင်(green energy)ရရှိရေးကို စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ အရှုတ်ဒတ်(စ)က ခံယူထားတာပါ။ အရှုတ်ဒတ်(စ)က "မြို့ကြီးတွေမှာ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှုရှိရှိနေနိုင်ဖို့ မြို့သူမြို့သားတွေရဲ့အကျင့်စရိုက်နေထိုင်ပုံတွေ ပြောင်းလဲမယ်ဆိုရင် ဆယ်စုနှစ်ပေါင်း အတော်ကြာကြာအချိန်ယူရမှာပါ။ ဒါပေမယ့် အဲဒီ့ကာလအတွင်း ထောင်ဂဏန်းရှိတဲ့ ကျေးလက်တောရွာတွေကို သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေနိုင်စွမ်းရှိအောင် ဖန်တီးပေးနိုင်ပါတယ်"လို့ ပြောပြီး သူ့ရဲ့အတွေးအမြင်ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အရှုတ်ဒတ်(စ)က "အိန္ဒိယနိုင်ငံမှာ အစိုးရက ထာဝရစွမ်းအင်ကဏ္ဍအတွက် ဘတ်ဂျက်(၂) ငွေတွေပုံအောသုံးစွဲခဲ့ပေမယ့် ကျေးလက်တောရွာတွေအတွက်တော့ သိပ်အာရုံမစိုက်နိုင်ဘူး "လို့ ယူဆထားတာပါ။ အရှုတ်ဒတ်(စ)ရဲ့အတွေးအမြင်အရ ကျေးလက်တောရွာတွေမှာ ထာဝရစွမ်းအင်ရရှိအောင် အာရုံစိုက်လုပ်ကိုင်တာမျိုးကပဲ အိန္ဒိယနိုင်ငံမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေ ဖန်တီးပေးနိုင်မှာပါ။

အရှုတ်ဒတ်(စ) ရဲ့ ဒီလိုအတွေးအမြင် ဒီလိုခံယူချက်တွေဟာ သူဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေနဲ့လည်း ဆက်စပ်ပတ်သက်နေပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ အရှုတ်ဒတ်(စ)က ဇာတိရွာ ပြန်မယ်လုပ်တော့ ရွာကတူမလေးကို "ဘာဝယ်ခဲ့ရမလဲ" လို့ ဖုန်းနဲ့လှမ်းမေးပါတယ်။ တူမလေးရဲ့ အဖြေစကားဟာ အရှုတ်ဒတ်(စ)ရဲ့နှလုံးသားထဲမှာ စွဲထင်ကျန်ရစ်ခဲ့တဲ့ စကားလုံးတွေဖြစ်ခဲ့ပါတယ်။ တူမလေးက "ဦးလေး ရွာမှာအကုန်လုံးရှိပါတယ်။ လျှပ်စစ်မီးပဲ ယူလာခဲ့ပေးပါ"လို့ ပြန်ပြောခဲ့တာပါ။ အိန္ဒိယနိုင်ငံရဲ့ ထာဝရစွမ်းအင်ကဏ္ဍအတိတ်ကာလ ဖြတ်သန်းမှုတွေကို ပြန်သုံးသပ်ကြည့်လိုက်ရင် ဝေးလံခေါင်သီတဲ့ ကျေးလက်တောရွာတွေမှာ နေရောင်ခြည်စွမ်းအင်လိုဟာမျိုးကို ဈေးကြီးကြီးနဲ့ရောင်းပြီး လိုအပ်တဲ့ထိန်းသိမ်းမှု၊ ပြင်ဆင်မှုတွေကိုတော့ မပံ့ပိုးပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် အိန္ဒိယကျေးလက်တွေမှာ နေရောင်ခြည်စွမ်းအင်ရောင်းချတဲ့ ကုမ္ပဏီတွေဟာ ရောင်းပြီး ပျောက်ဆိုသလို မျိုးဖြစ်နေပါတယ်။ ဒီလိုရောင်းပြီး ပျောက်ပုံစံက အိန္ဒိယကျေးလက်တောရွာတွေမှာ နေရောင်ခြည်စွမ်းအင်အသုံးချရေးကို ပိုဝေးသထက်ဝေးအောင် ဖန်တီးခဲ့သလိုဖြစ်နေပါတယ်။ ဒီပြဿနာကို ကိုင်တွယ်နိုင်ဖို့ အရှုတ်ဒတ်(စ)ရဲ့စိတ်ကူးကတော့ နေရောင်ခြည်စွမ်းအင်ကနေ လျှပ်စစ်ဓာတ်ရယူသုံးစွဲနေတဲ့ ကျေးလက်တွေရဲ့ လျှပ်စစ်ဓာတ်ဖြန့်ဖြူးသုံးစွဲမှုအနေအထားကို မြို့ပေါ်ကနေ စဉ်ဆက်မပြတ်စောင့်ကြည့်သုံးသပ်ပြီး လိုအပ်သလို အကြံဉာဏ်နဲ့ ပြင်ဆင်ထိန်းသိမ်းရေးဝန်ဆောင်မှုတွေပေးနိုင်မယ့် ခေတ်မီနည်းပညာကွန်ရက်မျိုး ထူထောင်ဖို့ပါ။

> **၂၀၁၀ ပြည့်နှစ်မှာ အရှုတ်ဒတ်(စ)က ဇာတိရွာ ပြန်မယ်လုပ်တော့ ရွာကတူမလေးကို "ဘာဝယ်ခဲ့ရမလဲ" လို့ ဖုန်းနဲ့ လှမ်းမေးပါတယ်။ တူမလေးရဲ့ အဖြေစကားဟာ အရှုတ်ဒတ်(စ) ရဲ့ နှလုံးသားထဲမှာ စွဲထင်ကျန်ရစ်ခဲ့တဲ့ စကားလုံးတွေဖြစ်ခဲ့ပါတယ်။ တူမလေးက "ဦးလေးရွာမှာ အကုန်လုံးရှိပါတယ်။ လျှပ်စစ်မီးပဲ ယူလာခဲ့ပေးပါ" လို့ ပြန်ပြောခဲ့**

ဒီနှစ် ဇန်နဝါရီလမှာ Orissa ပြည်နယ် chhotkei ကျေးရွာဟာ အရှုတ်ဒတ်(စ)ရဲ့ စိတ်ကူးဉာဏ်ပေါ် အခြေခံတဲ့ နည်းပညာ (Smart Nano Grid technology) သုံးတဲ့ ပထမဦးဆုံးကျေးရွာဖြစ်လာပါတယ်။ ဒီနည်းပညာကို အရှုတ်ဒတ်(စ)ရဲ့ကုမ္ပဏီ (Sun Moksha) က တီထွင်ဖန်တီးခဲ့တာပါ။ ဒီကျေးရွာရဲ့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဖြန့်ဖြူးရေးစနစ်ဟာ ၃၀ ကီလိုဝပ်ရှိပြီး ဒီလျှပ်စစ်ဖြန့်ဖြူးရေးစနစ်အပေါ် စောင့်ကြည့်အချက်အလက်ယူပေးမယ့် မီတာတွေနဲ့ အာရုံခံစနစ် (Sensors)တွေ တပ်ဆင်ထားပါတယ်။ ဒီအချက်အလက်တွေဟာ Sun Moksha ကုမ္ပဏီရဲ့



စောင့်ကြည့်ရေးကွန်ရက်စနစ်ထဲရောက်ပြီး ကုမ္ပဏီဝန်ထမ်းတွေက ဘယ်နေရာပဲရောက်ရောက် ဒီအချက်အလက်တွေကို ရယူကြည့်ရှုနိုင်ပါတယ်။ ဒီစနစ်ရဲ့အားသာချက်က ကျေးရွာတွေရဲ့လျှပ်စစ်သုံးစွဲပုံကိုစောင့်ကြည့်ပြီး လိုအပ်သလို အကြံဉာဏ်ပေးတာမျိုးကို ဆောင်ရွက်နိုင်တာပါ။ ဥပမာ ကျေးရွာတွေမှာ မြစ်ချောင်းတွေကနေ ရေကိုဖော်တာနဲ့ တင်ယူတာမျိုးလို၊ စားသုံးကုန်ပစ္စည်းထုပ်ပိုးပေးတဲ့ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမျိုးလို၊ ကိုကာကိုလာလို ဖျော်ရည်အေးရောင်းချတဲ့လုပ်ငန်းမျိုးလို စတဲ့ စတဲ့ လျှပ်စစ်ဓာတ်သုံးစွဲမှုဖြစ်တဲ့ လုပ်ငန်းတွေကို သင့်တော်သလို လျှပ်စစ်ဓာတ်ဖြန့်ဖြူးပေးဖို့က အရှုတ်ဒတ်(စ)ရဲ့စနစ်မျိုးကပဲ စွမ်းဆောင်ပေးနိုင်ပါတယ်။ ရွာသူရွာသားတွေကိုယ်တိုင် လျှပ်စစ်ဓာတ်ကို ဒီလိုလိုအပ်သလို ဖြန့်ဖြူးပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အရှုတ်ဒတ်(စ)စနစ်ရဲ့ နောက်အားသာချက်က ကျေးရွာတွင်းသုံး Wi-Fi စနစ်ဖန်တီးပေးထားပြီး ရွာသူရွာသားတွေက သူတို့ရဲ့လက်ကိုင်ဖုန်းတွေကတစ်ဆင့် သူတို့ရဲ့လျှပ်စစ်သုံးစွဲမှုက ဘယ်လောက်ရှိတယ်၊ မီတာခဘယ်လောက်ပေးရမယ်ဆိုတာတွေကို ကြည့်ရှုစစ်ဆေးနိုင်သလို မကျေနပ်ချက်တွေ ရှိရင်လည်းပဲ လက်ကိုင်ဖုန်းတွေကတစ်ဆင့် တိုင်ကြားနိုင်ပါတယ်။ ဒါ့အပြင် ရွာသူရွာသားတွေထဲက သူတို့ကို သုံးဖို့ခွင့်ပြုထားတဲ့ ပမာဏထက် လျှပ်စစ်ဓာတ်ပိုသုံးတဲ့ အိမ်ရှိခဲ့ရင်လည်း ကျေးရွာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် မနိုင်မနင်း မဖြစ်ရအောင် ဒီအိမ်အတွက် လျှပ်စစ်ဓာတ်ပေးနေတာကို အလိုအလျောက် ဖြတ်တောက်ပေးပါတယ်။ ကျေးရွာလျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးစနစ်မှာ ချွတ်ယွင်းချက်တွေ ရှိခဲ့ရင်လည်း ဘယ်နေရာမှာအမှားအယွင်းဖြစ်နေတာကို ကွန်ရက်စနစ်ကတစ်ဆင့်သိပြီး လိုအပ်တဲ့ပြင်ဆင်မှုတွေ ဆောင်ရွက်ဖို့ ဝန်ထမ်းတွေလွှတ်ပေးပါတယ်။ ပြင်ဆင်ရေးအတွက် ဒီလိုဝန်ထမ်းတွေလွှတ်တာက အစပိုင်းမှာပဲ လွှတ်ပေးတာပါ။ အရှုတ်ဒတ်(စ)စနစ်ရဲ့မရှိမဖြစ်ဝန်ဆောင်မှုကတော့ သင့်တော်တဲ့ ရွာသူရွာသားတွေကို အသေးစားပြင်ဆင်မှုတွေ ဆောင်ရွက်နိုင်ဖို့ လေ့ကျင့်သင်တန်းပေးတာပါ။ ဒါကြောင့် နောက်ပိုင်းမှာ တော်ရုံတန်ရုံကိစ္စအတွက် ဝန်ထမ်းတွေလွှတ်ပေးရတာမျိုးမရှိတော့ပါဘူး။ တကယ်တမ်းပြောရရင် ဒီလိုစနစ်မျိုး ဖန်တီးဖို့က Sun Moksha ကုမ္ပဏီတစ်ခုတည်း မတတ်နိုင်ပါဘူး။ ဖင်လန်လျှပ်စစ်ကုမ္ပဏီ Wartsilla ရဲ့ လူမှုရေးတာဝန်ယူမှုလုပ်ငန်းအစီအစဉ်ရဲ့ ပံ့ပိုးကူညီမှုနဲ့ ဒီစနစ်စတင်ထူထောင်တဲ့အပိုင်းကို ဆောင်ရွက်ပါတယ်။ ဒါပေမယ့် ဒီစနစ်ကို ရေရှည်လည်ပတ်နိုင်အောင်ထိန်းသိမ်းပြုပြင်တဲ့ အပိုင်းကိုတော့ ရွာသူရွာသားတွေဆီကရတဲ့ မီတာခတွေထဲကနေ ကျခံသုံးစွဲပါတယ်။ Sun Moksha ကုမ္ပဏီရဲ့ပြည်တွင်းလက်တွဲဆောင်ရွက်ပုံကတော့ Orissa Renewable Energy Development Agency (OREDA) ပါ။ ရွာသူ ရွာသားအများစုကတော့ ညဘက်အိမ်တွင်း မီးလင်းဖို့အတွက်ပဲ သုံးကြတာပါ။ အခြားနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်ရရှိရေးလုပ်ငန်းအစီအစဉ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် Sun Moksha ကုမ္ပဏီရဲ့စနစ်က ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်အထိ ကုန်ကျစရိတ်ပိုများပါတယ်။ ဒါပေမယ့် ကျေးရွာရဲ့လျှပ်စစ်ဖြန့်ဖြူးရေးစနစ်ကို စနစ်တကျစောင့်ကြည့်ထိန်းကျောင်းပေးနိုင်တဲ့အတွက် ကုန်ရကျိုးနပ်တဲ့စနစ်လို့ပဲ ပြောရမှာပါ။ ပြောရမယ်ဆိုရင် တခြားစနစ်တွေမှာ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်သုံးစွဲရေးစနစ်တပ်ဆင်ပြီးတဲ့နောက်ပိုင်းမှာ ဘယ်လိုပြဿနာတွေ ရင်ဆိုင်နေရတယ်ဆိုတာကိုရောင်းချတပ်ဆင်ပေးတဲ့ ကုမ္ပဏီက မသိတော့ပါဘူး။ ဒီလိုမသိတော့တဲ့အတွက် ကျေးရွာရဲ့ လျှပ်စစ်ဖြန့်ဖြူးရေးစနစ်က ပြိုလဲကျဖို့ကိုပဲ ဦးတည်တော့ပါတယ်။ Sun Moksha ကုမ္ပဏီရဲ့ လက်တွေ့အောင်မြင်မှုတွေကြောင့် ထာဝရစွမ်းအင်သစ်များဆိုင်ရာ ဝန်ကြီးဌာန (Ministry of New and Renewable Energy - MNRE)က ရှေ့ပြေးစီမံချက် ၁၀ခု ကုန်ကျစရိတ်ရဲ့၃၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးဖို့သဘောတူခဲ့ပါတယ်။ ဒီဖြစ်ရပ်ကို ကြည့်ရင်တီထွင်ဖန်တီးလုပ်ကိုင်တဲ့ ကုမ္ပဏီတွေရဲ့ အခန်းကဏ္ဍက အရေးကြီးသလို ကူညီသင့်၊ ပံ့ပိုးသင့်တာကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ခြေမြန်လက်မြန် ကူညီပံ့ပိုးပေးဖို့ကလည်း အရေးကြီးတာကို ထင်ထင်ရှားရှားမြင်တွေ့ရမှာပါ။

## အခြေခံသတင်းစာပညာသင်တန်း (အခမဲ့ )ဖွင့်လှစ်မည်

**မန္တလေး ဇူလိုင် ၇**

သတင်းစာပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူလူငယ်များနှင့် အတွေ့အကြုံနုနယ်သော သတင်းထောက်များအတွက် အခြေခံသတင်းစာပညာသင်တန်းကို ရန်ကုန်သတင်းစာပညာကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသတင်းစာပညာကျောင်းမှ သင်တန်းဆရာများက ဦးဆောင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး နယ်မှရွေးချယ်ခံရသူများကို တည်းခိုနေထိုင်ရန်နှင့်စားစရိတ်ပါ စီစဉ်ပေးမည်ဖြစ်သည်။ ရန်ကုန်မြို့မှ သင်တန်းသား သင်တန်းသူများသည် မိမိစရိတ်ဖြင့် တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် ၆ ရက်၊ နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသား သင်တန်းသူ အရေအတွက်ကို ၁၂ ဦးအထိသာ ကန့်သတ်ထား၍လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာဖောင်ကို Download ရယူပြီး yangonjournalism school @gmail.com သို့ ဇူလိုင် ၂၃ ရက်ညနေ ၄ နာရီအရောက် ပေးပို့လျှောက်ထားနိုင်ပြီး ရွေးချယ်ခံရသူများကို ဇူလိုင် ၂၆ ရက်တွင် အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၇-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၁၁ ၌ ဖော်ပြခဲ့သော 'မြန်မာဘောလုံးလောက အောင်မြင်ရေးပံ့ပိုးကူညီမည်' သတင်း ပထမကော်လံ ဒုတိယစာပိုဒ်တွင် 'မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နှစ်စဉ်သုံးစွဲနေတဲ့ငွေဟာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းလောက်ရှိပါတယ်'ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

# အာဖဂန်၌ ၂၀၁၇ ခုနှစ်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၈၄၀၀ ထားရှိမည်



ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်သမ္မတ အိုဘားမားသည် ၎င်း၏သမ္မတသက်တမ်းကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၈၄၀၀ ကို အာဖဂန်၌ ဆက်လက်ထားရှိမည်ဟု ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

အိုဘားမားက အာဖဂန်နစ္စတန်၏ လက်ရှိလုံခြုံရေးအခြေအနေမှာ အားရစရာမကောင်းသေးကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အင်အားမှာလည်း လိုအပ်သလောက်တောင့်တင်းမှု မရှိသေးကြောင်း ပြောခဲ့သည်။ ထို့ပြင် ၎င်း၏မူလအကြံအစည်မှာ အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ယခုနှစ်အကုန်တွင် ၅၅၀၀ ထိ လျှော့ချသွားရန်ဖြစ်သည်။

အိမ်ဖြူတော်မှထုတ်ပြန်ချက်တစ်ရပ်အရ အမေရိကန်သမ္မတက ၎င်း၏ ဆုံးဖြတ်ချက်မှာ တာလီဘန်များနှင့် အာဖဂန်၏ တိုးတက်မှုကို ဆန့်ကျင်သောအုပ်စုများအား အကြောင်းကြားလိုက်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် အာဖဂန်တပ်ဖွဲ့ဝင်များကို ကူညီမှုများပေးသွားမည်ဖြစ်သည်။

ယခုချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အသစ်မှာ အမေရိကန်စစ်ဘက်ခေါင်းဆောင်များ၊ အမျိုးသားလုံခြုံရေးတပ်ဖွဲ့၏ အကြံပေးမှု၊ လွှတ်တော်၊ နိုင်ငံတကာမိတ်ဖက်နှင့် အာဖဂန်အစိုးရတို့၏ အကြံပြုတိုက်တွန်းချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ယခုဆုံးဖြတ်ချက်မှာ အာဖဂန်ရှိအမေရိကန်၏ ပါဝင်ပတ်သက်မှုအတွက် အကောင်းဆုံးအနေအထားပင်ဖြစ်သည်ဟုလည်း ပြောခဲ့သည်။

(ဆင်ဟွာ)

# တရုတ်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-20 ကို စစ်ရေးဆောင်ရွက်မှုတွင်အသုံးပြုမည်



ချန်ဒူ ဇူလိုင် ၇

တရုတ်နိုင်ငံလုပ် Y-20 သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးတစ်စင်းသည် ဗုဒ္ဓဟူးနေ့က ပြည်သူ့လွတ်မြောက်ရေး လေတပ်အဖွဲ့နှင့်ပေါင်းစည်းခဲ့သည်။

အလေးချိန်အားဖြင့် တန်ချိန် ၂၀၀ အများဆုံးခံနိုင်ရည်စွမ်းရှိသည့် Y-20 လေယာဉ်သည် ရာသီဥတုအခြေအနေအမျိုးမျိုးတွင် ဝေးကွာသောခရီးစဉ်များသို့ ကုန်ပစ္စည်းနှင့်လူများကို တင်ဆောင်ရန်ပြည့်စုံကောင်းမွန်သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာကော်မရှင်အဖွဲ့နှင့် အဖွဲ့ဥက္ကဋ္ဌ ရှီကျင့်ဖျင်တို့ကိုယ်စား CMC ၏ ဒုဥက္ကဋ္ဌ ကျီလီယန်က လေတပ်အဖွဲ့နှင့် လေယာဉ်သုတေသနပြုထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့သူများကို ချီးကျူးဂုဏ်ပြုခဲ့သည်။

Y-20 ကုန်လေယာဉ် စတင်ဝန်ဆောင်ပျံသန်းမှုသည် မဟာဗျူဟာမြောက်စွမ်းအင် စီမံကိန်း ဆောင်ရွက်မှုတွင် လေတပ်ဖွဲ့၏စွမ်းဆောင်မှုကိုမြှင့်တင်ပေးမည့် အရေးကြီးသောခြေလှမ်းဖြစ်ကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ရှန်ဂျင်ကီက ပြောကြားခဲ့သည်။

(ရိုက်တာ)

# တရုတ်နိုင်ငံ ဝူဟန်မြို့၌ ရေလွှမ်းမိုးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

ပေကျင်း ဇူလိုင် ၇

ရေလွှမ်းမိုးမှုဒဏ် ဆိုးရွားစွာခံစားနေရသော တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကယ်ဆယ်ရေးနှင့် နေရာရွှေ့ပြောင်းချထားမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ယင်းမြို့၌ သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုများ၊ ရေမီးထောက်ပံ့ပေးမှုတို့မှာ ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရသည်။ တရုတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတစ်လျှောက် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၈၀ ကျော် သေဆုံးခဲ့သည်ဟု နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ပြည်နယ်ပေါင်း ၂၆ ပြည်နယ်မှ လူပေါင်း ၃၆ သန်းမှာ ရေလွှမ်းမိုးမှုဒဏ် ခံစားခဲ့ရပြီး ၄၅ ဦးမှာ ပျောက်ဆုံးဆဲဖြစ်ကာ ၁ ဒသမ ၄ သန်းကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။ အိမ်ပေါင်း ၅၆၀၀၀ လုံးမှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဗုဒ္ဓဟူးနေ့က ဝူဟန်မိုးလေဝသဌာနက နောက်ထပ်မိုးရွာသွန်းမှုများနှင့် ရေကြီးမှုအတွက် အနီရောင်အဆင့် အရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ကြာသပတေးနေ့၌ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြောင်းရွှေ့နေရာချထားမှုတို့အတွက် အလေးထားဆောင်ရွက်ခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်က ဝူဟန်မြို့၌ မိုးရွာသွန်းခဲ့ရာ ၆၀၀ မီလီမီတာထက် ကျော်လွန်နေပြီး လမ်းများနှင့် ဘူတာရုံများတွင် ရေများပြည့်လျှံသွားခဲ့သဖြင့် ရထားခရီးစဉ်များကိုပါ ဖျက်သိမ်းခဲ့ရကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

(ဘီဘီစီ)



# မြောက်ကိုရီးယားခေါင်းဆောင်ကို လူ့အခွင့်အရေး အလွဲသုံးစားပြုလုပ်မှုဖြင့် အမေရိကန်အရေးယူမည်

ဝါရှင်တန် ဇူလိုင် ၇

လူ့အခွင့်အရေးရပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်မှုဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို အမေရိကန်က ပထမဆုံးအကြိမ်အဖြစ် ဗုဒ္ဓဟူးနေ့ကစပြီး ပိတ်ဆို့အရေးယူမှု ပြုလုပ်ခဲ့သည်။ အဆိုပါအရေးယူပိတ်ဆို့မှုသည် အဏုမြူလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားနိုင်ငံကို အကြီးအကျယ်ဒေါသထွက်စေလိမ့်မည်ဟု သံတမန်အဖွဲ့ဝင်များက ပြောကြားသည်။



အရေးယူပိတ်ဆို့မှုများသည် အမေရိကန်၏ ဥပဒေဘောင်အတွင်း လုပ်ပိုင်ခွင့်နှင့် အခြားသောပိုင်ဆိုင်မှုများကို ထိပါးသည့် လူ့အခွင့်အရေးချိုးဖောက်သောမည်သည့်မြောက်ကိုရီးယားနိုင်ငံသားကိုမဆို အရေးယူ ဆောင်ရွက်ရန် ရည်ရွယ်သည်။ သမ္မတကင်ဂျုံအန်းနှင့် အစိုးရဝန်ကြီးဌာန ငါးခုအပြင် ၁၀ ဦးကို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောဆိုခဲ့သည်။

သမ္မတကင်ဂျုံအန်းလက်ထက်တွင် မြောက်ကိုရီးယားပြည်သူများသည် မခံမရပ်နိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်မှုနှင့် ဆင်းရဲဒုက္ခများကို ထိခိုက်ခံစားခဲ့ရပြီး မတရားသတ်ဖြတ်ခံရခြင်း၊ အတင်းအကျပ်လုပ်သားအဖြစ် စေခိုင်းခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရခြင်းများရှိခဲ့သည်ဟု အကြမ်းဖက်နှိမ်နင်းရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယအတွင်းဝန် အဒမ်ဂျေဇူဘင်က ပြောသည်။

(ရိုက်တာ)

# နည်းပညာဆန်းသစ်မှုများစွာဖြင့် လုံခြုံရေးတိုးမြှင့်ဖို့ ကြိုးပမ်းနေကြတဲ့ လေဆိပ်ဗိသုကာပညာရှင်များ

**ဗြာ** ဂျီးနီးယားပြည်နယ်၏ နော်ဖော့ခ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ မကြာသေးမီကဘဲ ပြောင်းလဲလာတဲ့ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေကို အမီလိုက်နိုင်ဖို့ ဂရေရှမ်၊ စမစ်သ်နှင့် အပေါင်းအပါများကုမ္ပဏီ ဂျီ၊ အက်စ်အင်န်ပီက ''စိစစ်ရေးဧရိယာ'' ကို ဒီဇိုင်းထွင်ခဲ့ကြပါတယ်။ သေတ္တာဖောက်တဲ့ခေါ်စကပြီး ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေအထိ လေဆိပ်လုံခြုံရေးရဲ့အန္တရာယ်ရှိတဲ့ သတ်မှတ်ချက်ထဲမှာပါဝင်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီက ပြုပြင်တည်ဆောက်ဖို့လွယ်ကူတဲ့ ပိုမိုကျယ်ပြန့်တဲ့လုံခြုံရေးစိစစ်နိုင်တဲ့ဧရိယာကို ဖန်တီးခဲ့ပါတယ်။

**ချူးစန္ဒီနွေး**

''အနာဂတ်မှာဘာတွေဖြစ်လာမယ်ဆိုတာဘယ်သူမှမသိပါဘူး။ ဒါ့ကြောင့် ဒီဇိုင်းသစ်ကို ပြုလုပ်ရတာပါ''လို့ လေကြောင်းဆိုင်ရာဗိသုကာ၊ ဒီဇိုင်းနှင့်အကြံပေးကုမ္ပဏီဖြစ်တဲ့ ဂျီ၊ အက်စ်အင်န်ပီမှ ဒုတိယဥက္ကဋ္ဌ ဝီလ်ဆင်ရေးလ်ဖီးက ပြောတယ်။

အမှန်တကယ်တော့ အစ္စတန်ဘူလ်လေဆိပ်တိုက်ခိုက်ခံရပြီး လေဆိပ်လုံခြုံရေးစိန်ခေါ်မှုတွေအတွက် ဗိသုကာပညာရှင်တွေ၊ ဒီဇိုင်နာတွေဟာ မေးခွန်းထုတ်ခံနေရပါတယ်။ ခရီးသွားတွေကို နှောင့်နှေးကြန့်ကြာမှုမဖြစ်စေဘဲ လုံခြုံရေးစနစ်တွေ တိုးမြှင့်ဖို့ဒီဇိုင်နာတွေ၊ ဗိသုကာပညာရှင်တွေဘယ်လိုကြံဆောင်ကြမှာလဲ။

အစ္စတန်ဘူလ်လေဆိပ်မှာ အိုင်အက်စ်အဖွဲ့ကလို့ သံသယရှိတဲ့ အသေခံဗုံးခွဲသမားသုံးဦးနဲ့ သေနတ်သမားကြောင့်လူ ၄၄ ဦးသေဆုံးခဲ့ပြီး ၂၃၈ ဦးဒဏ်ရာရခဲ့ပါတယ်။ တကယ့်ကို ကြောက်ရွံ့ထိတ်လန့်ဖွယ်တိုက်ခိုက်မှုပါပဲ။ မတ်လ ၂၂ ရက်နေ့က ဘရပ်ဆဲလ်မှာဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုကတော့ လေဆိပ်ထွက်ခွာတဲ့ခန်းမနေရာမှာ ခရီးဆောင်အိတ်ထဲဗုံးထည့်ပြီး ဗုံးခွဲတိုက်ခိုက်ခဲ့တာပါ။

တစ်ခါတစ်ရံမှာအနုပညာနဲ့အသုံးတည့်မှုတို့ဟာ တစ်ထပ်တည်းကျနေတတ်ပါတယ်။ ဟင်းလင်းပြင်နေရာတွေနဲ့ မြင့်မားတဲ့မျက်နှာကြက်တွေဟာ ပြင်းထန်စွာပေါက်ကွဲမှုရဲ့အကျိုးဆက်ကို လျှော့ချပေးနိုင်ပါတယ်။

လုံခြုံမှုနည်းပါးတဲ့နေရာတွေမှာ ပိတ်ဆို့မှုတွေကို လျှော့ချနိုင်ဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ စစ်ဆေးရေးဂိတ်တွေဖန်တီးနိုင်ဖို့ ဒီဇိုင်နာတွေဟာ အလုပ်လုပ်ကြပါတယ်။ သူတို့ဟာနည်းပညာမြင့်မားတဲ့ အာရုံခံကိရိယာတွေ၊ ကင်မရာတွေနဲ့ ဖြတ်သန်းသွားလာတဲ့ ခရီးသွားတွေရဲ့မျက်နှာကို မှတ်တမ်းတင်ထားတဲ့ဆော့ဝဲလ်တွေကို အကူအညီပေးနိုင်မယ့်လမ်းကြောင်းတွေကို ရှာဖွေကြတယ်။ ဒီအရာတွေအားလုံးဟာ အကြမ်းဖက်သမားတွေ သတ်ဖြတ်မှုမပြုခင် ရဲတွေက သူတို့ကိုတားဆီးနိုင်ဖို့ အထောက်အကူပြုတဲ့ အရာတွေပဲဖြစ်ပါတယ်။

လေကြောင်းလိုင်းတွေဟာ လက်စ်ဗီးဂတ်စ်မှာရှိတဲ့ ကာစီနိုဝိုင်းတွေကနေ အတုယူဖို့ ကောင်းပါတယ်လို့ ရာဖေးလ်က ပြောတယ်။ ကာစီနိုဝိုင်းတွေမှာ အနီးကပ်စောင့်ကြည့်တဲ့ကင်မရာတွေတပ်ဆင်ထားပြီး လူအုပ်ကြီးကို ထိန်းချုပ်နိုင်တဲ့နည်းလမ်းတွေရှိတယ်လို့ သူကပြောတယ်။

နောက်ဆုံးပေါ်ဆန်းသစ်မှုတွေနဲ့ပြုလုပ်ထားတဲ့ လေဆိပ်အဆောက်အအုံပြင်ဆင်ခြင်းလုပ်ငန်းတွေကို ဒန်ဗာအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ စတင်လုပ်ဆောင်တော့မှာဖြစ်ပါတယ်။ လေဆိပ်မှာခရီးသည်တွေ စုပြုံကျရောက်မှု၊ ပြည့်ကျပ်မှုကို လျှော့ချနိုင်ဖို့နဲ့နေရာအနှံ့မှာ လုံခြုံရေးစိစစ်ရေးဂိတ်တွေ ဖြန့်ကြက်ထားနိုင်ဖို့ ဦးစားပေးပြီး ဆန်းသစ်လုပ်ဆောင်ထားတာပဲဖြစ်ပါတယ်။

ခရီးသွားအများအပြားဝင်ရောက်ရာလေဆိပ်တစ်ခုဖြစ်တဲ့ နယူးအာ့ခ်လေဘာတီလေဆိပ်မှာလည်း ကားဗုံးခွဲမှုအန္တရာယ်ကနေလွတ်ကင်းနိုင်အောင် မော်တော်ကားတွေဟာ လေဆိပ်ကနေ ဝေးတဲ့နေရာမှာပဲ ရပ်နားရမှာဖြစ်ပါတယ်။

မေလအတွင်းမှာ အမေရိကန်သယ်ယူပို့ဆောင်မှု လုံခြုံရေးအုပ်ချုပ်မှုအဖွဲ့က အကြမ်းဖက် ခြိမ်းခြောက်မှုတွေကို လျှော့ချနိုင်ဖို့၊ အဆင့်မြင့်တဲ့ခရီးသွားစိစစ်ရေးဂိတ်တွေဖွံ့ဖြိုးလာဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေအတွက် တီထွင်မှုတွေလုပ်ဖို့ ကုမ္ပဏီတွေကိုအကြံပြုလွှာတွေတောင်းခံခဲ့ပါတယ်။ အကြံပြုလွှာတွေကို အခုလနှောင်းပိုင်းမှာ ပေးရမှာပါ။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ တိုက်ခိုက်ခံရမှုပြီးကတည်းက လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေဟာ လေယာဉ်လုံခြုံရေးစနစ်တွေကို အခြေခံကျကျ ပြောင်းလဲလိုက်ကြပါတယ်။ လေဆိပ်လုံခြုံရေး စိစစ်ရေးဂိတ်တွေကို လေဆိပ်နဲ့ အနည်းငယ်ဝေးတဲ့နေရာရောက်အောင် ရွှေ့ခဲ့ကြတယ်။

အစ္စရေးလေကြောင်းလိုင်း အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အိုဖာလက်ဖ်လာက ဘင်ဂူရီယန် လေဆိပ်ပင်မအဆောက်အအုံကို တည်ဆောက်တဲ့ ဗိသုကာပညာရှင်တွေဟာ လေဆိပ်လုံခြုံရေးကို ၁၀၀ ရာခိုင်နှုန်း စဉ်းစားဖို့ လိုအပ်ပါတယ်လို့ ပြောတယ်။ ဒီလေဆိပ်ကတော့ ၂၀၀၄ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့တာပါ။ မြင့်မားတဲ့ မျက်နှာကြက်တွေ၊ ဗိသုကာလက်ရာတွေ၊ ရေပန်းတွေ၊ မှော်ဆန်လှတဲ့ ခေါင်မိုးတွေနဲ့ ခမ်းခမ်းနားနားကြီးဆောက်လုပ်ထားတာပါ။

ခမ်းနားလှပမှုတွေရဲ့နောက်ကွယ်မှာ အခြားသောအချက်တွေလည်း ရှိပါသေးတယ်။ အစ္စရေးလေကြောင်းအကြံပေးပုဂ္ဂိုလ်တစ်ဦးကတော့ သူ့အနေနဲ့ ဘင်ဂူရီယန်လေဆိပ်နဲ့ပတ်သက်ပြီး ဆွေးနွေးဝေဖန်မှုပြုဖို့တော့ အခွင့်မရှိပါဘူး။ ဒါပေမယ့် လေဆိပ်အတွင်း ကျယ်ပြန့်တဲ့လမ်းတွေနဲ့ လူတွေတန်းစီစောင့်ဆိုင်းရတဲ့ လိုင်းတွေ



ဟာလည်း ကျယ်ပြန့်တဲ့အတွက် အကြမ်းဖက်သမားလို့ ယူဆရတဲ့လူကို လုံခြုံရေးအစောင့်တွေက ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။ လုံခြုံရေး ကင်မရာတွေကနေလည်း ရှင်းရှင်းလင်းလင်းမြင်နိုင်ပါတယ်။ ဒါ့ကြောင့် သူတို့ကို ခြေရာခံတဲ့အခါမှာ ပိုပြီး အထောက်အကူဖြစ်စေမှာပါလို့ ပြောပါတယ်။

ကားရပ်နားရာနေရာကနေ လေဆိပ်ထဲသွားတဲ့တစ်လျှောက်မှာလည်း ပေါက်ကွဲမှုဒဏ်ခံနိုင်တဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ အရန်အတားတွေရှိတယ်။ ဒါတွေဟာ ပေါက်ကွဲမှုဖြစ်လာရင် ပေါက်ကွဲတဲ့အပိုင်းအစတွေ ထိမှန်ပျက်စီးမှုကနေ အထိုက်အလျောက်အကာအကွယ်ပေးနိုင်တယ်လို့ သူကပြောပြတယ်။

ဘင်ဂူရီယန်လေဆိပ်မှာ လုံခြုံရေးဘယ်လောက်တင်းကျပ်လဲဆိုရင် ကားရပ်နားတဲ့နေရာကစပြီး စောင့်ကြည့်မှုတွေ စတင်လုပ်ဆောင်နေပါပြီ။ ကားတွေဟာ စစ်ဆေးရေးဂိတ်တွေမှာ ရပ်ရတယ်။ အဲဒီမှာလက်နက်ကိုင်အစောင့်တွေဟာ စတင်ပြီး စစ်ဆေးမှုတွေလုပ်တယ်။ ပြီးတော့ လိုင်စင်ပလိတ်ပြားတွေကို စစ်တယ်။ သံသယရှိတဲ့လူတွေကို မေးခွန်းတွေမေးတယ်။ ရှာဖွေမှုတွေဆက်လုပ်တယ်။ လေဆိပ်အဆောက်အအုံထဲမှာရောလမ်းမှာပါ လျှို့ဝှက်စောင့်ကြည့်မှုတွေ ဆက်လက်လုပ်ဆောင်တယ်။

ဒါပေမယ့် ကျွမ်းကျင်တဲ့ပညာရှင်တွေကတော့ ဒီလိုမျိုးလုံခြုံရေးတင်းကျပ်တဲ့ပုံစံဟာ ခရီးသွားတွေနဲ့ ရှုပ်ထွေးတဲ့လေဆိပ်တွေမှာတော့ အကောင်အထည်ဖော်ဖို့မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ ဘင်ဂူရီယန်လေဆိပ်ကို ၂၀၁၅ ခုနှစ်က အပြည်ပြည်ဆိုင်ရာခရီးသွား ၁၆ သန်းအောက်လျော့နည်းပြီး ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် လန်ဒန်မြို့က ဟီသရိုးလေဆိပ်ကတော့ ခရီးသွား ၇၅ သန်းဝင်ရောက်ခဲ့တာပါ။ အရေအတွက်ချင်း ကွာခြားလွန်းလှပါတယ်။

အမေရိကန်မှာတော့ ကားတွေကိုစစ်ဆေးတဲ့ဂိတ်ကနေ လေဆိပ်ကိုသွားတဲ့တစ်လျှောက်မှာကိုပဲ ကားပိတ်ဆို့မှုတွေအကြီးအကျယ်ဖြစ်ပွားနေတာပါ။ လေဆိပ်တွေမှာ ခရီးသွားတွေ လျင်မြန်လွယ်ကူစွာသွားလာနိုင်ဖို့ နည်းပညာတွေဟာ အရေးပါတယ်ဆိုတာ သက်သေပြပြီးပါပြီ။ ခရီးသွားတွေဟာ အခုအခါမှာတော့ လေဆိပ်မှာကိုယ်တိုင်မှတ်ပုံတင်တာတွေ၊ အလိုအလျောက်ပတ်စ်ပို့ဖတ်တဲ့စက်တွေ၊ အခြားသောနည်းပညာပိုင်းဆိုင်ရာ အကူအညီတွေနဲ့ လိုရာခရီးကို အရင်ကထက်ပိုပြီးလျင်မြန်တဲ့နှုန်းနဲ့သွားလာနိုင်နေပါပြီ။

ဘဏ်လုပ်ငန်းတွေမှာ ATM စက်တွေအလုပ်လုပ်တဲ့ပုံစံအတိုင်း ကမ္ဘာပေါ်မှာရှိတဲ့ လေဆိပ်တွေ အလုပ်လုပ်နေပါပြီလို့ လေကြောင်းလိုင်း ဒုတိယဥက္ကဋ္ဌ စတန်းနစ်စမစ်က ပြောပါတယ်။

လေကြောင်းလိုင်းတွေ လေဆိပ်တွေမှာ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်လာပေမယ့်အကြမ်းဖက်သမားတွေရဲ့ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရတုန်းပါပဲ။ လေယာဉ်ပေါ်မှာ ဗုံးပါတယ်လို့ မတိကျဘဲသတင်းပေးမှုတွေကြောင့်လည်း ခရီးသွားတွေနဲ့ လေဆိပ်တာဝန်ရှိသူတွေ အခက်ကြုံရတုန်းပါပဲ။

ဒါကြောင့် ခရီးသွားတွေ လုံခြုံစိတ်ချစွာနဲ့ လေဆိပ်ကိုအသုံးပြုနိုင်ဖို့၊ စိတ်အေးချမ်းသာစွာ လိုရာခရီးရောက်နိုင်ဖို့ လေဆိပ်တည်ဆောက်တဲ့ဗိသုကာပညာရှင်တွေ၊ လေကြောင်းတာဝန်ရှိသူတွေ အများကြီး စဉ်းစားလုပ်ဆောင်ရဦးမှာပါ။ အနာဂတ်မှာ အကြမ်းဖက်သမားတွေရဲ့ရန်ကို စိတ်ပူစရာမလိုတဲ့ လေဆိပ်တွေပေါ်ပေါက်လာဖို့ ပညာရှင်တွေကြိုးပမ်းဆဲပါ။

**ကိုးကား-ရိုက်တာ (2-7-2016)**

**လေကြောင်းလိုင်းတွေ လေဆိပ်တွေမှာ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့် လာပေမယ့် အကြမ်းဖက်သမားတွေရဲ့ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရတုန်းပါပဲ။ လေယာဉ်ပေါ်မှာ ဗုံးပါတယ်လို့ မတိကျဘဲသတင်းပေးမှုတွေကြောင့်လည်း ခရီးသွားတွေနဲ့ လေဆိပ်တာဝန်ရှိသူတွေ အခက်ကြုံရတုန်းပါပဲ။ ဒါကြောင့် ခရီးသွားတွေ လုံခြုံစိတ်ချစွာနဲ့ လေဆိပ်ကိုအသုံးပြုနိုင်ဖို့၊ စိတ်အေးချမ်းသာစွာ လိုရာခရီးရောက်နိုင်ဖို့ လေဆိပ်တည်ဆောက်တဲ့ဗိသုကာပညာရှင်တွေ၊ လေကြောင်းတာဝန်ရှိသူတွေ အများကြီး စဉ်းစားလုပ်ဆောင်ရ . . .**

## ဘင်္ဂလားဒေ့ရှ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ရဲအရာရှိ နှစ်ဦးသေဆုံး

**ဒါကာ ဇူလိုင် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြို့တစ်မြို့တွင် ကြာသပတေးနေ့က ရမာဒန်ဥပုသ်လပြီးဆုံးသည့်အထိမ်းအမှတ်ပွဲတော်ကို အကြီးအကျယ်ဆင်နွှဲနေစဉ် လုံခြုံရေးစောင့်ကြည့်စစ်ဆေးသည့်နေရာ၌ လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ရဲအဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။

ဒါကာမြို့တော်အရှေ့မြောက်ပိုင်းမှ ၁၄၀ ကီလိုမီတာအကွာ ကစ်ရှိုရီဂန်မြို့အနီးတွင် လူနှစ်သိန်းခန့် ဆုတောင်းဝတ်ပြုရန်စုဝေးရောက်ရှိနေသည့် နေရာအနီးရှိ လုံခြုံရေးဂိတ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသရှိအုပ်ချုပ်ရေးမှူး ဇီလာရမန်က ပြောသည်။

ဗုံးခွဲတိုက်ခိုက်သူနှစ်ဦးမှာလည်း သေဆုံးခဲ့ရသည်။ ဗုံးခွဲတိုက်ခိုက်မှုအပြီးတွင် ဗုံးခွဲသူများက ရဲအဖွဲ့အား ချွန်မြသောလက်နက်များဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဒေသတွင်းအရာရှိတစ်ဦးက ပြောကြားသည်။ အခင်းဖြစ်ပွားသည့်နေရာကို ရဲများက ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရိုက်တာ)

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၄)

# ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး



**ဦးဟန်ညွန့်(ဥပဒေ)**

**ဥပဒေနှင့်အညီ**

"ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး" ဟု ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ (၃/က) တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ဤစာသား၊ ဤစကားလုံးသည် စာရေးသူ၏စာသား၊ စာရေးသူ၏စကားလုံးမဟုတ်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း အတိအကျ ပြန်လည်ရေးသားတင်ပြခြင်းသာဖြစ်သည်။ ဥပဒေပညာရှင်တိုင်း အသိပါ။

**ရေလဲသုံးကြသည်**

ဥပဒေသမားတိုင်း "ဥပဒေနှင့်အညီ"ဆိုသောစကား "ဥပဒေနှင့်အညီ"ဆိုသော အရေးအသား၊ "ဥပဒေနှင့်အညီ" ဆိုသော လျှောက်လဲချက်၊ "ဥပဒေနှင့် အညီ"ဆိုသော စီရင်ချက်၊ စပ်ဆိုင်သမျှ ရေလဲသုံးကြသည်သာဖြစ်သည်။ ဘာကြောင့်လဲ၊ ဥပဒေကိုအခြေခံမှု၊ ဥပဒေကိုကိုးကားမှု၊ ဥပဒေကိုရည်ညွှန်းမှု၊ ဥပဒေကိုထောက်ပြမှု၊ ဥပဒေနှင့်ညီညွတ်မှု၊ အားလုံးကလက်ခံကြသည်။ ဥပဒေနှင့်မညီလျှင် လက်မခံနိုင်၊ အမှုမှန်သမျှ ဥပဒေပေတံနှင့်တိုင်းတာကြစမြဲ။ ဘယ်တရားရေးစစ်ပွဲဖြစ်ဖြစ် ဥပဒေကျည်ဆန်နှင့် ပစ်ခတ်မှုနိုင်မည်ဟု ဥပမာပေးပါရစေ။

**အထင်မှားကြသည်**

"ဥပဒေနှင့်အညီ" ဟူသောစကားကို အထင်မှားကြသူတွေရှိသည်။ "လွတ်လွတ်လပ်လပ် တရားစီရင်ရေး" ဟု ဆိုထားပြီး ဘာ့ကြောင့် **ဥပဒေနှင့်အညီ** ဆိုသော စာလုံးက ပိတ်ဆို့ဟန့်တားနေရသလဲ၊ တရားသူကြီးပဲ၊ ဥပဒေတွဲ့ရပြီးသား၊ ဥပဒေ သင်တန်းတွေတက်ပြီးသား၊ ဥပဒေတတ်ကျွမ်းပြီးသား။ ဘာလိုသေးသလဲ။ စောဒက တက်ကြကုန်သည်။ "နောင်တစ်ခါ၊ ဥပဒေပြင်ရေးမယ်၊ ဒီတစ်ခါ ဥပဒေရေးဆွဲဖို့ အစည်းအဝေးလုပ်ရင် ဥပဒေနှင့်အညီဆိုတဲ့စာလုံးကို ဖြုတ်ပစ်ဖို့အကြံပေးမယ်"ဟု ညည်းတွားသည့် တရားသူကြီးအချို့ရှိသည်။

**ရှင်းပြပါရစေ**

ဥပဒေပညာရှင်အချို့ကမူ "ဥပဒေနှင့်အညီ"ဟုရေးမှ မှန်သည်။ ဘာ့ကြောင့်လဲ၊ ပြစ်မှုကိုပြစ်မှုဆိုင်ရာ ဥပဒေနှင့်အညီစီရင်၊ ကျင့်ထုံး ဥပဒေများနှင့်အညီ စီရင်၊ သက်သေခံဥပဒေများနှင့်အညီ စီရင်၊ ထို့အတူ တရားမမှုများကိုလည်း သူ့ဥပဒေနှင့်သူ ဆီလျော်သောဥပဒေ၊ ဥပဒေ အညွှန်း၊ ပုဒ်မ၊ ပြဋ္ဌာန်းချက်နှင့်စီရင်အပ်သည်။ ဥပဒေနှင့်ကင်းလွတ်၍ မဖြစ်နိုင်။ ပြဋ္ဌာန်းဥပဒေတွေများစွာရှိသည်။ သူ့အပိုင်းနှင့်သူ၊ သူ့စီရင်ပိုင်ခွင့်နှင့်သူ။ စစ်ပုံစစ်နည်း၊ ကျင့်ထုံး၊ အမှုတစ်မှုချင်း အလိုက် ပြဋ္ဌာန်းချက်ရှိပြီးသား။

**အတွေးမများပါနှင့်**

အတွေးမများပါနှင့်။ ဥပဒေပညာရှင်တိုင်းသိပြီးသားပါ။ တရားရေးနှီးနှောဖလှယ်ပွဲကြီးသာ ကျင်းပဖြစ်ခဲ့ရင်၊ သူ့အမြင်ကိုယ့်အမြင်တင်ပြခွင့်ရကြမှာပါ။ ပွင့်လင်းမြင်သာမရှိကြပါ။

**လွတ်လပ်စွာတရားစီရင်ရေး**

"လွတ်လပ်စွာတရားစီရင်ရေး"ဟူသောစာသား၊ စာပိုဒ်ကိုသီးသီးခြားခြား ခွဲခြား၍ပြောလျှင် မှားမည်။ လွတ်လွတ်လပ်လပ် တရားစီရင်ချင်သလို စီရင်နိုင်သည်။ တရားသူကြီးသဘော၊ တရားသူကြီးကြိုက်တာဆုံးဖြတ်၊ လွတ်လပ်စွာဆိုသောစာသားကို ကိုယ်ပိုင်ပစ္စည်းသဖွယ် ရင်ဝယ်ပိုက်၍မဖြစ်၊ ချင့်ချိန်သင့်သည်။ ဤသို့ ဆွေးနွေးသူများသည်။

**အချို့တရားသူကြီးများ**

အချို့တရားသူကြီးများက "လွတ်လပ်စွာ"ဟူသော ပြဋ္ဌာန်းချက်ကိုသာ မြင်အောင်ကြည့်ကြသည်။ လွတ်လပ်စွာရှေ့က "ဥပဒေနှင့်အညီ"ဟူသော စာလုံးပါသေးသည်။ သို့သော်မမြင်။ မြင်သော်ငြား မမြင်ချင်ယောင်ဆောင်သူရှိသည်။ ဥပဒေနှင့်ညီတာ မညီတာ တရားသူကြီး၏အလုပ်မဟုတ်၊ ကိုယ့်သဘော၊ ကိုယ့်ဆန္ဒ၊ လွတ်လွတ်လပ်လပ် အမိန့်ချမည်။ စီရင်မည်။ ဘာဖြစ်သေးလဲ...တဲ့။

**ဥပဒေနှင့်အညီ လွတ်လပ်စွာ**

ထို့ကြောင့် "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး" ဟု တရားစီရင်ရေးဆိုင်ရာမူများတွင် အဓိကအချက်အဖြစ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤအချက်ကို လက်ခံကြမှ၊ ဤပြဋ္ဌာန်းချက်ကို ကျင့်သုံးကြမှ တရားစီရင်ရေး၏အနှစ်သာရ ရရှိခံစားနိုင်ကြမည်ဟု ကျွန်တော်ယုံသည်။ တွေးသည်။

**ဥပဒေ၏အဓိပ္ပာယ်**

ဥပဒေသည်ပါဠိစကားဖြစ်သည်။ ညွှန်ကြားသူ၊ ညွှန်ကြားခြင်း၊ ညွှန်ကြားချက်၊ အမိန့်စည်းမျဉ်းဟု အဓိပ္ပာယ်ရသည်။ လူ့စည်းကမ်း၊ လူ့စည်းမျဉ်းများသည် ဥပဒေများပင်ဖြစ်သည်။ ညီညီညွတ်ညွတ်၊ မျှမျှတတဖြစ်ဖို့အမိန့်နှင့်ထုတ်ပြန်ထားသော စည်းကမ်းများပင်ဖြစ်သည်။ လူ့ဘဝတိုးတက်ရေးအတွက် အာမခံချက်သည် "ဥပဒေ"ဖြစ်သည်။ ဖြစ်သင့်သည်။ ဤကား ဥပဒေ၏အဓိပ္ပာယ်တည်း။

**အပြစ်မရှိသူ**

တရားစွဲတင်ပြီဆိုတိုင်း တရားခံမဖြစ်သေး။ တရားခံဟု ရုံးထုံးစံ၊ ရုံးပုံစံတွင် ဖြည့်စွက်ထားသော်ငြား၊ ပြစ်မှုထင်ရှားမစီရင်ရသေး။ တရားခံပြစ်မှုကျူးလွန်ကြောင်း တရားလိုဘက်က သက်သေထင်ရှားပြဖို့လိုသေးသည်။ တရားသူကြီးက အပြစ်ပေးပြီဆိုလျှင် တရားခံဖြစ်ပြီ။ အပြစ်မကျမချင်း အပြစ်မရှိသူဟု မှတ်ယူထိုက်သည်။ တရားခံအခွင့်အရေးဦးစားပေးစမြဲ။ ဘာပြောကြမည်လဲ။

**အာမခံပေးခြင်း**

အချို့အမှုများတွင်တရားခံများကို အာမခံပေးသည်။ ခံဝန်နှင့်လွှတ်သည်။ ဥပဒေပြဋ္ဌာန်းချက်ရှိသည်။ ဥပဒေနှင့်အညီ အာမခံလျှောက်နိုင်သည်။ ဥပဒေနှင့်အညီအာမခံပြန်လည်ရုပ်သိမ်းခြင်းလည်းရှိသည်။ အာမခံပေးသင့်ကပေး မပေးသင့်က မပေးရန် မူများ၊ ပြဋ္ဌာန်းချက်များ ရှိပြီးဖြစ်သည်။ အဂတိတစ်မျိုးမျိုးကြောင့် အကြောင်းမဲ့ချုပ်ထားခြင်းမဖြစ်စေရ။ ထိုအခါ မတရားဖမ်းဆီးချုပ်နှောင်မှုဖြစ်တတ်သည်။

**အစိုးရရှေ့နေသည်ဆွဲချမဟုတ်**

ယခင်ခေတ်ဟောင်းက(အစိုးရရှေ့နေ)ဟုခေါ်သည်။ (ဆွဲချ) ဟုအများကသိသည်။ ယခုအခါပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ဥပဒေအရာရှိများပေါ်ထွန်းလာပြီ။ အစိုးရရှေ့နေဟု ခေါ်နိုင်သော်လည်း "ဆွဲချ"တော့မဟုတ်တော့ပါ။ ဘာကြောင့်လဲ။ အမှုတိုင်း၊ တရားခံတိုင်းကို မကျကျအောင်(ထောင်ချအောင်) ဆွဲချနေသူမဟုတ်ပါ။ ဥပဒေနှင့်အညီ တာဝန်ထမ်းသော အရာရှိကို ဥပဒေအရာရှိဟုခေါ်ပါသည်။ တစ်နည်း၊ ဥပဒေတာဝန်ကို ဥပဒေနှင့်အညီဆောင်ရွက်သူသည် ဥပဒေအရာရှိဖြစ်ပါသည်။ လက်တွေ့မှာဤသို့ဖြစ်ရဲ့လား။

**သံသယအကျိုး**

အမှုအချို့တွင် သံသယဖြစ်ဖွယ်ရာများ ပေါ်တတ်သည်။ ဟုတ်မှဟုတ်ပါရဲ့လား။ ဒီတရားခံ ကျူးလွန်တာသေချာပဲ့မလား။ အထင်နှင့်စွပ်စွဲနေသလား။ သက်သေခံချက် အားနည်းနေသလား၊ ချောက်တွန်းနေတဲ့အမှုလား၊ တရားနှင့်ညီညွတ်ပဲ့မလား၊ ဥပဒေနှင့်ငြိစွန်းပါရဲ့လား၊ တရားသူကြီးကသုံးသပ်ရသည်။ ဆုံးဖြတ်ရသည်။ သံသယဖြစ်စရာပေါ်နေလျှင် အဆိုပါသံသယအကျိုးကို တရားခံအားခံစားခွင့်ပေးသည်။ ဤမူသဘောမှာ ယနေ့တိုင်ကျင့်သုံးဆဲ၊ အများလက်ခံဆဲဖြစ်သည်။

**တရားဥပဒေအရသက်သေခံဝင်ပါမှ**

သက်သေခံဥပဒေရှိသည်။ ကျင့်ထုံးဥပဒေရှိသည်။ ညွှန်ကြားချက်ရှိသည်။ လမ်းညွှန်စီရင်ထုံးရှိသည်။ ထိုထိုသော တရားဥပဒေများအရ သက်သေခံဝင်၊ မဝင်သုံးသပ်သည်။ သက်သေခံဝင်သော အချက်အလက်များ အခြေခံ၍ အမှု၏အမှန်၊ အမှားကို ဆုံးဖြတ်သည်။ တရားရုံးအမှုတွဲမှာ သက်သေခံချက်တွေရှိသည်။ ဘေးလူက ထင်ရာမြင်ရာ လာပြော၍မရ။ အမြင်သိ၊ အထင်သိနှင့် အပြစ်ပေးရန်မသင့်။ ရပ်ကွက်ထဲ၊ ရွာထဲမှာ မျက်မြင်သက်သေတွေက တစ်ပုံတစ်ပင်။ သို့သော် မျက်မြင်သက်သေက ကျမ်းသစ္စာကျိန်ဆိုပြီး တရားရုံးသို့ သက်သေလာမထွက်သမျှ၊ ဘာမှတရားမဝင်။ ဤအချက်များ မေ့ပြီး အထင်မှားခံရကာ အတိုင်ကြားခံရသော တရားသူကြီးများ တစ်ပုံတစ်ပင်။ သို့ဖြစ်၍ "ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

**အချစ်နှင့်အမုန်း**

တရားသူကြီးလည်း လူပါပဲ။ လူမှန်လျှင် ချစ်တတ်သည်။ မုန်းတတ်သည်။ ချစ်သူကိုတစ်မျိုး၊ မုန်းသူကိုတစ်မျိုး။ မုန်းသူအား ထောင်ဒဏ်(၁၀)နှစ်။ ချစ်သူကို တရားသေလွှတ်။ မျက်နှာလိုက်၍၊ ဘက်လိုက်၍ စီရင်ခြင်း မပြုသင့်။တိုင်ကြားသူက စောင့်ကြည့်နေသည်။ အမွှေမှုများ ပို၍ဆိုးသည်။ ဆွေမျိုးရင်းချာများ တရားမမှုဖြစ်လျှင် တရားသူကြီးခမျာ မကြာခဏ အတိုင်ကြားခံရတတ်သည်။

**အုပ်ချုပ်ရေးက ဝင်ရောက်စွက်ဖက်ခြင်း**

တရားစီရင်ရေးသည် လွတ်လပ်ရမည်။ ဥပဒေအထက်တွင်မည်သူမှ မရှိစေရ။ အထူးသဖြင့် အုပ်ချုပ်ရေးက တရားစီရင်ရေးကို ဝင်ရောက်မစွက်ဖက်ရ။ လွတ်လပ်သော တရားရေးဖြစ်ပါစေ။

**တစ်ချိန်က ရှိခဲ့ဖူးသည်**

ဆိုပါစို့။ အုပ်ချုပ်ရေးအာဏာပိုင်က တရားသူကြီးကို ဖိအားပေးခဲ့သည်။ ဒီတရားခံကို သေဒဏ်ပေးပါ။ ဒီတရားခံကိုတော့ ကွင်းလုံးကျွတ်လွှတ်ပါ။ ဒီတရားခံကိုတော့ ဆုံးမသြဝါဒပေးပြီး ခံဝန်နှင့် ပြန်လွှတ်ပါ စသည်ဖြင့်။ တစ်ချိန်က အာဏာရှိသူ၊ ကြောက်ရသူများ၏ ဖိအားကြောင့် အလွဲလွဲအမှားမှား တရားစီရင်ခဲ့ကြသည်။ ထို့ကြောင့် တရားစီရင်ရေးစနစ်ကို အယုံအကြည်မရှိ။ ယနေ့ သတိဝီရိယဖြင့် ဥပဒေနှင့် အညီ လွတ်လပ်စွာ တရားစီရင်ရေးကို အားပေးနေပါပြီ။ ချို့ယွင်းအားနည်းချက်များကို သတိပြုချိန်တန်ပါပြီ။ ခေတ်တွေလည်း ပြောင်းလဲခဲ့ပါပြီ။ ပြုပြင်စရာတွေ ပြုပြင်ချိန်တန်ပါပြီ။

**ဂုဏ်သိက္ခာမြင့်မားစွာ**

တရားစီရင်ရေးစနစ်သည် ဂုဏ်သိက္ခာမြင့်မားရမည်။ အပုပ်နံ့ မထွက်အောင်၊ မှန်ကန်အောင်၊ တိကျအောင်၊ အားနည်းချက်မရှိအောင်၊ လောကပါလတရားနှင့် ညီညွတ်အောင်၊ ပူးပေါင်းလုပ်ဆောင်ရမည့်ဌာနများနှင့်ပါ တက်ညီလက်ညီ ဖော်ဆောင်မှ ဖြစ်မည်။ သို့မှ ပြည်သူ ယုံမည်။

**တရားမျှတလှပေသည်**

**ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဟူသည်-**

(၁) ဥပဒေနှင့်အညီ ညီညွတ်လှပေသည်။
(၂) လွတ်လွတ်လပ်လပ်ရှိလှပေသည်။
(၃) တရားလို၊ တရားခံ၊ မည်သည့်ဘက်မှ မလိုက်။ အဂတိကင်းသည်။
(၄) ချိန်ခွင်လျှာပမာ၊ ညီညာလှပါဘိ။ တရားမျှတလှပေ၏။
(၅) ဥပဒေအကိုးအကား၊ ရည်ညွှန်းချက်များ၊ သက်သေထွက်ချက်များမှာလည်း ထင်သာမြင်သာရှိလှပေသည်။
(၆) ဥပဒေအရာရှိ၊ ရှေ့နေရှေ့ရပ်အပါအဝင် ဆက်စပ်သူမှန်သမျှ တိတိကျကျ၊မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် တာဝန်ကျေပွန်လွန်းလှပေသည်။
(၇) တရားလိုလည်း ကျေနပ်၊ တရားခံလည်း ကျေနပ်၊ အများပြည်သူကြည်ညိုလေးစားအပ်သော မျှတသည့် ဥပဒေနှင့်အညီလွတ်လပ်သော တရားစီရင်ရေးဖြစ်ပါစေသတည်း။

## လှိုင်သာယာတရားရုံး၌ တရားရုံးသို့ လာရောက်သူများ၏ အကြံပြုချက် ဒေတာစစ်တမ်းကောက်ယူ

**ရန်ကုန် ဇူလိုင် ၇**

လှိုင်သာယာမြို့နယ်တရားရုံးတွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီက တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း USAIDမှ ရှေ့ပြေးတရားရုံးအဖြစ် ဆောင်ရွက်နေသော တရားရုံး၏ဝန်ဆောင်မှုများပိုမိုတိုးတက်ကောင်းမွန်လာစေရန်တရားရုံးသို့ လာရောက် အသုံးပြုနေသူများ၏အကြံပြုချက်တို့ကို စီမံချက်တစ်နှစ်တာ၏ သုံးကြိမ်မြောက်အဖြစ် ဒေတာစစ်တမ်းကောက်ယူခြင်းကို USAID မှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"မြန်မာတစ်နိုင်ငံလုံးမှာ မြို့နယ်နှစ်မြို့နယ်နဲ့ ခရိုင်တစ်ခုကို စစ်တမ်းကောက်ယူခဲ့တာပါ။ စတင်ဆောင်ရွက်ချိန်ကတစ်ကြိမ်၊ ခြောက်လမှာတစ်ကြိမ်နဲ့ တစ်နှစ်ပြည့်မှာ တစ်ကြိမ်အဖြစ် သုံးကြိမ်မြောက်ဆောင်ရွက်တာပါ။ တရားရုံးအသုံးပြုသူတွေ စိတ်ကျေနပ်မှုရှိ၊ မရှိဒေတာအလိုက်စစ်တမ်းကောက်တာပါ။ ကိုယ့်အမြင်နဲ့ကိုယ်ရေးထည့်ရမယ်။ တရားရုံးအသုံးပြုသူဆိုတာကတရားလို၊တရားခံနဲ့သက်သေတွေလည်း ပါပါတယ်"ဟု လှိုင်သာယာမြို့နယ်တရားသူကြီး ဦးအောင်မင်းက ပြောသည်။

ယမန်နှစ်က ရှေ့ပြေးတရားရုံးအဖြစ် အကောင်အထည်ဖော်ခဲ့သော တရားရုံးသုံး ရုံးရှိခဲ့ပြီး လှိုင်သာယာမြို့နယ်၊ ဘားအံနှင့်တောင်ငူတို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တိုးချဲ့ဆောင်ရွက်သော ရုံး ငါးရုံးရှိကြောင်း၊ သုံးရုံးတွင် တစ်နှစ်ပြည့်အဖြစ် လှိုင်သာယာတရားရုံးကို ဒေတာစစ်တမ်းကောက်ယူခြင်းဖြစ်ပြီး တောင်ငူနှင့်ဘားအံတရားရုံးတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းကာလတွင် USAID မပါဝင်ဘဲ တရားရုံးဝန်ထမ်းများက တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



"တရားရုံးက ပူးပေါင်းဆောင်ရွက်တာကောင်းပါတယ်။ တရားရုံးကို အသုံးပြုနေသူတွေရဲ့စစ်တမ်းမှာတရားသူကြီးကလွဲရင် တရားရေး၊ ဥပဒေ၊ ရှေ့နေနဲ့ ရုံးကိုလာတဲ့သူအားလုံးပါဝင်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ လိုအပ်နေတဲ့အချက်အလက်ကိန်းဂဏန်း ဒေတာရရှိဖို့ ပူးပေါင်းလုပ်ဆောင်တာပါ။ တရားရုံးကိုလာရောက်အသုံးပြုတဲ့ပြည်သူတွေ တရားရုံးပေါ်ထားရှိတဲ့အမြင်၊ ပိုကောင်းစေချင်တဲ့ အကြံပြုချက်တွေလိုချင်တဲ့အတွက်ဖြစ်ပါတယ်"ဟု တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း USAID၏ Justice Program Specialist ဖြစ်သော ဒေါ်ဘန်အောင်က ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံပေး

**ရပ်စောက် ဇူလိုင် ၇**

ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် ကလေးငယ်များအတွက် ကာကွယ်ဆေးအသစ်ဖြစ်သော ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး(PCV) စတင်ထည့်သွင်းထိုးနှံခြင်း အခမ်းအနားကို ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ယခုအသစ်ထည့်သွင်းထိုးနှံပေးသွားမည့် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးလုပ်ငန်းစဉ်တွင် ဆေးထိုးခံရမည့်ကလေးများ မကျန်ရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်းထန်ကာကွယ်ဆေးကြိုတင်ထိုးနှံခြင်းသည် ကုသခြင်းထက်ပိုမိုထိရောက်စေကြောင်းအမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကြည်ကြည်မာက မြို့နယ်တွင် အရွယ်အပိုင်းအခြားအလိုက် နှစ်လ(ပထမအကြိမ်)၊ လေးလ(ဒုတိယအကြိမ်)၊ ခြောက်လ(တတိယအကြိမ်) အဖြစ် တစ်နှစ်ပတ်လုံးတစ်နှစ်အောက်ကလေး ၂၉၆၈ ဦးခန့်ကို ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ယခုကာကွယ်ဆေးသည် ကလေးငယ်များပြင်းထန်အဆုတ်ရောင်ရောဂါ Streptococcus Pneumococcus ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများကို ကာကွယ်နိုင်သည့်အပြင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး အမျိုးအစားပေါင်း ၉၀ ကျော်အနက် ပြင်းထန်သောပိုးအများစုကို ကာကွယ်ပေးနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကာကွယ်ဆေးထိုးနှံမည့်ကလေးမိခင်များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြေအောက်ရေဖြင့် စိုက်ပျိုးသော မိုးကြိုစပါးခင်းများ အထူးအောင်မြင်

**ကျောက်ဆည် ဇူလိုင် ၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငါးပေါက်တွင်းတူး၍ မြေအောက်ရေကို အသုံးပြုစိုက်ပျိုးထားသော မနောသုခမျိုးကွဲတစ်ခုဖြစ်သည့် သုခပဒေသာ မိုးကြိုစပါးစိုက်ခင်းမှာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဇူလိုင်လကုန်တွင် ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း သိရသည်။

"မနှစ်တုန်းက ကျွန်တော် တရုတ်လူမျိုးတွေကို ဖရဲစိုက်ဖို့မြေငှားလိုက်တာ ငွေကျပ်ရှစ်သိန်းရတယ်။ အဲဒီငွေကျပ်ရှစ်သိန်းနဲ့ ဒီအရှေ့ဘက်မှာ မိုးကြိုစပါး ၃ ဒသမ ၂၅ ဧက စိုက်ပျိုးခဲ့ပါတယ်။ ကျွန်တော်တို့ကွင်းက ကျောက်ဆည်နွားတက်ဆည်ရဲ့ လက်တံမြောင်းတစ်ခုဖြစ်တဲ့ ကလိုင်ကျော်(က) မြောင်းရဲ့ ရေဆုံးရေဖျားဖြစ်လို့ ဆည်ရေမရောက်တာ နှစ်ပေါင်း ၃၅ နှစ်ရှိပါပြီ။ ဒါ့ကြောင့် ကျွန်တော်ငါးပေါက်တွင်းတူးပြီး မြေအောက်ရေများရယူ စိုက်ပျိုးခဲ့ပါတယ်။ မျိုးစပါးရှစ်တင်း၊ ဆီ ၅၅ ဂါလန်၊ ထွန်ထယ်စရိတ် စက်မောင်းခအပါအဝင် ငွေကျပ် ငါးသိန်းခုနစ်သောင်းငါးထောင် ကုန်ကျပါတယ်။ ရိတ်သိမ်းခကတော့ စပါးကိုတောင်သူယူ၊ ကောက်ရိုးကို ရိတ်သိမ်းခြွေလှေ့သူပေးစနစ်နဲ့ ရိတ်သိမ်းမှာဖြစ်ပါတယ်။ နွားစာရှားပါးလို့ ရိတ်သိမ်းခြွေလှေ့သူအတွက်လည်း တွက်ခြေကိုက်ပါတယ်။ စပါးတွေကောင်းလို့ လာကြည့်တဲ့သူတိုင်းက တစ်ဧကတင်း ၁၀၀ ကျော်ထွက်မယ်လို့ ခန့်မှန်းကြပါတယ်။ ဇူလိုင် ၃ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ကွင်းဆင်းရင်း ကျွန်တော့်စပါးခင်းကိုတွေ့တော့ 'ဟာ...စပါးတွေကောင်းလှချည့်လား'လို့ ချီးမွမ်းစကားပြောသွားပါသေးတယ်။ ကျွန်တော်ကတော့ မယုတ်မလွန် တစ်ဧကတင်း ၈၀ နှုန်းနဲ့ တင်း ၂၅၀ ကျော် ထွက်မယ်လို့ ခန့်မှန်းပါတယ်။ အခု စပါးဈေးက တင်း ၁၀၀ကို ငွေကျပ်ခြောက်သိန်းနှုန်းအောက်ခံ ဈေးပေါက်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ တင်း ၁၅၀ လောက်အမြတ်ကျန်မှာဖြစ်ပါတယ်" ဟု ကလိုင်ကျော်ကျေးရွာအုပ်စု ဝင်းသောင်ကျေးရွာကွင်းမှ တောင်သူ ဦးအောင်ဇော်ဦးက ရှင်းလင်းပြောပြ၍ သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**



# အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးနှင့်နှံစားဌာနခွဲ စပါးဌာနစုမှ ဖွင့်လှစ်သည့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူးရုံး၌ ဇူလိုင်၅ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

ယခုဖွင့်လှစ်သည့်သင်တန်းသည် သီးနှံမျိုးကောင်း မျိုးသန့်မျိုးစေ့များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ပွားများထုတ်လုပ်ရေးလုပ်ငန်း အစဉ်ရှင်သန်နေရန် သီးနှံမျိုးများကို စနစ်တကျမှန်ကန်စွာပွားများ ထုတ်လုပ်ရေး (Seed-Flow)နှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း (Seed Quality) ပြည့်မီရေး လုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူလယ်သမားများ အရည်အသွေးပြည့်မီသော သီးနှံမျိုးစေ့များကို လိုအပ်သည့်အချိန်တွင် လိုအပ်သလို သုံးစွဲနိုင်မည်ဖြစ်ကြောင်း ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးက ပြောကြားသည်။ ယခုဖွင့်လှစ်သည့် သင်တန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများနှင့် တိုင်းစိုက်ပျိုးရေးရုံးမှ မျိုးစေ့ဝန်ထမ်းများက ပို့ချကြပြီး သင်တန်းသို့တောင်သူလယ်သမား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ထိန်းရဲတပ်ဖွဲ့ ကူညီဆောင်ရွက်

**သီပေါ ဇူလိုင် ၇**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် လမ်းဆုံကျသော မြို့တစ်မြို့ဖြစ်ရာ ယာဉ်မျိုးစုံနှင့်ဆိုင်ကယ်များပြားပြီး မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်းဘေးဝဲယာတွင် စည်းကမ်းမဲ့စွာ ရပ်နားသွားလာခြင်းများကြောင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတည်ရှိရာ ကျောင်းသား ကျောင်းသူများ ကျောင်းသွားကျောင်းပြန်ချိန်၌ ယာဉ်အန္တရာယ်ကြီးမားလှကြောင်း သိရသည်။

သို့ဖြစ်၍ ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ချစ်စိန်နှင့်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က စာသင်ကျောင်းများတွင် မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်၍ လည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့(သီပေါ) တာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများ ကျောင်းဆင်း၊ ကျောင်းတက်ချိန်များတွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လယ်ယာသုံးထွန်စက်များ အိမ်တိုင်ရာရောက်ပြုပြင်ပေး

**ကျိုင်းတုံ ဇူလိုင် ၇**
တောင်သူပိုင်လက်တွန်းထွန်စက်များနှင့် လယ်ယာသုံးစက်ကိရိယာများကို ရှမ်းပြည်နယ်အရှေ့ပိုင်း စက်မှုလယ်ယာဦးစီးဌာနကအိမ်တိုင်ရာရောက် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုတဲ့စက်တွေ စွမ်းအားပြည့်လုပ်ဆောင်စေဖို့အတွက် စက်စစ်ဆေးခြင်း၊ ပြင်ဆင်ပေးခြင်းလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း ရှမ်းပြည်နယ်အရှေ့ပိုင်း စက်မှုလယ်ယာပြည်နယ်ဦးစီးမှူး ဦးကိုကိုလေးက ပြောသည်။ လယ်ယာလုပ်ကိုင်သူများအနေဖြင့် ယခုကဲ့သို့ အိမ်တိုင်ရာရောက်စစ်ဆေးပြင်ဆင်ပေးမှုကြောင့် လုပ်ငန်းခွင်အတွက်စိတ်ပူပင်မှုကင်းကြောင်း သိရသည်။ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းများပြင်ဆင်ရန်လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# ရွှေတောင်မြို့၊ ထန်းလုံးချောင်းတာ ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းဆောင်ရွက်

**မြင့်နိုင်(ပြည်)**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ထန်းလုံးချောင်းတာသည် ၁၉၈၁ ခုနှစ်က ဆည်မြောင်းဦးစီးဌာနမှ ရောဝတီမြစ်ရေအားကာကွယ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထန်းလုံးချောင်းတာ၏ အလျားမှာ ၃ မိုင် ၇ ဖာလုံရှိပြီး ရောဝတီမြစ်ဘေးရှိ ဒုရင်ဒုဘို၊ သာစည်ကုန်း၊ မြောင်းတပ်၊ ယွန်းတန်း၊ မင်းကွန်း၊ နွားခြံကုန်းနှင့် ကျောက်မြင့်ကျေးရွာ ခုနစ်အုပ်စုမှ လယ်မြေဧက ၃၂၅၀ အား မြစ်ရေကြီးခြင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထန်းလုံးချောင်းတာ၏ ပေတိုင်(၀×၀၀၀')မှ (၆×၄၀၀') နှင့် ပေတိုင် (၁၁×၄၀၀')မှ (၂၀×၄၆၀') အပိုင်းတို့တွင် တာထိပ်အမြင့် RL ၉၇.၀' ပြည့်မီခြင်းမရှိဘဲ နိမ့်ကျမှုရှိနေခြင်းကြောင့် မိုးရာသီကာလ ရောဝတီမြစ်ရေမြင့်တက်မှုကို ကာကွယ်နိုင်ရန် တာပုံစံကျပြုပြင်မြှင့်ဖို့ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် မေ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပေတိုင် (၁၁×၄၀၀')မှ (၂၀×၄၆၀')အပိုင်း တာပြုပြင်မြှင့်ဖို့ခြင်းလုပ်ငန်း၌ အချောသပ်ဆလံဆွဲခြင်းသာ ဆောင်ရွက်ရန်ကျန်ရှိပါသည်။ ပေတိုင် (၀×၀၀၀')မှ (၆×၄၀၀')အပိုင်း တာပုံစံကျပြုပြင်မြှင့်ဖို့ခြင်းလုပ်ငန်းမှာ ရွှံ့နုံဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ပြီးနောက် မိုးရာသီကာလ အချိန်စောစွာကျရောက်ခြင်းနှင့် တာပေါင်လမ်းအား ဒေသခံပြည်သူများ ကျေးရွာချင်းဆက်လမ်းအသုံးပြုခြင်းကို ထိခိုက်မှုမရှိစေရန် မိုးကုန်ကာလမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထန်းလုံးချောင်းတာပေတိုင် (၁၄×၄၀၀')ရှိ (၆) ရေထုတ်ပြွန်သည် ၂၀၀၆ ခုနှစ် မေ ၂၉ ရက်၌ မာလာလေပြင်းမုန်တိုင်းဝင်ရောက်ကာ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေထုတ်ပြွန်၏မြစ်ဘက်ခြမ်း D/S အပိုင်းမှ Pipe Portion (၁၀')နှင့် Box Portion (၃၄') စုစုပေါင်း( ၄၄') ကျိုးပျက်ခဲ့သည်။ အဆိုပါ ထန်းလုံးချောင်းတာ (၆)လုံးပြွန် အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းတွင် မြေအောက်တွင်မြုပ်နေသည့် ကျိုးပျက်ကွန်ကရစ်တုံးများဖယ်ရှားခြင်းနှင့် အနည်ထိုင်စုပုံနေသည့် မြေများဖယ်ရှင်းခြင်း၊ သတ်မှတ်ကြမ်းခင်းအမြင့်ထိ မြေပြန်ဖို့၍၊ ဝန်ခံအားတိုးတက်ရရှိစေရန် မျှော့ပိုင်ရိုက်ပြီး Pile Cap ကွန်ကရစ်လောင်းခြင်း၊ ရေထုတ်ပြွန်ကြမ်းခင်းထိ အုတ် Pier များ ထိန်းချုပ်၍ သဲဖြည့်သိပ်သည်းခြင်း၊ ရေထုတ်ပြွန်သံကူကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် အဝင်၊ အထွက် ရေလမ်းကြောင်းကျောက်စီခြင်းနှင့် ရေထုတ်ပြွန်ပေါ်တွင် တာပုံစံကျမြေဖို့ခြင်းလုပ်ငန်းများပါ ဆောင်ရွက်သွားမည်ဖြစ်သည်။ မေ ၃၀ ရက်တွင် အဓိကလုပ်ငန်းများဖြစ်သော ကျိုးပျက်ကွန်ကရစ်တုံးများဖယ်ရှား၍ အနည်ထိုင်စုပုံနေသည့် မြေများဖယ်ရှင်းခြင်း၊ သတ်မှတ်ကြမ်းခင်းအမြင့်ထိရောက်ရှိအောင် မြေပြန်ဖို့ခြင်း၊ မျှော့ပိုင်ရိုက်ခြင်းနှင့် Pile Cap ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

တစ်ပြိုင်တည်းတွင် တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် မျှော့တိုင်၊ ကျောက်စရစ်၊ သဲ၊ အုတ်၊ သစ်၊ သံချောင်းနှင့် ဘိလပ်မြေတို့စုဆောင်း၍ လုပ်ငန်းခွင်အရောက်ပို့ဆောင်ခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ရွှံ့နုံဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်မှုနှင့် တစ်ဆက်တည်းတွင် မုတ်သုံမိုးရောက်ရှိလာခဲ့သဖြင့် ယာယီရေတားတမံဖြင့် ကွင်းရေများထိန်းသိမ်းထားရန် မဖြစ်နိုင်တော့ခြင်း၊ ရောဝတီမြစ်ရေသည် လက်ရှိတွင် RL ၇၆.၀' ရောက်ရှိလာ၍ D/S ဘက် ရေတားတမံဖြင့် မြစ်ရေထိန်းချုပ်ရန် မဖြစ်နိုင်တော့ခြင်းတို့ကြောင့် (၆)လုံး ရေထုတ်ပြွန်ပြုပြင်ခြင်းလုပ်ငန်းကို မိုးကုန်ကာလရောက်ရှိမှသာ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရရန်ပုံငွေမှ ထန်းလုံးချောင်းတာပြန်လည် ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်း၊ ပေတိုင်(၁၄×၄၀၀')ရှိ (၆)လုံး ရေထုတ်ပြွန်အခိုင်အမာ ပြင်ဆင်ခြင်းလုပ်ငန်းကို ယခုအခါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထန်းလုံးချောင်းတာပြန်လည်ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းမှာ ၈၂ ရာခိုင်နှုန်းပြီးစီးနေပြီး ထန်းလုံးချောင်းတာပေတိုင် (၁၄×၄၀၀') ရှိ (၆)လုံး ရေထုတ်ပြွန်အခိုင်အမာ ပြင်ဆင်ခြင်းလုပ်ငန်းမှာ ၅၃ ရာခိုင်နှုန်း ခရီးပေါက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ထန်းလုံးချောင်းတာ ပြန်လည်ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်း၊ (၆)လုံး ရေထုတ်ပြွန်အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ပေးခြင်းဖြင့် ရောဝတီမြစ်ရေဝင်ရောက်၍ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် တာပေါင်လမ်းအား ဒေသခံပြည်သူတို့လမ်းပန်းဆက်သွယ်ရေးအထောက်အကူရသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း။



# ချင်းတွင်းမြစ်အတွင်းမှ စက်သုံးဆီတင်ရေယာဉ်များ ဆီအတင်အချပြုလုပ်ရာတွင် သတ်မှတ်ဆိပ်ကမ်းနေရာတွင်သာ ပြုလုပ်ရန် ညွှန်ကြားချက်ထုတ်ပြန်ထား

**မုံရွာ ဇူလိုင် ၇**
ချင်းတွင်းဆိပ်ကမ်း(မုံရွာ)တွင် စက်သုံးဆီ အတင်အချပြုလုပ်မည့် ရေယာဉ်များအား မူလသတ်မှတ်ပေးထားသည့် ဆိပ်ကမ်းနေရာတွင်သာ အတင်အချပြုလုပ်ကြရန် ညွှန်ကြားချက်ကို ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီက ရေယာဉ်အသင်းများထံသို့ ထုတ်ပြန်ထားကြောင်း သိရသည်။

"ယခင်ကာလ ချင်းတွင်းမြစ် ရေနည်းနေတဲ့အချိန်က မုံရွာတောင် ရပ်ကွက် အနီးရှိ တာဝါတိုင် အထက်ဘက်ကူးတို့ကုန်းဆိပ် မြစ်လယ်သောင်ပြင်မှာ အတင်အချပြုလုပ်ဖို့ သတ်မှတ်ပေးထားပါတယ်။ ချင်းတွင်းမြစ်ရေ နည်းနည်းတက်လာတဲ့အချိန်မှာ သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက် အနီးက အုန်းပင်ဆိပ်မှာ ယာယီ ပြန်လည် သတ်မှတ်ပေးခဲ့ပါတယ်။ လက်ရှိမှာ မြစ်ရေ တော်တော်လေးတက်လာပြီဖြစ်တဲ့အတွက် မူလက သတ်မှတ်ပေးထားတဲ့ ကူးတို့ကုန်းဆိပ်မှာပဲ အတင်အချ ပြန်လည်ပြုလုပ်သွားကြဖို့ ခရီးသည်တင်နဲ့ ကုန်တင်ရေယာဉ် အသင်းတွေထံကို အကြောင်းကြားထားပါတယ်"ဟု ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီမှ ဌာနမှူးက ပြောကြားသည်။



ချင်းတွင်းမြစ်ကို အသုံးပြုလျက် အထက်ချင်းတွင်းဒေသနှင့် မြန်မာပြည် အရပ်ရပ်မှ ကုန်စည်များကို မုံရွာဆိပ်ကမ်းမှတစ်ဆင့် ကြားခံထားကာ ကူးသန်းဖလှယ်ရောင်းဝယ်လျက်ရှိရာ မုံရွာဆိပ်ကမ်းမှ အထက်ချင်းတွင်းဒေသသို့ နေ့စဉ်နှင့် အပတ်စဉ် လူစီးအမြန်ယာဉ်၊ ကုန်တင်အမြန်ရေယာဉ်များ ပုံမှန် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းပေး

**တနင်္သာရီ ဇူလိုင် ၇**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအုပ်စုအတွင်းတွင် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ တစ်ဦးစနှစ်ဦးစဖြစ်ပွားနေသဖြင့် ထပ်ဆင့်ပြန့်ပွားမှုမရှိစေရေးနှင့် အမြန်ဆုံး ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် ဇဝဲရွာအုပ်စုအတွင်းမှ ဇဝဲရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ဆန်းသစ်ကျေးရွာ အမကကျောင်းနှင့် ရေခမ်းချောင်းရွာ အမကကျောင်းတို့မှ စာသင်ဆောင်များတွင် ခြင်ဆေးများ ဖျန်းပေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်မှ ချုံနွယ်များ၊ ရေမြောင်းနှင့် ရေလောင်းအိမ်သာများ၌ ခြင်များ ပေါက်ပွားမှုမရှိစေရန် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်းတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့် ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဇော်မြင့်အောင်နှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ပူးပေါင်းအဖွဲ့သည် စာသင်ကျောင်းများတွင် ခြင်ဆေးများဖျန်းပေးသည့်အပြင် ကျေးရွာမှ ဒေသခံပြည်သူများ၏ အိမ်ခြံဝင်းများ၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် ကျေးရွာအတွင်းချုံနွယ်ထူထပ်သောနေရာများ၊ ရေမြောင်းများတွင်လည်း ခြင်နှင့်ယင်များ မပေါက်ပွားနိုင်ရေးအတွက် ခြင်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## ထူးချွန်သူကို ဂုဏ်ပြုချီးမြှင့်

**မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုပွဲကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ် ရန်ကုန်၌ ဇူလိုင် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က ထူးချွန်အမျိုးသမီးတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**
တင်စိုး(မြန်မာ့အလင်း)

# မိုးနဲမြို့၌ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မိုးနဲ ဇူလိုင် ၇**
ပုံမှန်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်အရ ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးရာတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် (PCV) ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇူလိုင်လဆန်းမှစတင်၍ ထည့်သွင်းထိုးနှံပေးလျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်၌ ဇူလိုင် ၅ ရက်မှစ၍ စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ် ဉယျာဉ်ရပ်ကွက်ရှိ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးခြင်းဖြစ်ပြီး မိုးနဲမြို့ပေါ်ရှိ ရပ်ကွက်ငါးခုအတွင်းမှ အသက်နှစ်လပြည့်ပြီးသော ကလေးငယ်များနှင့် အသက်လေးလနှင့် ခြောက်လအရွယ် ကလေးငယ်တိုင်းအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးနှင့်အတူ ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးများကို ထိုးပေးသွားခြင်းဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမကြီး ဒေါ်နော်ကဖော်ဆေးက ပြောကြားသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



# ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**သရက် ဇူလိုင် ၇**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရွှေဘုံသာရပ် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြောခြင်းတို့ကို မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့က ဇူလိုင် ၅ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့မှ တာဝန်ခံ ဒေါက်တာလဲ့ရည်မွန်၊ သွားဘက်ဆရာဝန် ဒေါက်တာနှင်းမေမေလွင်နှင့် သူနာပြုအဖွဲ့များက ကျောင်းသားကျောင်းသူများအား ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာများကို သရုပ်ပြပုံများ ပြသဟောပြောကာ သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများနှင့် အခြားရောဂါများ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ခြင်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သရက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးဟောပြောပွဲများကို မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# မြင်းခြံမြို့ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ သစ္စာစီမံချက်အရ အခမဲ့ပြုလုပ်ပေးလျက်ရှိ

**မြင်းခြံ ဇူလိုင် ၇**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား ရက် ၁၀၀ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၄ ရက်က သွားရောက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းကြည်နှင့် ဝန်ထမ်းများက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီး မှတ်ပုံတင်မပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

မြင်းခြံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးဌာနအနေဖြင့် ရက် ၁၀၀ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြင်းခြံမြို့နယ်အတွင်းရှိ အထက(၁)၊ အထက (၃)၊ အထက(၄) ကျောင်းများတွင် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၉၉ ဦးအား ပြုလုပ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် အခြေခံပညာ ကျောင်းများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဒရော့ဘာလက်သစ်တစ်ဦးရဲ့ ပရီမီယာလိဂ် ခရီးကြမ်း






**အောင်က**

ချယ်လ်ဆီးအသင်းမန်နေဂျာသစ်ဖြစ်လာတဲ့ ကွန်တီဟာ အသင်းသစ်အတွက် ပထမဦးဆုံးခေါ်ယူမှုအနေနဲ့ မာဆေးအသင်းရဲ့တိုက်စစ်မှူးဘက်ရှူရီကို ယူရိုသန်း ၄၀ နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဒါဟာ ပရီမီယာလိဂ်နယ်မြေသစ်ကို စတင်ရောက်ရှိလာခဲ့တဲ့ မန်နေဂျာကွန်တီရဲ့ ပထမဦးဆုံး အားဖြည့်မှုလည်းဖြစ်ပါတယ်။ အသက် ၂၂နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘက်ရှူရီအနေနဲ့ ချယ်လ်ဆီးအသင်းရဲ့ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်တဲ့ ဒရော့ဘာနဲ့အသင်းတူ မာဆေးအသင်းကနေ ပြောင်းရွှေ့လာခဲ့ တာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ကို ခေါ်ယူခဲ့မှုဟာ လူတိုင်းအတွက်တော့ စိတ်လှုပ်ရှားစွာစောင့်ကြည့်ချင်စရာဖြစ်နေသလို ဒရော့ဘာလက်သစ်လို့တောင် ချစ်စနိုး ခေါ်ယူနေခဲ့ကြပါတယ်။

**ဘဝအစ**

ဘက်ရှူရီဟာ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မှာ မွေးဖွားခဲ့ပေမယ့် ကွန်ဂိုနွယ်ဖွားမိဘတွေကနေ ဆင်းသက်လာတဲ့သူဖြစ်ပါတယ်။ သူဟာ ၂၀၁၄ခုနှစ်မှာ အာဖရိကနွယ်ဖွားဘယ်လ်ဂျီယံကစားသမားတွေနဲ့ပတ်သက်ပြီး ချီးမြှင့်တဲ့ Belgian Ebony Shoe ဆုကိုရရှိခဲ့ပါတယ်။ ဘက်ရှူရီအနေနဲ့ လူငယ်ကစားသမားဘဝမှာတော့ အောက်တန်းအသင်းတွေမှာသာ ကျင်လည်ခဲ့ရပေမယ့် ၂၀၁၁ ခုနှစ်မှစပြီး စတန်းဒက်လီဂါအသင်းမှာ ပွဲဦးထွက်ကစားခွင့် ရရှိခဲ့ပါတယ်။ အဲ့ဒါကလည်းသူ့ရဲ့ ပရိုကစားသမားစတင်ခဲ့ရာနှစ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ သူဟာ မာဆေးအသင်းကို မပြောင်းရွှေ့ခင်၂၀၁၃-၁၄ ရာသီမှာတော့ စတန်းဒက်လီဂီအသင်း မှာ ၂၃ ဂိုးအထိသွင်းယူပေးခဲ့ပြီး အသင်းကို ဘယ်လ်ဂျီယံပရိုလိဂ်အမှတ်ပေးဇယားရဲ့အဆင့် ၂ နေရာတွင်ရပ်တည်နိုင်ဖို့ ကူညီပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဘက်ရှူရီဟာ ကွန်ဂိုနွယ်ဖွားဖြစ်တာကြောင့် ကွန်ဂိုလက်ရွေးစင်အသင်းမှာ ကစားခွင့်ရှိပေမယ့် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းမှာပဲကစားဖို့ ရွေးချယ်ခဲ့ပါတယ်။ သူဟာ ဘယ်လ်ဂျီယံယူ-၂၁အသင်းမှာ စတင်ပါဝင်ကစားခဲ့ပြီး ၁၃ပွဲကစားကာ ခုနစ်ဂိုးသွင်းယူပေးထားသူဖြစ်ပါတယ်။ သူဟာ ဘယ်လ်ဂျီယံ လက်ရွေးစင်အသင်းနဲ့အတူ ၂၀၁၅မှာ တော့ စတင်ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ယူရို၂၀၁၆မှာတော့ ဘက်ရှူရီဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားကာ တစ်ဂိုးသွင်းယူထားနိုင်ခဲ့သူ ဖြစ်ပါတယ်။

**ဒရော့ဘာလက်သစ်**

ဘက်ရှူရီရဲ့ပြောင်းရွှေ့ကြေးဟာ မာဆေးအသင်းအတွက်တော့ အသင်းရဲ့ စံချိန်တင်ရရှိမှုလည်းဖြစ်ပါတယ်။ ယခင်က မာဆေးအသင်းရဲ့စံချိန်တင်ရရှိ ထားခဲ့တဲ့ ပြောင်းရွှေ့ကြေးကတော့ ပေါင် ၂၄ သန်းဖြစ်ပြီး ၂၀၀၄ခုနှစ်က တိုက်စစ်မှူးဒရော့ဘာ ချယ်လ်ဆီးအသင်းကိုပဲ ပြောင်းရွှေ့သွားခဲ့စဉ်ကရရှိခဲ့တာ ဖြစ်ပါတယ်။ ဒရော့ဘာဟာ မာဆေးအသင်းမှာ တစ်ရာသီသာကစားခဲ့ပေမယ့် မာဆေးအသင်းတွက်တော့ ၁၉ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဘက်ရှူရီကတော့ မာဆေးအသင်းမှာ နှစ်ရာသီကြာကစားခဲ့ပြီး အသင်းအနေနဲ့ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ ကြုံတွေ့နေခဲ့ရတာကြောင့် ဘက်ရှူရီကို ရောင်းထုတ်ခဲ့တာလည်း ဖြစ်ပါ တယ်။ ပြီးခဲ့တဲ့ရာသီက မာဆေးအသင်းဟာ ပြင်သစ်လိဂ်ဝမ်းရဲ့အဆင့် ၁၃ နေရာမှာ စိတ်ပျက်စရာရပ်တည်နိုင်ခဲ့ပေမယ့် ဘက်ရှူရီကတော့ အသင်းအတွက်ပြိုင်ပွဲစုံမှာ ၂၃ဂိုး သွင်းယူပေးပြီး ဂိုးရရှိဖို့ ၁၀ ကြိမ်တိုင်ပံ့ပိုးပေးထားနိုင်ခဲ့တာကြောင့် အသင်းရဲ့ ဂိုးရရှိမှု ၅၄ ရာခိုင်နှုန်းကို ဖန်တီးပေးနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ အဲ့ဒီဖန်တီးနိုင်မှုဟာ ပြင်သစ်လိဂ်ဝမ်းမှာတော့သူနဲ့ ယှဉ်နိုင်တဲ့ ကစားသမားမရှိဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။

> **ဘက်ရှူရီကတော့ မာဆေးအသင်းမှာ နှစ်ရာသီကြာကစားခဲ့ပြီး အသင်းအနေနဲ့ ဘဏ္ဍာရေး အကျပ်အတည်းနဲ့ ကြုံတွေ့နေခဲ့ရတာကြောင့် ဘက်ရှူရီကိုရောင်းထုတ်ခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက မာဆေးအသင်းဟာ ပြင်သစ်လိဂ်ဝမ်းရဲ့အဆင့် ၁၃ နေရာမှာ စိတ်ပျက်စရာ ရပ်တည်နိုင်ခဲ့ပေမယ့် ဘက်ရှူရီကတော့အသင်းအတွက်ပြိုင်ပွဲစုံမှာ ၂၃ဂိုး သွင်းယူပေးပြီး ဂိုးရရှိဖို့ ၁၀ ကြိမ်တိုင်ပံ့ပိုးပေးထား**

သူ့ရဲ့ကြံ့ခိုင်မှုပိုင်းကလည်း အံ့သြဖွယ်ရာကောင်းလောက်အောင် ကြံ့ခိုင်မှုရှိပြီး အခွင့်အရေးဖန်တီးနိုင်မှုနဲ့ ပြိုင်ဘက်အသင်းတွေရဲ့နောက်တန်းခံစစ်ပိုင်းကို ထိုးဖောက်နိုင်မှုတွေမှာတော့ လက်နက်ကောင်းသဖွယ်အားကိုးရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ကို တိုက်စစ်မှူးဒရော့ဘာနဲ့တူတယ်လို့ ခိုင်းနှိုင်းကြတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နည်းစနစ်ပိုင်းစွမ်းရည်မှာတော့ ဒရော့ဘာထက်တောင်သာတယ်လို့ပြောနိုင်ပါတယ်။ ဘက်ရှူရီကိုယ်တိုင်ကတော့ ဒရော့ဘာလက်သစ်လို့ မခံယူဘဲ ဒရော့ဘာရဲ့ခြေရာအတိုင်း အောင်မြင်မှုတွေရယူသွားမယ်လို့ ဆိုပါတယ်။

**ချယ်လ်ဆီးအသင်းနှင့်အံဝင်မှု**

ချယ်လ်ဆီးအသင်းမန်နေဂျာသစ် ဖြစ်လာတဲ့ကွန်တီဟာ ရှေ့တန်းတိုက်စစ်မှာ တိုက်စစ်မှူးနှစ်ဦးတွဲထားတာကို ပိုမိုနှစ်သက်မှုရှိပါတယ်။ သူကိုင်တွယ်ခဲ့တဲ့ အသင်းတွေရဲ့ သမိုင်းကိုကြည့်မယ်ဆိုရင်လည်း တိုက်စစ်ပိုင်းမှာ ၂ယောက်ထားသုံးတာကိုတွေ့မှာဖြစ်ပါတယ်။ နာမည်ကြီးနည်းပြတွေအနေနဲ့ တိုက်စစ်ပိုင်းမှာ တိုက်စစ်မှူးနှစ်ဦးထားသုံးတာကိုမနှစ်သက်ပေမယ့် ကွန်တီကတော့ သူ့ရဲ့အောင်မြင်မှုရှိနေဆဲဖြစ်တဲ့ တိုက်စစ်မှူးနှစ်ဦးတွဲသုံးတဲ့ကစားကွက်ကိုတော့ လက်ရှိအချိန်အထိအသုံးပြုနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကွန်တီဟာ ချယ်လ်ဆီးအသင်းရဲ့တိုက်စစ်ပိုင်းမှာတော့ ဘက်ရှူရီနဲ့အတူ တိုက်စစ်မှူး ဒီယေဂို ကော်စတာကို တွဲသုံးသွားဖို့ရှိနေပါတယ်။ ဒါ့အပြင် တိုက်စစ်မှူး ဘက်ရှူရီဟာ ပြီးခဲ့တဲ့ ယူရို၂၀၁၆ မှာလည်း ဘယ်လ်ဂျီယံအသင်းမှာ ဟာဇတ်နဲ့ အတွဲညီညီကစားနိုင်ခဲ့တာကြောင့် လာမည့် ရာသီမှာလည်း ချယ်လ်ဆီးအသင်းမှာတော့ ဟာဇတ်နဲ့ အတွဲညီစွာကစားနိုင်ဖို့ရှိနေပါတယ်။

ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းကို မန်နေဂျာသစ်အဖြစ်ရောက်ရှိလာတဲ့ ကွန်တီရဲ့လက်အောက်မှာ ပထမဦးဆုံးအကြိမ်စတင်ကစားရမယ့် တိုက်စစ်မှူး ဘက်ရှူရီအနေနဲ့ ပရီမီယာလိဂ်ခရီးကြမ်းကို အောင်မြင်စွာဘယ်လိုဖြတ်သန်းမလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ■

## အာဆင်ဝင်းဂါးအား စာချုပ်သစ်ကမ်းလှမ်းရန် အာဆင်နယ်အသင်း စီစဉ်

**ထက်အောင်**

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် မန်နေဂျာ အာဆင်ဝင်းဂါးအား စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းရန် စီစဉ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အက်ဖ်အေက အင်္ဂလန်အသင်း မန်နေဂျာသစ်အဖြစ် ခန့်အပ်လိုသည့် မန်နေဂျာများစာရင်းတွင် ပြင်သစ်နိုင် ငံသား အာဆင်ဝင်းဂါး ပါဝင်နေသောကြောင့် အာဆင်နယ်အသင်းအနေဖြင့် မန်နေဂျာ အာဆင်ဝင်းဂါးအား မဆုံးရှုံးရစေရေးအတွက် စာချုပ်သစ် ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မန်နေဂျာ အာဆင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၁၂ လသာ ကျန်ရှိတော့သည်။

အက်ဖ်အေအနေဖြင့် အာဆင်ဝင်းဂါးအား အင်္ဂလန်အသင်းမန်နေဂျာသစ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် အာဆင်နယ်နှင့် မန်နေဂျာ အာဆင်ဝင်းဂါးတို့ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ စောင့်ဆိုင်းရန် လိုလားနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အင်္ဂလန်အသင်းမန်နေဂျာအဖြစ် ခန့်အပ်ခံရရန် စိတ်ဝင်စားမှုခံနေရခြင်းနှင့်ပတ်သက်၍ မန်နေဂျာ အာဆင်ဝင်းဂါးက "အာဆင်နယ်နဲ့ စာချုပ်သက်တမ်းက ၂၀၁၇ ခုနှစ်အထိ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေအပေါ်မှာ အမြဲတမ်းလေးစားခဲ့သူပါ။ ဒါပေမယ့် အာဆင်နယ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ ဘာဖြစ်လာမလဲဆိုတာကိုတော့ မသိသေးပါဘူး။

အင်္ဂလန်အသင်းကို တာဝန်ယူဆိုတာက မန်နေဂျာတိုင်းအတွက် စိန်ခေါ်မှုပါ။ အင်္ဂလန်ကစားသမားတွေဟာ ငယ်ရွယ်ပြီး အရည်အချင်းရှိတဲ့ ကစားသမားတွေဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။ ၁၉၉၆ ခုနှစ် ကတည်းက အာဆင်နယ်အသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့သူ အာဆင်ဝင်းဂါး (၆၆နှစ်) အား အင်္ဂလန်အသင်းမန်နေဂျာသစ်ဖြစ်လာရန် အင်္ဂလန်ကစားသမားများကလည်း လိုလားလျက်ရှိသည်ဟုဆိုသည်။ မန်နေဂျာ အာဆင်ဝင်းဂါးသည် ယခင်က အက်ဖ်အေ၏ ကမ်းလှမ်းမှု နှစ်ကြိမ်တိုင် ငြင်းဆိုခဲ့ဖူးပြီး အင်္ဂလန်အသင်းအတွက် အင်္ဂလိပ်လူမျိုး မန်နေဂျာသာ လိုအပ်ကြောင်း ပြောဆိုခဲ့ဖူးသူ ဖြစ်သည်။



## ကွင်းအတွင်း ရော်နယ်ဒိုအား ပွေ့ဖက်ရန် ကြိုးစားခဲ့သည့် ပရိသတ်အား ပြစ်ဒဏ်ချမှတ်

ယူရို ၂၀၁၆ ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပိုလန်နှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်၌ ကွင်းအတွင်း ပြေးဝင်လာပြီး ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုကို ပွေ့ဖက်ရန် ကြိုးစားခဲ့သည့် ပရိသတ်တစ်ဦးအား ဒဏ်ငွေ ယူရို ၅၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ပိုလန်နှင့် ပေါ်တူဂီအသင်းတို့ ကစားခဲ့သောပွဲ၌ ပွဲချိန် ၁၁၀ မိနစ်တွင် ဆွစ်ဇာလန်ဘောလုံးပရိသတ်တစ်ဦးဖြစ်သူ ကာရီမာ (၂၂နှစ်)သည် ကွင်းအတွင်း ပြေးဝင်လာပြီး ရော်နယ်ဒို အား ပွေ့ဖက်ရန် ကြိုးစားခဲ့ခြင်းကြောင့် ကွင်းလုံခြုံရေးများက ကာရီမာအား ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။ ပြီးခဲ့သည့် ဩဂုတ် ၁၉ ရက်တွင် ပေါ်တူဂီနှင့် ဩစတြီးယားအသင်းတို့ ဂိုးမရှိ သရေကျခဲ့သော အုပ်စုပွဲတွင်လည်း ပရိသတ်တစ်ဦးသည် ကွင်းအတွင်း ပြေးဝင်လာပြီး ရော်နယ်ဒိုနှင့် ဓာတ်ပုံရိုက်ကူးရန် ကြိုးစားခဲ့ရာ ကွင်းလုံခြုံရေးများက အဆိုပါ ပရိသတ်ကို ထိန်းသိမ်းရန် ကြိုးစားခဲ့သော်လည်း ရော်နယ်ဒိုက လုံခြုံရေးတာဝန်ရှိသူများကို တားဆီးကာ အဆိုပါပရိသတ်အား သူနှင့်အတူ ဓာတ်ပုံရိုက်ကူးခွင့်ပေးခဲ့သည်။



# လှုပ်ခတ်လာတော့မည့် ၂၀၁၆ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်

**ဝေမိုးဆက်**

ယူရို ၂၀၁၆ ပြိုင်ပွဲကတော့ ပြီးဆုံးခါနီးအချိန်ကို ရောက်ရှိလာခဲ့ပြီ။ အခုဆိုရင် ဆီမီးဖိုင်နယ်ပွဲစဉ်တွေတောင်ယှဉ်ပြိုင်ကစားခဲ့ပြီးတဲ့နောက် ဗိုလ်လုပွဲကိုတောင် ယှဉ်ပြိုင်ကစားတော့မှာဆိုတော့ အဆိုပါပြိုင်ပွဲ ပြီးဆုံးချိန်နဲ့ပတ်သတ်ပြီး ဘာများပြောစရာရှိမလဲ။ အဆိုပါပြိုင်ပွဲမှာ မထင်မှတ်ဘဲခြေစွမ်းပြခဲ့တဲ့ဝေးလ်အကြောင်းလား။ ဒါမှမဟုတ် အီတလီရဲ့ ခြေရည်ခြေသွေးလား။ ဒါမှမဟုတ်ဒီပြိုင်ပွဲမှာ ခြေစွမ်းမပြနိုင်ခဲ့တဲ့ နာမည်ကြီး ကစားသမားတွေအကြောင်းလား။ ပြောမယ်ဆိုရင်ပေါ့။ ဒီလိုယူရိုပြိုင်ပွဲကြီးပြီးဆုံးခါနီးဖြစ်လာတဲ့အချိန်မှာ ပြောဆိုစရာအကြောင်းအရာ အများအပြားရှိနေတယ် ဆိုသော်ငြား အများစုကတော့ အဆိုပါယူရိုပြိုင်ပွဲကြီးပြီးဆုံးချိန်မှာ လှုပ်ခတ်လာတော့မယ့် နွေရာသီ အပြောင်းအရွှေ့ဈေးကွက် အခြေအနေက ပိုမိုစိတ်ဝင်စားဖို့ကောင်းလာတယ်လို့ ဆိုကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒီနှစ်နွေရာသီက အရင်နွေရာသီနဲ့ မတူဘူး။ ဒီယူရို ၂၀၁၆ ပြိုင်ပွဲကြီးနဲ့အတူ အရင်နွေရာသီတွေတုန်းကလို အပြောင်းအရွှေ့သတင်းတွေက လှုပ်လှုပ်ခတ်ခတ်မရှိလှသလို အများစုကလည်း အဆိုပါယူရို ၂၀၁၆ ပြိုင်ပွဲအောက်မှာ ကလပ်အသင်းတွေရဲ့ ပြုပြင်တည်ဆောက်မှုဖြစ်တဲ့ အပြောင်းအရွှေ့ကိစ္စရပ်တွေကို မေ့လျော့နေခဲ့ကြသော်ငြား ကျွမ်းကျင်သူအများစုကတော့ ဒီနှစ်နွေရာသီဈေးကွက်ဟာလည်း အရင်နွေရာသီဈေးကွက်တွေလိုပဲ လှုပ်လှုပ်ခတ်ခတ်ရှိလာနိုင်ပါတယ်လို့ သုံးသပ်ကောက်ချက်ဆွဲခဲ့ကြတယ်။

အထူးသဖြင့်ပေါ့။ လာမယ့်ရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာက ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးတို့က မန်နေဂျာအပြောင်းအလဲတွေ ဖြစ်ထားကြတယ်။ မန်ယူမှာက ဗန်ဟားလ်ရဲ့နေရာကို မော်ရင်ညိုဝင်တယ်။ မန်စီးတီးမှာလည်း ပယ်လီဂရီနီအစား ဂွာဒီယိုလာရောက်လာတယ်။ ချယ်လ်ဆီးကိုလည်း လက်ရှိအီတလီနည်းပြ ကွန်တီက ကိုင်တွယ်တော့မှာဆိုတော့။ ဒီယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးတာနဲ့ တစ်ပြိုင်နက် ဈေးကွက်အတွင်းကို ထိထိမိမိတိုးဝင်လာနိုင်တယ်လို့ သုံးသပ်ကြတယ်။

ပြောမယ်ဆိုရင်တော့။ ပရီမီယာလိဂ်အသင်းတွေဟာ လာမယ့် ၂၀၁၆- ၁၇ ဘောလုံးရာသီမှာ ရုပ်သံဝင်ငွေကို ပိုမိုတိုးမြှင့်ရရှိကြတော့မယ်။ ပြောမယ်ဆိုရင်ပြီးခဲ့တဲ့ ၂၀၁၅-၁၆ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့တဲ့ လက်စတာအသင်းက ရုပ်သံထုတ်လွှင့်ခ စုစုပေါင်း ပေါင် ၉၃ သန်းရတယ်။ ဒါပေမယ့် လာမယ့် ၂၀၁၆-၁၇ ဘောလုံးရာသီမှာဆိုရင်တော့ ပရီမီယာလိဂ် ချန်ပီယံအသင်းဟာ ရုပ်သံထုတ်လွှင့်ခအဖြစ် စုစုပေါင်းပေါင် သန်း ၁၅၀ နီးပါးရမယ်။ အရှင်းဆုံးပြောရရင် အမှတ်ပေးဇယားရဲ့အောက်ဆုံးမှာ ရပ်တည်နိုင်တဲ့အသင်းတောင်မှ လာမယ့်ရာသီကျရင် ရုပ်သံလွှင့်ခဝင်ငွေ စုစုပေါင်း ပေါင် ၉၇ သန်းလောက်ရရှိလာတော့မှာဆိုတော့ အဆိုပါဝင်ငွေတိုးလာမှုနဲ့အတူပရီမီယာလိဂ်ကလပ်တွေရဲ့ ဈေးကွက်အတွင်း အပြိုင်အဆိုင်တိုးဝင်နိုင်အားကပါ ပိုမိုအားကောင်းလာနိုင်မယ့်အခြေအနေမှာရှိတယ်လို့ သုံးသပ်ယူဆကြတာဖြစ်တယ်။

ကျွမ်းကျင်သူတွေကဆိုရင် ပရီမီယာလိဂ်ကလပ်တွေဟာ အပြောင်းအရွှေ့ဈေးကွက်တွေမှာ ၂၀၁၅ ခုနှစ်အတွင်း ပေါင်တစ်ဘီလီယံကျော်သုံးစွဲကာ စံချိန်တင်ခဲ့သလိုပဲ ဒီနှစ်အပြောင်းအရွှေ့ဈေးကွက်တွေမှာလည်း ပေါင်တစ်ဘီလီယံထက်မနည်းတဲ့ငွေကြေးပမာဏကို အသုံးပြုလာနိုင်တယ်လို့ ခန့်မှန်းကြတယ်။ အရှင်းဆုံးပြောရရင် ပြီးခဲ့တဲ့ နွေရာသီဈေးကွက်တစ်ခုတည်းမှာတင် ပရီမီယာလိဂ်ကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှုဟာ ပေါင်သန်း ၈၇၀ လောက်အထိ ရှိခဲ့ပြီး ဒီနွေရာသီဈေးကွက်မှာ ပရီမီယာလိဂ်ကလပ်တွေရဲ့ငွေသုံးစွဲမှုဟာ ပေါင် တစ်ဘီလီယံလောက်ကိုရှိနိုင်တယ်လို့ ခန့်မှန်းထားမှုတွေရှိနေတယ်။

ဒါ့အပြင် နွေရာသီဈေးကွက်ဟာ ဆိုခဲ့ပြီးတဲ့အတိုင်း ယူရို၂၀၁၆ ကြောင့် ငြိမ်သက်မှုအနည်းငယ် ရှိခဲ့သော်ငြား အဆိုပါပြိုင်ပွဲ ပြီးဆုံးသွားတာနဲ့ တပြိုင်နက် အဆိုပါနွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဟာ လှုပ်ခတ်မှုပြင်းထန်လာနိုင်တယ်လို့ တွက်ဆကြတဲ့အထဲမှာ ပရီမီယာလိဂ်ကလပ်တွေရဲ့ ဝင်ငွေတိုးတက်လာမှု တစ်ခုတည်းကြောင့်သာမဟုတ်ဘဲ အခြားအကြောင်းတရားတွေပါ ရှိနေတယ်လို့လည်း ဆိုကြပြန်တယ်။ ပြောမယ်ဆိုရင် ပြီးခဲ့တဲ့ရာသီမှာ နာမည်ကြီး ဘာစီလိုနာဟာ ပြည်တွင်းဆုဖလားနှစ်လုံးကို ရယူနိုင်ခဲ့သော်ငြား ချန်ပီယံလိဂ်မှာ ချန်ပီယံမဖြစ်ခဲ့ဘူး။ ဒီတော့ ဘာစီလိုနာအနေနဲ့လည်း သူတို့ရဲ့အင်အားကိုထပ်မြှင့်ပြီး ဥရောပ အောင်မြင်မှုပြန်ယူနိုင်ဖို့နဲ့ ထွက်ခွာသူတွေရဲ့နေရာ အစားထိုးဖို့ပါ ဈေးကွက်ထဲ ပြင်းပြင်းထန်ထန် တိုးဝင်လာနိုင်တယ်။

ဒါ့အပြင် ဘိုင်ယန်ကလည်း နည်းပြအပြောင်းအလဲဖြစ်ထားသလို အခြားငွေသုံးနိုင်တဲ့ ဂျူဗင်တပ်စ်၊ ပီအက်စ်ဂျီတို့ကလည်း မနှစ်က ဥရောပအောင်မြင်မှုနဲ့ဝေးခဲ့ရတယ်ဆိုတော့ ဘိုင်ယန်ရဲ့ အန်ဆယ်လော့တီစိတ်ကြိုက်ပြုပြင်ပြောင်းလဲလာမယ့် အနေအထား၊ ဂျူဗင်တပ်စ်၊ ပီအက်စ်ဂျီတို့ရဲ့ ထပ်မံအင်အားတိုးမြှင့်ဦးမယ့်အခြေအနေတွေအရနဲ့ပါ ချိန်ဆကြည့်မယ်ဆိုရင် ဒီနွေရာသီဈေးကွက်ဟာ အဆိုပါယူရိုပြိုင်ပွဲပြီးဆုံးတာနဲ့ တစ်ပြိုင်နက်လှုပ်ခတ်မှုအား ကောင်းလာနိုင်တယ်လို့ ယူဆထားကြတယ်။

အထူးသဖြင့် လက်ရှိအချိန်မှာတင် ပရီမီယာလိဂ်ကလပ်တွေအပြင် အခြားဥရောပက လပ်တွေကပါ ငွေသုံးစွဲမှုအချို့စတင်ပြုလုပ်နေခဲ့ပြီဖြစ်သလို ကစားသမားတွေကိုလည်း အပြိုင်အဆိုင် ခေါ်ယူနေကြတာကို တွေ့နေရတယ်။ မန်စီးတီးဆိုရင် ဒေါ့မွန်ကစားသမား ဂန်ဒိုဂန်နဲ့ နိုလီတိုတို့ကို ခေါ်ယူထားခဲ့ပြီးပြီ။ မန်ယူက ဗီလာရီးရဲ့ ခံစစ်မှူးဘိုင်လီနဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်တို့ကို ခေါ်ယူထားခဲ့ပြီးပြီ။ အာဆင်နယ်ကလည်း ဂလာဘတ်ချ် ကွင်းလယ်ကစားသမား ဇာခါကိုခေါ်ယူထားခဲ့သလို လီဗာပူးကလည်း ရှော့လ်ကေးခံစစ်မှူး မာတစ်နဲ့ ဆောက်သမ်တန်ကစားသမားမာနီတို့ကို ခေါ်ယူထားခဲ့ပြီးပြီ။ ပီအက်စ်ဂျီဆိုရင်လည်း ဘင်အာဖာကို ခေါ်ယူလိုက်ပြီဖြစ်သလို ဘာစီလိုနာကလည်း ဆမ်မြူရယ်အမ်တီတီကို ခေါ်ယူထားကာ ချယ်လ်ဆီးကလည်း မာဆေးတိုက်စစ်မှူး ဘက်ရှုရီကို ခေါ်ယူထားလိုက်ပြီ။ ဒါ့အပြင် ဂျူဗင်တပ်စ်ဆိုရင်လည်း ရိုးမားကွင်းလယ်ကစားသမား ပီဂျာနစ်နဲ့ ဘာစီလိုနာခံစစ်မှူး အဲဗက်စ်တို့ကို ခေါ်ယူခဲ့ပြီးဖြစ်သလို ဂျာမနီရဲ့ ဘိုင်ယန်ဆိုရင်လည်း ဒေါ့မွန်ခံစစ်မှူး ဟမ်းမဲလ်နဲ့ ဘင်ဖီကာကစားသမား ရီနာတိုဆန်းချက်ဇ်တို့ကိုအရယူထားခဲ့ပြီးပြီ။ အရှင်းဆုံးပြောရရင် အဆိုပါခေါ်ယူမှုတွေကို ကြည့်ရုံနဲ့တင် ၂၀၁၆ ခုနှစ်ရဲ့နွေ ရာသီအပြောင်းအရွှေ့ဈေးကွက်ဟာ အခုကတည်းက အစပျိုးလှုပ်ခတ်နေပြီလို့တောင် ဆိုနိုင်တယ်။

တကယ်တော့ပေါ့။ လက်ရှိအချိန်မှာ ဆိုခဲ့ပြီးတဲ့အတိုင်း ၂၀၁၆ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဟာ အဆိုပါ ယူရို ၂၀၁၆ ပြိုင်ပွဲကြောင့် ထင်မှတ်ထားသလောက် လှုပ်ခတ်အားမကောင်းဘူးလို့ ဆိုနိုင်သော်ငြား အဆိုပါ အခြေအနေဟာ ခဏတာငြိမ်သက်ခဲ့ခြင်းရယ်လို့တောင် ဆိုကြတယ်။ ပြောမယ်ဆိုရင် ဒီယူရိုပြိုင်ပွဲဟာ ကစားသမားတွေရဲ့ ခြေရည်ခြေသွေးကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း လေ့လာသုံးသပ်နိုင်တဲ့ အကောင်းဆုံးအခွင့်အရေးဖြစ်သလို ကစားသမားကောင်းတွေနဲ့ အလားအလာရှိတဲ့ ကစားသမားလေးတွေကိုပါ တစ်ပြိုင်နက် လေ့လာအကဲဖြတ်နိုင်တဲ့ ပြိုင်ပွဲလည်းဖြစ်တော့ ကလပ်အသင်းတွေရဲ့ ခြေလှမ်းတွေ တုံ့ဆိုင်းခဲ့ကြခြင်းဟာ စောင့်ကြည့်အကဲဖြတ်နေခဲ့ကြခြင်းကြောင့်သာဖြစ်တယ်လို့လည်း ကောက်ချက်ဆွဲကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ကလပ်အသင်းအများစုဟာ အဆိုပါယူရိုပြိုင်ပွဲမှာ ပါဝင်ကစားခဲ့တဲ့ ကစားသမားတွေကို စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်နေခဲ့ကြသလို ကစားသမားတွေအနေနဲ့လည်း နိုင်ငံအသင်းအတွက် အာရုံစိုက်နေကြတဲ့အတွက် သူတို့ရဲ့အနာဂတ်ကိစ္စတွေကို ဆုံးဖြတ်နိုင်ခြင်းမရှိခဲ့တာကြောင့်သာ အပြောင်းအရွှေ့ကိစ္စတွေဟာ ထင်သလောက် မြိုင်ဆိုင်မှုမရှိခဲ့ကြတာဖြစ်ပေမယ့်လည်း လက်ရှိအချိန်လို ယူရိုပြိုင်ပွဲက ပြီးဆုံးခါနီး ဖြစ်လာချိန်မှာတောင် အပြောင်းအရွှေ့ကိစ္စ ရပ်တွေ ခပ်စိပ်စိပ်ဖြစ်လာခဲ့တာကို ကြည့်ရင် ယူရိုပြိုင်ပွဲကြီး ပြီးဆုံးသွားချိန်မှာ လက်ရှိနွေရာသီဈေးကွက်ဟာ ပိုမိုပြီးလှုပ်ခတ်အားကောင်းလာမယ်လို့သာ ဆိုချင်မိပါတယ်။

# မက်ဆီကဲ့သို့ အဂူရိုသည်လည်း နိုင်ငံအသင်းမှ အနားယူဖြစ်နိုင်သည်ဟု အဂူရို၏ ဖခင် ပြောဆို

**ထက်အောင်**

အာဂျင်တီးနား လက်ရွေးစင်အသင်းမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းကို မက်ဆီ ပြန်လည် ပြင်ဆင်ခြင်းမရှိပါက အာဂျင်တီးနားကစားသမားတစ်ဦးဖြစ်သူ တိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည်လည်း မက်ဆီကဲ့သို့ နိုင်ငံအသင်းမှ အနားယူဖြစ်နိုင်ကြောင်း အဂူရို၏ ဖခင်ဖြစ်သူ လီယိုနယ်ဒဲလ်ကာစတီလိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဂျင်တီးနားနှင့် ချီလီတို့ ကစားခဲ့သော ရာပြည့်ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ဘာစီလိုနာကစားသမား မက်ဆီက နိုင်ငံအသင်းမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်ပြီး အာဂျင်တီးနားပရိသတ်များက မက်ဆီအား နိုင်ငံအသင်းတွင် ပြန်လည်ပါဝင်ရန် တောင်းဆိုမှုများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံအသင်းမှ အနားယူပြီဖြစ်ကြောင်း မက်ဆီ ကြေညာခဲ့ပြီး မကြာမီ၌ပင် မန်စီးတီးတိုက်စစ်မှူး အဂူရိုကလည်း အာဂျင်တီးနားကစားသမား အချို့သည် နိုင်ငံအသင်းကစားသမား ဘဝအနာဂတ်နှင့် ပတ်သက်၍ စဉ်းစားဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် အင်္ဂါနေ့တွင် အာဂျင်တီးနားအသင်းနည်းပြ မာတီနိုသည်လည်း ရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းကြောင့် အဂူရိုအနေဖြင့် နိုင်ငံအသင်းအတွက် ဆက်လက်ပါဝင်ရေး မရေမရာဖြစ်နေရသည်ဟု ကာစတီလိုက ပြောဆိုခဲ့သည်။

“တကယ်လို့ မက်ဆီဟာ နိုင်ငံအသင်းကနေ အနားယူဖို့ ဆုံးဖြတ်ချက်ကို မပြင်ဆင်ဘူးဆိုရင် အဂူရိုလည်း မက်ဆီလိုပဲ နိုင်ငံအသင်းကနေ အနားယူသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ သူတို့ဟာ ကစားသမားသစ်တွေအတွက် နေရာပေးရမှာပါ။ မီဒီယာတွေက အာဂျင်တီးနားအသင်းဟာ လက်ရှိကစားသမားတွေနဲ့တင် အပြီးသတ်နေတယ်လို့ ရေးသားကြတယ်။ ကျွန်တော့်အနေနဲ့လည်း လက်ရှိအာဂျင်တီးနားကစားသမားအချို့ဟာ မျိုးဆက်သစ်ကစားသမားတွေအတွက် တံခါးဖွင့်ပေးသင့်တယ်လို့ ယူဆတယ်” ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး အဂူရို(၂၈နှစ်)သည် ၂၀၀၆ ခုနှစ်ကတည်းက အာဂျင်တီးနားအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး နိုင်ငံအသင်းအတွက် ၃၃ ဂိုးသွင်းယူပေးထားကာ အာဂျင်တီးနားအသင်း သမိုင်းကြောင်းတစ်လျှောက် ပဉ္စမမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်းကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင် ၄ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ထားသည့် အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်ကူပြု အခြေခံကွန်ပျူတာသင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၁၁ ဦးအား MCC Computer Training Center မှ သင်တန်းနည်းပြ ဆရာ ဆရာမများက သင်ကြားပေးလျက်ရှိကာ အခြေခံကွန်ပျူတာဘာသာရပ်အပြင် Integrated Farming ဘာသာရပ်၊ စိုက်ပျိုးရေးဆိုင်ရာအသိပညာများ၊ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း တွဲဖက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အားလုံးကို အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၃ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။




သင်တန်းကို ကျေးလက်နေလူငယ်များ နည်းပညာဆိုင်ရာ ဗဟုသုတများရရှိလာရန်နှင့် စွမ်းဆောင်ရည်များ တိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်နှင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောကြားသည်။

**ထွေးထွေး(စဉ့်ကိုင်)**

# မိုးပဲတီစိမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း ပုဗ္ဗသီရိမြို့နယ်မှ တောင်သူများအဆင်ပြေ

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးထားသည့် မိုးပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်ရရှိပုံနှင့် ပတ်သက်၍ လယ်သာကျေးရွာမှ မိုးပဲတီစိမ်း (၃)ဧက စိုက်ပျိုးထားသည့် တောင်သူ ဦးညွန့်မောင်က "အခုစိုက်ပျိုးထားတဲ့ မိုးပဲတီစိမ်းတွေကို နောက် ၁၄ ရက်၊ ၁၅ ရက်လောက်နေရင် နုတ်ယူပြီး နေပူလှန်း၊ စက်နဲ့ခြွေလှေ့ပြီး ရောင်းလို့ရပါပြီ။ ရောင်းချတဲ့အခါမှာလည်း ယခုကာလပေါက်ဈေးအနေနဲ့ တစ်တင်းကို သုံးသောင်းခွဲလောက်ရရှိပြီး အထွက်နှုန်းအနေနဲ့ကတော့ တစ်ဧကကို ၁၀ တင်းနှုန်း ထွက်ရှိတဲ့အတွက် အမြတ်ငွေအနေနဲ့ကတော့ တစ်ဧကကို ကျပ်နှစ်သိန်းခွဲလောက် အမြတ်ရပါတယ်"ဟုပြောသည်။

ပဲတီစိမ်းစိုက်ပျိုးသည့် လုပ်ငန်းအဆင့်ဆင့်နှင့် စရိတ်ကုန်ကျမှုနှင့် ပတ်သက်၍လည်း "ကျွန်တော့်အနေနဲ့ ပဲတီစိမ်း(ရင်ကွဲ)မျိုးတွေကို ဇွန်လပိုင်းလောက်မှာ စတင်စိုက်ပျိုးပြီး မျိုးစေ့တစ်ပြည်ကို သုံးထောင့်ငါးရာနှုန်းနဲ့ ဝယ်ယူရပါတယ်။ တစ်ဧကကို မျိုးစေ့လေးပြည်နှုန်းစိုက်ပျိုးပြီး ဆေးဖိုး၊ အလုပ်သမားခ၊ ထွန်ယက်ခအပါအဝင် စိုက်ပျိုးစရိတ်အနေနဲ့ တစ်ဧကကို ကျပ်တစ်သိန်းနှုန်းလောက် ကုန်ကျပါတယ်။ မိုးပဲတီစိမ်းက မိုးပုံမှန်ရွာဖို့က အဓိကပါ၊ ကျန်တာတွေကတော့ ပေါင်းနုတ်တယ်။ လူက ပြုပြင်ပေးရတယ်။ လိုအပ်ရင် ဆေးဖျန်းပေးရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အောင်ကို(ပြန်/ဆက်)**



# မြဝတီမြို့၌ အာဇာနည်နေ့အခမ်းအနား စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

**မြဝတီ ဇူလိုင် ၇**

ကရင်ပြည်နယ် မြဝတီမြို့တွင် (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အကြို ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ဇွန် ၅ ရက်က အာဇာနည်ပန်းခြံ ခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်ရဲမှူးကြီးတင်မျိုးထူး၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌဦးသန်းရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌက အာဇာနည်နေ့အခမ်းအနား ကျင်းပနိုင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အာဇာနည်နေ့အခမ်းအအနား စနစ်တကျ ကျင်းပနိုင်ရေးနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ခရိုင်ရဲမှူးကြီးက လုံခြုံရေးကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စည်ပင် ဒုတိယညွှန်ကြားရေးမှူးက တက်ရောက်အလေးပြုမည့် ပြည်သူများအား နေရာချထားရေးကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အာဇာနည်နေ့အကြိုဟောပြောပွဲများ ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**


## MECTel Lucky Draw မိုးဦးရာသီကံစမ်းမဲ ( ပထမအကြိမ် ) ကံထူးရှင် အမည်စာရင်း

ရက်စွဲ ၁၈. ၆. ၂၀၁၆

| စဉ် | ပေါက်မဲအမှတ် | ဖုန်းနံပါတ် | အမည် | နေရပ်လိပ်စာ | ဆုမဲအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၀၇၆၄ | ၀၉-XX၁၄၄၄၇၃ | မစန္ဒာလင်း | အမှတ်(၉၉၉/က)၊ သခင်ကိုယ်တော်မှိုင်းလမ်း၊ ၁၈ရပ်ကွက်၊လှိုင်သာယာ | Samsung Galaxy S7 Edge | |
| ၂ | ၀၄၀၅ | ၀၉-XX၇၀၂၁၅၈ | ကိုကျိုက်ယီ | ရှမ်းပြည်နယ်(ရှေ့)၊ မိုင်းခတ် | ရွှေဒင်္ဂါး (၁) ကျပ်သား | |
| ၃ | ၁၂၈၂ | ၀၉-XX၉၅၆၂၀၃ | မစန်းစန်းအေး | ကျိုင်းတုံလေဆိပ်၊ ရှမ်းပြည်နယ်(ရှေ့) | ရွှေဒင်္ဂါး (၁) ကျပ်သား | |
| ၄ | ၁၃၃၄ | ၀၉-XX၈၀၅၅၉၉ | မစံခမ်း | ရှမ်းပြည်နယ်(ရှေ့)၊ မိုင်းဆတ် | ရွှေဒင်္ဂါး (၁) ကျပ်သား | |
| ၅ | ၀၆၃၉ | ၀၉-XX၅၈၄၈၈၅ | အရာခံဗိုလ်အောင်ကြူ | အုတ်တွင်း၊ တောင်ငူ | Samsung Galaxy Note 4 (CDMA) | |
| ၆ | ၀၁၁၄ | ၀၉-XX၄၃၀၀၄၉ | ကိုမင်းမင်းသိန်း | ရတနာမာန်အောင်ရပ်ကွက်၊ နယ်မြေ(၁)၊ မိတ္ထီလာမြို့ | Samsung Galaxy Note 4 (CDMA) | |
| ၇ | ၀၄၈၁ | ၀၉-XX၈၇၃၉၉၄ | ကိုဇော်ဝင်းခိုင် | တောင်ငူ | LG 43" TV | |
| ၈ | ၁၁၇၀ | ၀၉-XX၉၅၇၉၅၇ | ကိုသိန်းဝင်း | ဖျာပုံ | Huawei CDMA Handset (Honor) | |
| ၉ | ၁၃၇၂ | ၀၉-XX၉၁၀၄၇၁ | ကိုအောင်ကိုထက် | အမှတ်(၉)ဆေးတပ်ရင်း၊ အမှတ်(၃)တပ်ခွဲ၊ မိုင်းပန်မြို့၊ ရှမ်း(တောင်) | Huawei CDMA Handset (Honor) | |
| ၁၀ | ၁၉၂၇ | ၀၉-XX၃၃၁၁၃၀၃ | ဦးကျော်ဇင်ဦး | အမှတ်(၁၀၈)၊ ဥ၁လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန် | Huawei CDMA Handset (Honor) | |
| ၁၁ | ၀၀၄၂ | ၀၉-XX၄၉၅၇၀၉ | မတင်တင်ကြိုင် | အမှတ်(၆၁၆)၊ ရွာမအနောက်၊ မင်းစေတီလမ်း၊ အင်းစိန်မြို့နယ် | Huawei CDMA Handset (Honor) | |
| ၁၂ | ၁၅၇၂ | ၀၉-XX၆၈၈၇၆၄ | ကိုသက်ဦး | အမှတ်(၁၇၃)၊ သုနန္ဒာ(၁၅)လမ်း၊ ဆရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ် | Huawei CDMA Handset (Honor) | |

(မှတ်ချက်။ ကံထူးရှင်၏ Confidential အရရှေ့ဂဏန်းနှစ်လုံးအား မဖော်ပြခြင်းဖြစ်ပါသည်။)
အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၃၁၃၁၃၁၃၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ကံစမ်းမဲစောင်ရေသတ်မှတ်ချက်များ

MECTelဖုန်းအချင်းချင်းခေါ်ဆိုပါက(၁)မိနစ်(၁)စောင်၊ MECTel ဖုန်းအတွင်း ငွေဖြည့်သွင်းပါက (၃၀၀၀)ကျပ် (၃၅)စောင် ၊ (၅၀၀၀)ကျပ် (၇၀)စောင် ၊ (၁၀၀၀၀)ကျပ် (၁၅၀)စောင် (ငွေဖြည့်သွင်းရာတွင် ခဲခြစ် ငွေဖြည့်ကဒ် ၊ Myanmar Mobile Money ၊E-Top Up များပါဝင်သည်)SIM card အသစ်ဝယ်ယူသုံးစွဲပါက ကံစမ်းမဲလက်မှတ်(၁၀၀)စောင်ရရှိပါမည်။

ရွှေမေတ္တာအစီအစဉ်ဝယ်ယူသုံးစွဲမှုတွင် လစဉ်၁လစာအတွက် ဖုန်းပြောဆိုခြင်း ၊ မက်ဆေ့ပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်း၊ Silver Package (၃၅၀) စောင်၊ Golden Package (၇၀၀)စောင်၊ Diamond Package (၁၅၀၀)စောင်

ရွှေမေတ္တာလစဉ် ဖုန်းပြောဆိုခြင်း အစီအစဉ်တွင် 480 မိနစ်(၆၀၀)စောင်၊ 120 မိနစ်(၁၄၀)စောင် ၊ 60 မိနစ် (၇၀)စောင်

ရွှေမေတ္တာ SMS လစဉ်(မက်ဆေ့ချ်) ပို့ခြင်းအစီအစဉ်အတွက် 200 SMS (၁၈၀)စောင်၊ 100 SMS (၈၀)စောင် ၊ 50 SMS (၄၀)စောင်

ရွှေမေတ္တာလစဉ် အင်တာနက်အသုံးပြုခြင်းအစီအစဉ်တွင် 2GB(၆၅၀)စောင် 1GB (၃၂၀)စောင် ၊500 MB (၁၅၀)စောင်၊100 MB (၃၀)စောင် ရရှိမည်ဖြစ်ပါသည်။

### ကံစမ်းမဲဆိုင်ရာ အခွင့်အရေးများ

အပတ်စဉ် ကံစမ်းမဲလက်မှတ်အစောင်ရေ (၈၀)နှင့်အထက်ရရှိသူများ ပါဝင်ကံထူးခွင့်ရှိခြင်း။

အပတ်စဉ် ကံထူးရှင်ရွေးချယ်ရာတွင် ကျင်းပမည့်အပတ်အတွင်း ရရှိထားသော ကံစမ်းမဲလက်မှတ်မှ ရွေးချယ်ခြင်း။

နောက်ဆုံးပတ် ကံထူးရှင်ရွေးချယ်ပွဲတွင် ကံစမ်းမဲကာလ အစအဆုံး၏ ကံစမ်းခွင့်လက်မှတ် အားလုံးထဲမှ ရွေးချယ်ပေးခြင်း။

ငွေဖြည့်ကဒ် ကံထူးရှင်များပြည်တွင်းဖုန်းခေါ်ဆိုခြင်း ၊ Message ပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်းအား ရက်ပေါင်း ၃၀ အတွင်းအသုံးပြုနိုင်ခြင်း။

ဆုရရှိသူများကို အကြောင်းကြားအသိပေးခြင်း။

MECTel ဝန်ထမ်းများ ပါဝင်ကံစမ်းခွင့်မရှိခြင်း။

အသေးစိတ်သိလိုပါက 1212 call center နှင့် 3456 သို့စုံစမ်းနိုင်ပါသည်။

# အသိပေးနှိုးဆော်လွှာ

ကျေးဇူးတော်ရှင် တောင်သုံးလုံးဆရာတော်ကြီး တည်ထောင်တော်မူသော နေပြည်တော် လယ်ဝေး သာဝတ္ထိမြို့ တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက် အတွင်း၌ တရားစခန်းများပြုလုပ်ရာတွင် တရားအားထုတ်ကြသော ယောဂီ၊ သံဃာတော်နှင့် လူပုဂ္ဂိုလ်များ ချမ်းသာစွာတရားအားထုတ်နိုင်ရန်အတွက် ကုဋီ၊ ရေချိုးခန်းတွဲလျက်နှစ်ဦးနေ ကမ္မဋ္ဌာန်းကျောင်းဆောင်(၁၀၀)တည်ဆောက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကုသိုလ်ယူလိုသော ပါရမီရှင်များအနေဖြင့် ကျောင်းဆောင် (၁) ဆောင်လျှင် သိန်း(၃၀)ကျပ်ဖြင့် အောက်ပါဌာနများသို့ ဆက်သွယ်၍ ကုသိုလ်ယူလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

**လှူဒါန်းနိုင်သောဌာနများ**

၁။ တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက်၊ သာဝတ္ထိမြို့
ဖုန်း၀၉-၅၆၈၀၅၀၂၊ ၀၆၇-၆၅၀၉၀

၂။ ဘီအိုစီပိဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၅၇၆၂၇၀

**ကျောင်းဆောင်ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
**တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက်**

ထိတွေ့ရန်မလိုပဲ စက္ကန့်ပိုင်းအတွင်း အဝေးမှ အဖျားတိုင်းနိုင်သော
**THERMOFOCUS® သာမိုမီတာ**
အဖျားတိုင်းရာတွင် ကူးစက်ရောဂါများမှ ကင်းဝေးနိုင်ပါပြီ။




အိပ်ပျော်နေတဲ့နတ်သမီးလေးကို အဖျားတိုင်းဖို့ မေမေနှိုးစရာမလိုတော့ဘူးနော် ...

လူကြီး၊ လူငယ်မရွေး

ဆက်သွယ်ရန်...
NANOVA Co.,Ltd.
အမှတ် ၃၃ (ဘီ)၊ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။
09 977 300 300, 09 977 400 400
CE ISO 9001 ISO 13485 IMQ

ဆေးဆိုင်၊ ဆေးခန်းများ၊ Super Market များတွင် ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| **ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း** | ယာဉ်အမှတ် ၂၁/၈၁၆၄၇ Honda Dream ND 125၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၆/ပလန (နိုင်)၀၀၉၆၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)** |
| **ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း** | ယာဉ်အမှတ် ၃၂ယ/၉၀၇၃၆ Honda Dream ND 125၊ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမြင့် MYK 050511 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)** |

## မြစ်ဝါစက်မှုကုမ္ပဏီ
**Myit Wah Industry Co.,Ltd.**

## အဆင့်မြင့်သစ်အချောထည်နှင့်ပရိဘောဂစက်ရုံ



အော်ဒါလက်ခံခြင်းနှင့်ထုတ်လုပ်မှု များ

၁။ ကျွန်း၊ပိတောက်၊တမလန်းနှင့်အိမ်တွင်းအလှဆင် ။
၂။ အဆင့်မြင့် ပရိဘောဂများ။
၃။ ကျည်းခွေ၊တံခါး၊ပြတင်း၊ခြင်လုံများ။
၄။ လှေကားနှင့်ပွတ်လုံးများ။
၅။ ပါကေး၊မျက်နှာကျက်နှင့်စကာတင်များ။
၆။ ဆိုဒ်ကြီး(8"x1"x6') (12"x1½"x6') အခင်းပြားများကို ရွေးမှုအတိုင်း စရွေးနှင့်သပ်သုံး၍ ပြုလုပ်တပ်ဆင်ပေးပါသည်၊ (သံနှင့်ကော်လုံးဝမသုံးပါ။)




နမူနာများကိုရုံးချိန်အတွင်းလာရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။ ( ရုံးပိတ်ရက်မရှိပါ )

**Show Room :** ဗိုလ်ချုပ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြား ၊ ဇော်ဂျီလမ်း ၊ ဗဟိုစည်ဆေးရုံ အနီး၊ရန်ကုန်။ **Hp:09-9610 52 999**
ရန်ကုန်၊ လွင်အောင်မိုး **09-203 5038** ဇော်ဇော်အောင် **09-402707358** ယဝေဖူးလွင် **09-797346341** မန္တလေး၊ အောင်ကျော်ဖြိုး **09-43186878**

ROBINSON Business School
*Education for Business Leaders*



**Special Scholarships For Nay Pyi Taw Intake!**

*Official University Partners*
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT

**DUAL Masters MBA / MIM**
Master of Business Administration
Master of International Management

**Yangon Campus:** 206-E, Level-2, La Pyayt Wun Plaza, Dagon Township, Yangon **Nay Pyi Taw Campus:** No. 59, Tharaphy Street, Tha Pyay Gone Quarter, Zabu Thiri Township, Nay Pyi Taw
**Call us:** 09 43196211(YGN)/ 09 4200 53536(YGN)/ 09 4544 33711(NPT) Robinson Business School enquiry@rbsmm.com www.rbsmm.com

## ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။

LCCI
☑ အနှစ်(၂၀)အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 978578325, 01-371741, 240824

## ရွှေဘုန်းပြည့် *Travels & Tours*

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ ရှင်-သီရိလင်္ကာနိုင်ငံ၊ကန္ဒီမြို့တွင်နှစ်စဉ် နှစ်တိုင်းစည်ကားသိုက်မြိုက်စွာကျင်းပမြဲဖြစ်သောမြတ်ဗုဒ္ဓ၏လက်ဝဲအောက်စွယ် တော်လှည့်လည်ပွဲသို့ ကုသိုလ်ဘာဝနာပွားများနိုင်ရန်အတွက်ဘုရားဖူးခရီးစဉ် များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

**Aug-15, 20, 21**

> သီရိလင်္ကာ(စွယ်တော်လှည့်ပွဲ) (၇ရက်)
> သီရိလင်္ကာ(စွယ်တော်လှည့်ပွဲ)+ထိုင်းနိုင်ငံဘုရားဖူး (၈ရက်)
> သီရိလင်္ကာ(စွယ်တော်လှည့်ပွဲ)+ထိုင်းနိုင်ငံဘုရားဖူး+ကမ္ဘောဒီးယားဘုရားဖူး (၁၀ရက်)
> စင်ကာပူ > ဗန်ကောက် > ဗီယက်နမ် > ကမ္ဘောဒီးယား > ချင်းမိုင် > ကချန်ဘူရီ

အမှတ်(၇၄၈)၀ထပ်၊ဗင်္ဂါလီထယ်း၊ဘတ်န်းကျွန်းမရထားဈေးအနီး၊01-8566101,09-73060048,09-421014616

LCCI - EDI (UK) မှချီးမြှင့်သောရွှေချောင်းသင်တန်းကျောင်းဆုရ

## စီးပွားယန္တရားဆိုင်ရာ
ပညာရေးဝန်ဆောင်မှုလုပ်ငန်း

**LCCI** စာရင်းကိုင်သင်တန်း **Level 1-2-3**
**AutoCount** Computerised Accounting

2016-December Series (July)တန်းခွဲသစ်များ(9.7.2016)စပြီ။
(15.7.2016) အတွင်းအပ်နှံသူများ 10%Discounts ရမည်။
မြို့ထဲ ။ (၁၀၃)(ရှေ့ဘာ)၊ ၄၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၁)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
**09-5118647-73009869-73013432-73028433**

မနက်ဖြန်စမည်

# 8, 9 & 10, JULY 2016

TATMADAW HALL | YANGON | MYANMAR

လှမ်းလာခဲ့ပါ

## INTERNATIONAL EXHIBITIONS | နိုင်ငံတကာကုန်စည်ပြပွဲ

## PLASTICS & PACKAGING | ပလတ်စတစ်နှင့်ထုတ်ပိုးမှုပစ္စည်းများ

2nd Edition

PLASTICS MYANMAR
DRIVING GROWTH
INTERNATIONAL PLASTICS EXHIBITION

ALL UNDER ONE ROOF

2nd Edition

compack
COMPLETE PACKAGING EXPO
Myanmar

FOR COMPLETE PACKAGING SOLUTIONS

START A PLASTICS INDUSTRY TODAY
ယနေ့ပဲ ပလတ်စတစ် လုပ်ငန်းတစ်ခု စတင်လိုက်ပါ

9th July 1:30 pm နေ့တွင် ပလပ်စတစ်လုပ်ငန်းဆိုင်ရာ
အခမဲ့ ဆွေးနွေးအကြံပေးချက်များ ရယူရန်အတွက်
MPIA ဌာနတွင် စာရင်းပေးသွင်းပါ

90+ EXHIBITORS

LIVE DEMO OF MACHINES

FREE GUIDANCE

COUNTRIES 10

BUY MACHINES

TRADE IMPORT AND SELL MATERIALS & PRODUCTS

REPRESENT FOREIGN MACHINERY SUPPLIERS

### KEY PARTICIPANTS

| | | |
|---|---|---|
| DIING KUEN PLASTIC MACHINERY CO.,LTD - Taiwan. | JIANGSU FEIOSS IMP & EXP TRADE CO.,LTD - China. | ROLLEPAAL ENGINEERING INDIA PVT.LTD - India. |
| FERROMATIK MILACRON INDIA PVT.LTD-India. | MAINPACK INDUSTRIAL CO.,LTD - Taiwan. | S.C.J. PLASTICS LIMITED - India. |
| GURUCHARAN IND/DURA EXPORTS - India. | NGHE AN MINERAL JSC - Vietnam. | TEKNOR APEX - Singapore. |
| HILDA AUTOMATION - India. | NICHROME INDIA LIMITED - India. | VIBFAST PIGMENTS PVT.LTD - India. |
| HUBEI DEWEI PACKAGING TECHNOLOGY CO.,LTD - China. | REANGWA STANDARD INDUSTRY CO.,LTD - Thailand. | VINMAR INTERNATIONAL LTD - USA / Singapore. |

Organised by
ENTERPRISING FAIRS INDIA
Creating opportunities Delivering value

Co-Organised by
MPIA Myanmar Plastic Industry Association

Supported by
Myanmar Industries Association
एन एस आई सी NSIC ISO 9001 : 2008
The Plastics Export Promotion Council

ENTRY FREE
9.30 AM - 5.30 PM

ဝင်ကြေးအခမဲ့
နံနက် 9:30 မှညနေ 5:30 ထိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**
**MYANMAR MERCANTILE MARINE COLLEGE**
**Bayint Naung Road, Kamayut Tsp., University P.O, Yangon, Myanmar. Tel:95-1-539464, 539465**
**E-mail:mmmc@mptmail.net.mm,Fax: 95-1-513448**

## ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၁၇-၈-၂၀၁၆ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/45) Diploma in Nautical Studies/Dip:N.S. သင်တန်းအမှတ်စဉ်(၁၁)

(ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet(CE/43) Diploma in Maritime Technology/Dip:Mar. Tech. သင်တန်းအမှတ်စဉ်(၁၁)

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများ ပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၄၂၀)ရှိရမည်။

၃။ **အသက်နှင့် အခြားကန့်သတ်ချက်**
(က) ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။
(ခ) အရပ်အမောင်း(၅ပေ ၄ လက်မ)အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန်(၁၀၀)ပေါင် အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ်(၃၂)လက်မ နဂိုအနေအထားအနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ပဏာမရွေးချယ်မှု**
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့် အရေအတွက်ရရှိသည် အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
(က) နားစစ်ဆေးခြင်း
(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။
(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ/မရှိစစ်ဆေးခြင်း

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည် မဟုတ်ပါ)
(ခ) အမည်။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။
(ဃ) မွေးနေ့သက္ကရာဇ်။
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ်အလိုက်ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။
(ဆ) အဘအမည်နှင့် အလုပ်အကိုင်။
(ဇ) အမိအမည်နှင့် အလုပ်အကိုင်။
(ဈ) နေရပ်လိပ်စာအပြည့်အစုံ။
(ည) ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း **ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း**တင်ပြရမည်။ **ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။**
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ **(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)**
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ကြောင်း ကတိဝန်ခံချက်။ **(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)**
(စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ တင်ပြရမည်၊ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်၊ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်း မရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး(၄၂၀၀၀ိ/-)၊ အဆောင်ကြေး ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေ ကျောင်းသားအဖြစ် (၁)နှစ် တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်း ပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/ Diploma in Maritime Technology) နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းပြီးဆုံးခြင်းလက်မှတ်( Mercantile Marine Nautical /Engineering Cadet Training Course Completion Certificate )များ အပ်နှင်းပေးပါမည်။

၁၃။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။** မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်ရက်တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ ဖုန်း-၅၃၉၄၆၄/၅၃၉၄၆၅ လိုင်းခွဲ-၁၂၀ တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းခင်းကျောက်ရွယ်စုံနှင့် လမ်းနှင့်ဆက်စပ်ပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၂-၇-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၁၄-၇-၂၀၁၆ရက်၊ ၁၃း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်(စီလမ်းဆုံ)

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၀၁၄၆**

---

**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန် လိုအပ်သော ပိုးသန့်စင်စက် (Ethylene Oxide Sterilizer) ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၈-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၂၂-၇-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ပခုက္ကူခရိုင်၊ နှံပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ပစ္စည်းပေးသွင်းသူများထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူစုဆောင်းလိုပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူမည့်ပစ္စည်းအမျိုးအစားများ**

၁။ အုတ်(ပထမတန်းစား)
၂။ မြစ်သဲ
၃။ မြစ်ကျောက်စရစ်
၄။ ကျောက်ကြီး(6"×9")
၅။ သစ်မာ(ဆိုဒ်စုံ)
၆။ တောသစ်(ဆိုဒ်စုံ)
၇။ သံချောင်းလုံး(ဆိုဒ်စုံ)

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၇-၂၀၁၆ ရက်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ပခုက္ကူခရိုင်ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၆၂-၂၁၀၃၇**

---

ပညာရေးဝန်ကြီးဌာန
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရန်ကုန်နည်းပညာတက္ကသိုလ်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာငွေ(ကျပ်)ဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) သင်/ထောက်ကူပစ္စည်း(၇၂)မျိုး
(ခ) စက်နှင့်စက်ပစ္စည်း(၁၈)မျိုး
(ဂ) ရုံးသုံးစက်ကိရိယာ(၉)မျိုး
(ဃ) Techanical Books (၁၄၅)မျိုး

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၇-၂၀၁၆ရက် ၁၆း၃၀ နာရီ
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ငွေစာရင်းဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၅၁၇၂၁၊ ၆၄၂၅၅၉တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းများဝယ်ယူရေးကော်မတီ**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

---

# သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကဆံ ဆံတော်ရှင်ဘုရား အရှေ့ဘက်ရှိ သတ္တဌာန(ဗုဒ္ဓ-၇ဆူ) ရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘအား နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော **'သဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်** ရရှိသည့်အတွက် ဆရာတော်၏ ဂုဏ်ကို ပူဇော်သောအားဖြင့် **'ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ'** စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆရာတော်၏ အဝေးနေ အနီးနေ တပည့်ဒါယကာ ဒါယိကာမများအနေဖြင့် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၅ ရက်) ၉-၇-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေစက်သွန်းချတရားတော်နာ ကြွရောက်ပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဂုဏဝိသိဋ္ဌပူဇာ ဖြစ်မြောက်ရေးအဖွဲ့**
**သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး**
**ဆ/က ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၅၆၀၇၁၀၊ ၅၆၄၇၄၃၊ ၀၉-၄၄၈၀၅၂၄၉၃။**

---

## ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များအား ကနဦးယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် ကြိုတင်ဝင်ငွေခွန်ကောက်ခံသည့်ရုံး ထပ်မံဖွင့်လှစ်ကြောင်း ကြေညာခြင်း

- ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအား ကနဦးယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် ကြိုတင်ဝင်ငွေခွန် ပေးသွင်းနိုင်ရန်အတွက် ၁-၆-၂၀၁၆ရက် မှစတင်၍ အမှတ် ၆၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံ တားမြို့နယ်၊ ရန်ကုန်မြို့ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးတွင် စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ယခုအခါ အထက်မြန်မာပြည်မှ ကနဦးယာဉ်မှတ်ပုံတင်ပြုလုပ်သည့် မော်တော်ယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်၍ ကြိုတင်ဝင်ငွေခွန်ပေးသွင်းရခြင်း မရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီးတွင် ကနဦးယာဉ်မှတ်ပုံတင်ပြုလုပ်လိုသူများအနေဖြင့် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ခြင်းကို မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ၆၅လမ်း၊ ၂၂×၂၃ ကြား၊ အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် ၁၁-၇-၂၀၁၆ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- မရှင်းလင်းသည့် ကိစ္စရပ်များ၊ အကြံပြုရန် ကိစ္စရပ်များရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
- ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၉။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ အောက်ပါမြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ရုံးအမည် | အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် လင်းခေးမြို့နယ်ဘဏ်ခွဲ | အဆောက်အအုံသစ် ပေ(၆၀×၃၀) သံကူကွန်ကရစ်(၁)ထပ် | လင်းခေးမြို့ |
| (ခ) | မြန်မာ့စီးပွားရေးဘဏ် ဟိုပန်ဘဏ်ငွေတိုက်ခွဲ | အဆောက်အအုံသစ် ပေ(၆၀×၃၀) သံကူကွန်ကရစ် (၁)ထပ် | ဟိုပန်မြို့ |
| (ဂ) | မြန်မာ့စီးပွားရေးဘဏ် ကျိုင်းလပ် | ငွေသိုလှောင်ခန်းအဆောက်အအုံသစ် ပေ(၁၆×၁၆) သံကူကွန်ကရစ်(၁)ထပ် | ကျိုင်းလပ်မြို့ |
| (ဃ) | မြန်မာ့စီးပွားရေးဘဏ် ကျောက်မဲခရိုင်ဘဏ်ခွဲ | ဘဏ်အဆောက်အအုံအကြီးစားမွမ်းမံခြင်း (၁) (၃၆'×၄၀'×၂၂')သံကူကွန်ကရစ် (၂)ထပ် အဆောက်အအုံအထွေထွေပြုပြင်မွမ်းမံခြင်း (၂) ခြံစည်းရိုး (၄၀၈)ပေကာရံခြင်း(သံပန်းတံခါးပါ) (၃) (၁၈'×၁၀'×၂၂')တိုးချဲ့အဆောက်အအုံနှင့် (၃၇'×၁၂'×၉') စတိုခန်းဆေးသုတ်၊ လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်း | ကျောက်မဲမြို့ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၇-၂၀၁၆ရက်မှ ၂၂-၇-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး)တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၂၉-၇-၂၀၁၆ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး)တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၁၉၃၅၊ ၀၈၁-၂၀၁၉၃၆၊ ၀၈၁-၂၁၂၅၆၃၀တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ဃ/၆၈၇၆၆ ဟွန်ဒါဝေ့ဖ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ထွန်း ၁၀/မဒန(နိုင်)၂၁၂၅၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊(မော်လမြိုင်မြို့)**

ဝိနည်းတော်နှင့်အညီချုပ်လုပ်ထား၍ အလှူရှင်များအထူးနှစ်သက်တော်မူသော
မြတ်စေတနာဝါဆိုသင်္ကန်းများ ( စစ်တွေမြို့ )မှာ
ပစ္စည်းမှန် စျေးနှုန်းမှန်ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။ ရခိုင်ပြည်နယ်မြို့နယ်များမှ မှာယူလျှင် စရိတ်ငြိမ်း အမြန်ပို့ဆောင်ပေးပါသည်။
ပင်ရင်း - လောကာနန္ဒာလမ်းဆုံးအနီး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊ စုံစမ်းရန် - ၀၉၃၆၁၇၃၄၆၈၊ ၀၉၂၆၃၃၄၆၄၉၈

## အမည်ပြောင်း

ဦးသက်ထွန်း၏သမီး ကျိုင်းတုံမြို့၊ အထက (၄)၊ တတိယတန်း(က)မှ မယွန်းရတီထွန်းအား မသွန်းအိမ်စည်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၄၀၄၇၉ Yamaha Spark ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၈/မမန(နိုင်)၁၂၁၀၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)တာချီလိတ်**

# ဇူလိုင်မိသားစုမွေးနေ့ဆုမွန်လွှာ

သားရေ.....

ဇူလိုင် (၂၆)ရက် မွေးနေ့ရှင်သားရဲ့ ကျေးဇူးရှင်မိခင်ကတော့ ကွယ်လွန်သွားခဲ့ပြီ။ နောင်ဘဝအဆက်ဆက်မှာ ဖေဖေ၊ မေမေနဲ့သားတို့ရဲ့ အေးချမ်းသာယာတဲ့မိသားစုဘဝလေးကို ပြန်လည်ပိုင်ဆိုင်ရပါစေကြောင်းနှင့် သားကိုယ်တိုင်လည်း လူနာတွေရဲ့အပေါ်မှာ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားတွေလက်ကိုင်ထားပြီး ပြုစုကုသပေးနိုင်သော ဆရာဝန်ကောင်းတစ်ဦးဖြစ်လာပါစေကြောင်း ဆုမွန်တောင်းလျက်.....

[ဇူလိုင် (၈)ရက်တွင် ကျရောက်သော တစ်ဦးတည်းသောသား၊ အလုပ်သင် ဆရာဝန်မောင်ကောင်းဆက်စိုး၏ မွေးနေ့အမှတ်တရ]

**ဘွားဘွား - ဒေါ်နွဲ့နွဲ့အေး**

**ဖေဖေ ဦးမြင့်စိုး(ဒု-ညွှန်ချုပ်-နတလ)-မေမေ(ဒေါ်လှိုင်လှိုင်မင်း)**

**ဇူလိုင် (၂၅) ရက် ဇူလိုင် (၂၆) ရက်**

## အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်မင်းလှမြို့နယ်သူ၊ မြို့နယ်သားများမပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈နာရီ
**နေရာ** - မင်းလှဓမ္မရိပ်သာကျောင်း၊ ရေတာရှည်လမ်းဟောင်း (ဗဟန်းဈေးနှင့်ကြေးသွန်းဘုရားအနီး)

**မှတ်ချက်** ။ ။ (၁) အသက်(၈၀)နှင့်အထက် အဘိုးအဘွားများစာရင်းပေးပို့ကြပါရန်။
(၂) ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ အထောက်အထားစာရင်းပေးပို့ပါရန်။
၁၀-၇-၂၀၁၆ရက် နောက်ဆုံးထားပြီး ပေးပို့ပေးကြပါရန်။

**ဆက်သွယ်ရန်** - ဦးချစ်လှိုင် ဖုန်း-၀၉-၄၂၁၀၆၀၅၆၉၊ ဒေါ်မြစန်းလှ ဖုန်း-၀၉-၇၃၀၃၉၈၇၀၊ ဦးမျိုးညွန့်ဦး ဖုန်း-၀၉-၇၃၁၄၇၃၁၅၊ ဒေါ်ကျော့ကျော့ဟန် ဖုန်း-၀၉-၃၁၅၇၅၇၂၅၊ ၀၉-၅၁၇၀၆၁၃

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့ ရဲမွန်တပ် အထက အဌမတန်း (B) မှ မောင်ဟိန်းတေဇာမောင်ဆန်း၏ ဖခင်အမည်မှာ ဦးမောင်စန်းအား ယနေ့မှစ၍ ဦးစန်းညွန့်ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးစန်းညွန့်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တောင်ကြီးမြို့၊ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့များတွင် ဝန်ထမ်းအိမ်ရာ သုံးခန်းတွဲနှစ်ထပ်တစ်လုံးစီ ဆောက်လုပ်ခြင်း

(ခ) ကျောက်မဲမြို့တွင် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲတစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၁-၇-၂၀၁၆ရက် ၀၉:၃၀ နာရီတွင် စတင်ရောင်းချမည်ဖြစ်ပြီး ၈-၈-၂၀၁၆ရက် ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၁-၂၀၈၃၂၂၊ ၀၈၁-၂၀၈၁၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းရွာ အထက (ဇင်ချောင်း)တွင် ပညာသင်ကြားနေသူ မအိမ္ဘွန်ဖြိုး၏ဖခင်မှာ ဦးသက်မင်းထွန်း ဖြစ်ပါသည်။ **ဦးသက်မင်းထွန်း ၁၁/ကဖန(နိုင်)၀၅၃၆၂၇ ဇင်ချောင်း**

## မိခင်အမည်မှန်

ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းရွာ အထက (ဇင်ချောင်း)တွင် ပညာသင်ကြားနေသူ မစုစု၏မိခင်မှာ ဒေါ်အောင်တင်မ ဖြစ်ပါသည်။ **ဒေါ်အောင်တင်မ ၁၁/ကဖန(နိုင်)၁၂၀၈၆၄ ကျောက်ချိုင်**

## အမည်မှန်

ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းရွာ အထက (ဇင်ချောင်း)တွင် ပညာသင်ကြားနေသော ကျောင်းသူ၏ အမည်မှန်မှာ မစုစုဖြစ်ပါသည်။ **မစုစု ၁၁/ကဖန(နိုင်)၁၄၆၀၈၃၊ ကျောက်ချိုင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း၊ အမက(မင်းလှစု)ကျောင်းမှ ကျောင်းဝင်အမှတ် (၁၈၁)ဖြင့် ပထမတန်းအောင်မြင်ခဲ့ပြီး ကျောင်းထွက်လက်မှတ်အမှတ် III-0637219 ဖြင့် ကျောင်းထွက်ခဲ့သော မနေဇာနည်ထွန်းနှင့် ကျောင်းဝင်အမှတ် (၁၁၈)ဖြင့် တတိယတန်းအောင်မြင်ခဲ့သော ကျောင်းထွက်လက်မှတ်အမှတ် III-0637218 ဖြင့် ကျောင်းထွက်ခဲ့သော မယမင်းသူဇာတို့ညီအစ်မနှစ်ဦး၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၁၄/ဘကလ(နိုင်)၁၉၁၄၈၄ဖြစ်ပါသည်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်လွင် ၆/မအရ(နိုင်)၀၈၇၅၇၄ ပိုင်ဆိုင်သော တိုးတက်ထွန်း FMD/0008/09 အမည်ရှိ ကမ်းနီးငါးဖမ်းလှေ၏ ရေယာဉ်မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၁၃၂၇၂

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းတင် ၆/သရခ(နိုင်)၀၁၈၉၉၈ ပိုင်ဆိုင်သော သန့်ဇင်အောင် FMD/0022/13 အမည်ရှိ ကမ်းနီးငါးဖမ်းလှေ၏ ရေယာဉ်မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၁၃၂၇၂

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစိုးဝင်း ၆/ကစန(နိုင်)၀၂၉၃၀၈ ပိုင်ဆိုင်သော စိုးလှိုင်မိုး FMD/0142/09 အမည်ရှိ ကမ်းနီးငါးဖမ်းလှေ၏ ရေယာဉ်မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၁၃၂၇၂

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်

## ၏

## ဘဏ်ခွဲ "၄၀၀" မြောက်

## ကို

၂၈-၆-၂၀၁၆ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ခုနှစ် မေလနှင့်ဇွန်လအတွင်း ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့်နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

**တောင်ကြီးမြို့**

# ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါ်ဉမ္မာမြင့်(ခ)မီးမီး

**B.A-MA (History)**

**(ဒါရိုက်တာ-မြင့်မိသားစုကုမ္ပဏီလီမိတက်)**

**အသက် (၄၃)နှစ်**

၂၄-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ဉမ္မာမြင့်(ခ)မီးမီး၏နာရေးတွင် ကျန်ရစ်သူမိသားစုကို ကိုယ်တိုင်လာရောက်နှစ်သိမ့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ အစအဆုံးလိုက်ပါကူညီဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ တယ်လီဖုန်းဖြင့်သတင်းမေးပါသော တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ ဗိုလ်ချုပ်ကျော်သန်း-ဝန်ကြီး(ငြိမ်း)၏ဇနီး ဒေါ်စိန်စိန်၊ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဂေါက်သီးရိုက်အဖွဲ့မိတ်ဆွေများ၊ ဗိုလ်ချုပ်လှမြင့်ဆွေ-ဝန်ကြီး(ငြိမ်း)၏ဇနီးဒေါ်စန်းစန်းမြင့်၊ သတင်းစာထဲသို့ဝမ်းနည်းကြောင်း ကြော်ငြာထည့်ပေးပါသော ဗိုလ်မှူးကြီးညိန်းမောင်(ငြိမ်း)နှင့်ဇနီး (ဒေါ်မေမေခင်)မိသားစု၊ ဒေါက်တာသန်းထွန်း(ဉက္ကဋ္ဌ) အသေးစားနှင့် အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မြန်မာကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် DSA အပတ်စဉ် (၃၃)မှ သူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ Phone, Message, E-mail များဖြင့် အားပေးနှစ်သိမ့်ကြသူများအားလည်းကောင်း၊ ၂၈-၆-၂၀၁၆ရက် ဂူသွင်းသင်္ဂြိုဟ်သည့်ရက်တွင် လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေပန်းခြင်းများပေးပို့ကြသော မိတ်ဆွေများအားလည်းကောင်း၊ ၃၀-၆-၂၀၁၆ ရက် ရက်လည်ဆွမ်းကပ်တွင် ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ဦးလှမြင့်-ဒေါ်ရီရီညွန့်**
**(မိသားစု)**
**မန္တလေး/ရန်ကုန်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/6544 Nissan AD 4A412, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူဒေါ်ရီရီမြင့် ၉/ဇကခ(နိုင်)၀၀၀၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၇၁၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဆွေ ၉/တတဉ(နိုင်)၀၈၆၀၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/5180 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ မြေကွက်အမှတ် (၁၃၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၃၂/က)၊ ဥက္ကာ(၅)လမ်း၊ (ဦးလှတင်-အန်/အိုကေအေ -၀၆၀၉၆၈) ၁၂/ဥကမ(နိုင်)၀၀၆၆၈၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာတရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ ၇၃×၇၄ လမ်းကြား၊ ကျွန်စစ်သားလမ်း နှင့် ဖော်ဂျီလမ်းကြား ၊ (ဠ-၁၃/၁) ၊ အမှတ် (၁၀) ရှိ ခနရှိန်ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။







Net weigh-428g Net weight-216g

**မှတ်ပုံတင်စာချုပ်အမှတ်-၁၅၈၅/ ၂၀၁၆**

အထက်ဖော်ပြပါ ***Gusto Snow Cookies*** ကုန်အမှတ်တံဆိပ်အမှတ်အသားကို ခနရှိန် ကုမ္ပဏီ၏ ကိုယ်စား (၁၇-၅-၂၀၁၆) ရက်စွဲပါ အစည်းအဝေးမှတ်တမ်းအရ ဒေါ်သူဇာလွင် (ဘ) ဦးမောင်ဆွေ ၊ ၁၃/တကန (နိုင်) ၂၁၅၇၅၉ မှ (၂၄-၅-၂၀၁၆) ရက်နေ့က မန္တလေးမြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဆေးရောင်အမျိုးမျိုး ၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားပုံသဏ္ဌာန်အမျိုးမျိုး ၊ အရသာအမျိုးမျိုးတို့ဖြင့် "ကွတ်ကီး နှင့် မုန့်အမျိုးမျိုး" တို့ကို ထုတ်လုပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချီရောင်းချကြော်ငြာသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခနရှိန်ကုမ္ပဏီမှ အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှ တစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ ၊ ပုံတူဖြစ်စေ၊ ထင်ယောင်ထင်မှား ၊ ဆင်တူယိုးမှားမပြုလုပ်ရန် နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခနရှိန်ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာဝင်း (LL.B), (D.B.L)**
**အ ထက် တန်း ရှေ့ နေ**
**ရုံးခန်း ➻ ၇၃x၃၈ လမ်းထောင့် ၊ မဟာနွယ်စဉ်ရပ် ၊ မဟာအောင်မြေမြို့နယ် ၊ မန္တလေးမြို့။**
**၀၉-၄၀၂၆၅၈၄၈၇၊ ၀၉-၇၉၇၃၅၀၇၆၄**

---

# ဝန်ထမ်းအလိုရှိသည်

**အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃၊ E-mail:hrmgr.gh@gmail.com**

ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်မည့်ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါရာထူးများအတွက် ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီသူ (မည်သူမဆို)၊ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သတင်းစာတွင် ဖော်ပြပါရက်မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) Medical Officer
- (က) M.B;B.S. ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) ဆေးကုသခွင့်လိုင်စင်(ဆမ)ရရှိပြီးသူဖြစ်ရမည်။

(၂) Nurse
- (က) B.N.Sc (သို့) Dip in Nursing (သို့) Certificate in Mid-wife ရရှိပြီးသူဖြစ်ရမည်။
- (ခ) သူနာပြုလိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၃) Radiographer
- (က) B.Med.Tech(Medical Imaging Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၄) Laboratory Technician
- (က) B.Med. Tech ( Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၅) Receptionist
- (က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(၆) Cleaner

(၇) Security Officer

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။

---

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါက်တာယဉ်မွန်မြင့်နှင့် Than lyin Estate Development Ltd. တို့ ချုပ်ဆိုထားသောစာချုပ်အမှတ် (TEDB4/263/2015) တိုက်ခန်း အရောင်းအဝယ်စာချုပ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်နှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အကြာတွင် စာချုပ်အသစ်ချုပ်ဆိုမည်ဖြစ်ပါ၍ မူလပျောက်ဆုံးသွားသောစာချုပ်မှာ ပျက်ပြယ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**ဒေါက်တာယဉ်မွန်မြင့် ၁၂/ကမရ(နိုင်)၀၀၁၂၄၈၊ဖုန်း-၀၁-၅၂၆၅၃၁**

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထကအောက်ရေဖြူ နဝမတန်းမှ မခိုင်ခိုင်လင်းနှင့် ပထမတန်းမှ မောင်အောင်မြတ်မင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဖေ ဖြစ်ပါကြောင်း။

**ဦးသန်းဖေ**
**၁၁/မဉန(နိုင်)၀၅၆၁၃၁**

### ကွန်ဒိုငှားရန်ရှိသည်

**Sf 1760**
**MB,2,Sg1,Ph,1**
**Ac,4**
**ရွှေဂုံတိုင်**
**ဖုန်း-၀၉-၂၅၃၅၃၂၀၃၀၊ ၀၉-၄၂၀၀၂၉၆၆၈**

### ပျောက်ဆုံးကြောင်း

Myanmar Thilawa SEZ Holding Public Co.,Ltd သို့ အစုရှယ်ယာထည့်သွင်းထားသော ကျွန်မ၏ အစုရှယ်ယာသက်သေခံလက်မှတ် ID-2950 01.06.2016 ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်သီရိသက်မွန်**
**12/TaMa Na (N) 109315**
**ဖုန်း-၀၉-၅၁၉၆၂၄၉**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းအနောက်ရပ်ကွက် No (87) နေ ဦးတင်အေး ၉/မနမ(နိုင်)၁၀၈၅၂၀-ဒေါ်ငြိမ်းငြိမ်း ၉/မနမ(နိုင်)၀၇၆၁၃၃တို့၏ သားဖြစ်သူ မောင်ဝင်းဇော်အေး ၉/မနမ(နိုင်)၁၁၆၆၃၃ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် မိဘနှစ်ဦးပိုင်ဆိုင်သော အိမ်၊ ဝိုင်း၊ ယာမြေ၊ ပစ္စည်းအားလုံး သားဖြစ်သူ မောင်ဝင်းဇော်အေးနှင့်မသက်ဆိုင်တော့ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်ယူ၍ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများ-**
**ဦးတင်အေး-ဒေါ်ငြိမ်းငြိမ်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၉၄၆၆ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၀/ဘလန(နိုင်)၀၉၄၅၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၉၁၃၉၂ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွန်း ၁၃/ကတန(နိုင်)၀၃၇၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

### ကြော်ငြာ ၈

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၂)၊ ဦးပိုင်အမှတ် (၃၆)၊ ၄၇×၄၈ လမ်းကြား၊ နှင်းဆီလမ်း×မြတ်လေးလမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် ၁၁၇၀/၉၃-၉၄အရ ဦးချစ်ဝိုင်း ၉/မရမ(နိုင်)၀၄၇၈၆၂ အမည်ပေါက်သို့ မြေရာဇဝင် ၁.က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်၊ ဦးကြည်စိုး ၁၂/မရတ(နိုင်)၀၇၁၄၉၀ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်အုန်းကြည်

**ကညွတ်ကွင်းမြို့**

**အသက်(၈၂)နှစ်**

တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ သူရဦးရွှေမန်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)၏အစ်မဖြစ်သူ ဒေါ်အုန်းကြည် အသက်(၈၂)နှစ်သည် ၆-၇-၂၀၁၆ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုလွှတ်တော်**
**(ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သန်းသန်း

**အသက်(၈၆)နှစ်**

ဦးသိန်းဟန်(2/O.MV.SHIN KENRYU)၏မိခင် ဒေါ်သန်းသန်းသည် ၅-၇-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Capt မြင့်လွင်နှင့်ရေယာဉ်ဝန်ထမ်းများ**
**MV.SHIN KENRYU**
**JSM International Ltd.**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးရဲလှအောင် အသက်(၆၅)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပျားလုပ်ငန်းဌာန**

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ၁၉လမ်း၊ အမှတ် ၁၅/၆၆နေ ဦးထွန်းကြွယ်-ဒေါ်နန်းရှင်တို့၏သား၊ မောင်ချစ်ကိုလွင်၊ မနွယ်နွယ်ထူး၊ မသီရိမောင်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်စိုးစိုးသန်း၏ချစ်လှစွာသောခင်ပွန်း ဦးရဲလှအောင် အသက်(၆၅)နှစ်သည် ၆-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပျားလုပ်ငန်းဌာန၊ ဝန်ထမ်းမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသန်းထွန်း

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

**အသက်(၆၁)နှစ်**

ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် ၁၀၃၉နေ ဒေါ်ခင်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်မင်းဦး၊ မဇင်မာထွန်းတို့၏ချစ်လှစွာသောဖခင် ဦးသန်းထွန်း အသက်(၆၁)နှစ်သည် ၇-၇-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

## ဗိုလ်မှူးကြီးမင်းဦး (ငြိမ်း)

**တဧ(၁၂)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ ဦးမင်းထူး၊ ဦးမင်းဇော်၊ ဦးကျော်သူ-ဒေါ်ရီရီအုန်းတို့၏ အစ်ကို၊ မန္တလေးမြို့၊ မဟာမြိုင် ၂လမ်း၊ ၃၈×၃၉လမ်းကြား၊ ၆၃×၆၄လမ်းကြား၊ ရွှေကံ့ကော်လမ်းသွယ်၊ အကွက်အမှတ် ဒ-၆၊ အမှတ် ၂၂နေ မမြတ်ဆုမွန်၊ မနန်းဟေမာဖြိုးတို့၏ဖခင်၊ ဒေါ်နန်းမွန်းအောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးကြီးမင်းဦး (ငြိမ်း)

**တဧ(၁၂)**

သူငယ်ချင်း ဗိုလ်မှူးကြီးမင်းဦး(ငြိမ်း)သည် ၆-၇-၂၀၁၆ရက် နံနက် ၉နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

**တဧ(၁၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

## ကျေးဇူးအထူးတင်ရှိခြင်း

## မောင်ဇင်နိုင်ဝင်း(ခ)Jude (မော်လမြိုင်)

**အသက်(၃၄)နှစ်**

၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့)နံနက်တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော မောင်ဇင်နိုင်ဝင်း(ခ)Jude (မော်လမြိုင်)၏ နာရေးကိစ္စတွင် ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းမေးအားပေးနှစ်သိမ့်ကြသူများ၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ရပ်ဝေးရပ်နီးမှမိတ်ဆွေ၊ မိတ်သင်္ဂဟများ၊ အထက (၆) ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူ(ဟောင်း)များ၊ မော်လမြိုင်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မော်လမြိုင် Sky Net မိသားစု၊ United Beauty Palace Myanmar Co.,Ltd. မှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်မေသာခ

**အသက်(၉၁)နှစ်**

စနဲမြို့၊ ကံပြင်စုရပ်ကွက်နေ(ဦးစံလှဦး-ဒေါ်အောင်မ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၂၃၅-၂/ကရပ်ကွက်၊ ကာယသုခအတွင်းလမ်းနေ (ဦးဖိုးဝေဦး)-ဒေါ်တင်ရွှေ၊ ဦးထွန်းမောင်-ဒေါ်စန္ဒာမြိုင်၊ ဒေါ်မမြင့်၊ ဦးခင်မောင်မြင့်-ဒေါ်မထွေး၊ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးသာညွန့်-ဒေါ်နုနုခင်တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်း (စံရိပ်ငြိမ်/နေပြည်တော်)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးထိုက်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးမောင်စိန်-ဒေါ်သိန်း)တို့၏ချွေးမ၊ (ဦးလှမောင်-ဒေါ်ကျင်ရွှေ)၊ ဦးမြင့်သိန်း-ဒေါ်မြရင်၊ ဦးငွေ-(ဒေါ်ကြင်ကြည်)တို့၏ညီမ၊ နေပြည်တော်၊ ခရေအိမ်ရာ၊ တိုက် ၃၊ အခန်း ၁၁နေ ဦးမြတ်စံ(စက်မှု၊ ငြိမ်း၊ တပ်မတော်ချည်ထည်၊ သမိုင်း)၏ ချစ်လှစွာသောဇနီး၊ ဦးကိုကိုအောင်၊ ဒေါ်ခင်မမ(ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်)၏မိခင်သည် ၇-၇-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)အအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါက်တာမြမိုးသွယ် (Yvonne Mya Han)

**B.V.S (Ygn)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ် ၈၇ (လေးလွှာ)နေ [ဦးမြဟန်-ဒေါ်မြနန္ဒာ(ခ)ဒေါ်ယဉ်ယဉ်]တို့၏သမီး၊ ဦးပေါ်မြင့်ဦး(CEO, ထူးဖောင်ဒေးရှင်း)၊ ဒေါ်မြစန္ဒီတို့၏ညီမ၊ ဦးကျော်သူဦး(ED, ထူးကုမ္ပဏီများအုပ်စု)၏အဒေါ်သည် ၇-၇-၂၀၁၆ရက် နံနက် ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ**

## ဆရာမဒေါ်မော်မော်နိုင် အသက်(၅၂)နှစ်

**အမက(၁၆)သင်္ချိုင်းကုန်း၊ ကတိုး-ကော့နပ်-သုဝဏ္ဏ**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၈၀/၆နေ ဦးမြလှိုင်-(ဒေါ်လှကြိုင်)တို့၏သမီး၊ ဦးမောင်မြင့်-(ဒေါ်အေးသန့်)တို့၏သမီးချွေးမ၊ ဒေါက်တာသိန်းမြင့်(WHO)-(ဒေါ်တင်ရီ)၊ (ဦးအောင်သန်းမြင့်)၊ ဦးဝင်းဇော်(ဟိုတယ်ခရီး)-ဒေါ်သန္တာစိုး(အမက ခရှန်း၊ မော်လမြိုင်)၊ ဒေါ်အေးအေးမွန်တို့၏ညီမ၊ ဦးဝင်းမော်(လ/ထညွှန်ကြားရေးမှူး၊ သစ်တော)-ဒေါ်ခင်မာဝေ(ခ)ကြူကြူ၊ ဦးခင်မောင်စိုး ဒေါ်ခိုင်ဝါလှိုင်(Yoma Hotel)တို့၏အစ်မ၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၆၅/၂နေ ဦးဉာဏ်ဦး (ဇေယျတုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ချစ်လှစွာသောဇနီး၊ မောင်ရဲနိုင်ဦး(Park Royal Hotel)၊ မောင်ထက်ပိုင်ဦး(တက္ကသိုလ်ဝင်တန်း(A)၊ အထက သုဝဏ္ဏ)၊ မောင်မျိုးသူရဦး(ခ)ဆူမို(စတုတ္ထတန်း-A၊ အလက-၂၊ သင်္ချိုင်းကုန်း)တို့၏မိခင်သည် ၇-၇-၂၀၁၆ရက် နံနက် ၁း၄၅နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက် ၈၀/၆ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၆ရက်တွင် သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၈၀/၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မခင်မြတ်မွန် (ရေစကြို)

**B.A Eco**

**အသက်(၃၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ရန်ကင်းရပ်နေ ဦးစိန်ဝင်း-ဒေါ်စန်းကြည် (ပတ္တမြား ထန်းလျက်ပွဲရုံ)တို့၏သမီး၊ ဦးနိုင်ဦး-ဒေါ်မြတ်သူ၊ ဦးမျိုးမင်း-ဒေါ်ခင်မျိုးအေး၊ ကိုခိုင်ဇော်-မဇာနည်ထွန်းတို့၏ညီမ၊ ကိုညီညီဝင်း (သရုပ်ပြ၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ ကိုအောင်ခိုင်ဝင်း(တတိယနှစ်၊ ဘူမိ၊ ပခုက္ကူတက္ကသိုလ်)တို့၏ အစ်မသည် ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော်မြို့နယ်၊ ရေစကြို၊ စကားဝါကျောင်း၊ သရက်တောကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)**

## မခင်မြတ်မွန် (ရေစကြို)

**B.A Eco**

**အသက်(၃၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ရန်ကင်းရပ်နေ ဦးစိန်ဝင်း-ဒေါ်စန်းကြည် (ပတ္တမြား ထန်းလျက်ပွဲရုံ)တို့၏ သမီးသည် ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယလွန်သွားပါသဖြင့် ၈-၇-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လမ်းမတော်မြို့နယ်၊ ရေစကြိုစကားဝါကျောင်း၊ သရက်တောကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့၊ရေစကြို

---

## ဦးစိန်တင့်

**A.G.T.I (Civil)**

**၁၉၇၉ (အင်းစိန်)**

**အသက်(၆၀)**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ အမှတ် ၈၆၊ အခန်း (၂က)နေ (ဦးသိန်းဟန်)-ဒေါ်ခင်မြင့်တို့၏သား၊ (ဦးကျော်သင်း-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ဦးတင့်လွင်၊ ဒေါ်စန်းစန်းနွယ်တို့၏အစ်ကို၊ ဦးစိန်လှိုင်-ဒေါ်သန်းအေးတို့၏မောင်၊ဦးအုန်းမြင့်-ဒေါ်တင်တင်မြတ်တို့၏ညီ၊ ဒေါ်အေးမြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မကေခိုင်ငြိမ်း (K.T.Z Co., Ltd.)၊ ဒေါက်တာမေပြုံးမြင့်(M.B.,B.S)တို့၏ဖခင်သည် ၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဇော်နိုင်

**မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးဘအိုလမ်းသွယ်၊ အမှတ် ၃/က၊မြိုင်မြို့နယ်နေ(ဦးသာဆည်-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးသိန်းထွန်း)-ဒေါ်ခင်ခင်ကြီးတို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၏မောင်၊ ဒေါ်အေးအေးထွန်း(မရမ်းကုန်း၊အထက-၂)၏ခင်ပွန်းသည် ၆-၇-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

## ဦးစိန်ဝင်း

**အသင်းဝင်အမှတ်(၅၅၆)**

**သက်ကြီးကန်တော့ခံဦး/ရှိ(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းစင်တာ၊ ၄ (A/2)နေ ဒေါ်ခင်တင့်၏ခင်ပွန်းသည် ၆-၇-၂၀၁၆ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးချစ်စိန် (မန္တလေး)

**အမှုဆောင် အင်/ယာ(ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော် ၆လမ်း၊ အမှတ်၇၄/၇၆၊ခြောက်လွှာနေ ဦးသက်ဆွေဦး-ဒေါ်ဥမ္မာစိန်(အထက-၁၊ ဒဂုံ)၊ (ဗိုလ်ကျော်ဇေယျ)တို့၏ဖခင်၊ မန္တလေးမြို့နေ ဦးယုကြိုင် (ရဲမှူး၊ ငြိမ်း)-(ဒေါ်လှလှဝင်း)၊ ပဲခူးမြို့နေ ဦးရဲထွန်း(UYT လျှပ်စစ်)-ဒေါ်မြင့်မြင့်ဦး၊ ဦးစိုးဝင်း (ကုန်တင်/ချ၊ ငြိမ်း) - ဒေါ်မိမိငယ်၊ ဦးမြင့်မော်(ကညန၊ ကော့သောင်း)-ဒေါ်စန္ဒာတို့၏အစ်ကို၊ မအေးမို့မို့သက်(Asian Wings Airline)၊ မောင်မျိုးဇော်သက်၊ မောင်ထက်မြတ်တိုးတို့၏အဘိုး၊ ဒေါ်ခင်အေး(အောင်ပန်း)၏ခင်ပွန်းသည် ၇-၇-၂၀၁၆ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ထွေး(ခ)

## ထွေးထွေး(ခ)အန်တီထွေး

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ပြေ(၁၈)လမ်းအနောက်၊ အမှတ် ၈နေ ဦးအေး-ဒေါ်တင်ဆင့်တို့၏ သမီးချွေးမ၊ မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးကွန်လေး-ဒေါ်အေးရှိန်)တို့၏ သမီး၊ (ဦးအေးမောင်)-ဒေါ်အေးမြင့်၊ ဦးလှအုန်း-ဒေါ်ရွှေမာ၊ ဦးသက်အေး-ဒေါ်တင်တင်ဌေး၊ ဦးဌေးလွင်-ဒေါ်တင်တင်အေး၊ ဦးမြင့်ဦး-ဒေါ်တူး၊ ဦးဟန်ရွှေ-ဒေါ်ကြည်ကြည်လွင်တို့၏ညီမ၊ ဦးစိုးနိုင်-ဒေါ်ခင်ချိုသက်၊ မခင်မျိုးလွင်တို့၏ အစ်မ၊ ရန်ပြေ (၁၈)လမ်းအနောက်၊ အမှတ် ၈ (ငါးလွှာ B)နေ ဦးလှဌေး၏ ချစ်လှစွာသောဇနီး၊ ကိုဖြိုးဇေယျာဦး-မငြိမ်းငြိမ်းဦး၊ မောင်မင်းထက်ကျော်တို့၏မိခင်၊ မသက်ဖူးပြည့်စုံ၊ မောင်ဇေယျာလင်းထက်တို့၏ အဘွားသည် ၄-၇-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမိုးမြတ်သူ

**အသက်(၄၅)နှစ်**

ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်၊ ကမ္ဘောဇလမ်းနေ ဦးကျင်သန်း-(ဒေါ်လှလှ)တို့၏သား၊ အမှတ်၃၂၁၊ ချမ်းမြေ့သာယာလမ်း၊(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးသန်းဝင်း-ဒေါ်နွဲ့ရီတို့၏သားသမက်၊ ဦးခင်မောင်လတ်-ဒေါ်ဌေးဌေးကြည်၊ ဦးဝင်းတင်-ဒေါ်ခင်နှင်းဝေ၊ ဒေါ်မြင့်သန်းဌေး(စိုက်/သု)၊ဦးခင်မောင်ဆွေ-ဒေါ်နီနီချို၊ ဦးမိုးမြင့်သူ - ဒေါ်ထိုက်ထိုက်ကျော်တို့၏ညီ/မောင်၊ ဦးမိုးလင်းသူ(KBZ)၊ ဦးကျော်ကျော်ဝင်း-ဒေါ်ထူးမာ၊ ဦးဇော်ဇော်ဌေး-ဒေါ်အေးအေးနိုင်တို့၏အစ်ကို၊ မသက်ထားမိုး၊ မတင်ဇာမိုးတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မိုးမမ၏ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ချမ်းမြေ့သာယာလမ်း၊ အမှတ် ၃၂၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တသုဇာတသာရ

**(ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရတညျုမဟာနာယက)**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒဟတ္တောကျောင်းတိုက် ပဓာန မဟာနာယက သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဇမဟာရဋ္ဌဂုရု၊ ဒဟတ္တောဆရာတော်ကြီး ဘဒ္ဒန္တသုဇာတသာရသည် (၁၃၇၈ခုနှစ် ဝါဆုလဆန်း ၂ရက်) ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၈ရက်) ၁၂-၇-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့် သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းမောင် အသက်(၇၈)နှစ်

**EPC (ငြိမ်း) (ဓနုဖြူမြို့နယ်အသင်း)**

**လျှပ်စစ်ဝန်ကြီးဌာန (စီမံဘဏ္ဍာ) အလုံ**

**ဗုဒ္ဓဝါဒူကစေတီဂေါပကအဖွဲ့ (ဘဏ္ဍာရေးမှူး)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇လမ်း၊ အမှတ် ၄၃နေ (ဦးထွန်းဖေ-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးမောင်စံ-ဒေါ်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုမောင်)၊ ဦးဘီး-ဒေါ်မိမိဝင်း၊ ဦးကျော်ကျော်မောင်-ဒေါ်မနွယ်ဦး၊ ဦးညီညီ-ဒေါ်ရီလေ(အောင်သစ္စာရောင်းဝယ်ရေး၊ တောင်ကြီးမြို့)တို့၏ချစ်လှစွာသောဖခင်၊ မမိုနိုဘီး၊ မပိုးလေးငြိမ်း၊ မောင်စွမ်းရည်ထွဋ်၊ မစုရတီတို့၏အဘိုးသည် ၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းထွန်း

**အထွေထွေမန်နေဂျာ(ငြိမ်း)**

**အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက်(၆၁)နှစ်**

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နိုင်လုံရွာနေ (ဦးဘသောင်း-ဒေါ်ချစ်ခင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းရွာနေ ဦးအုန်းခိုင်-ဒေါ်လှရွှေတို့၏သားသမက်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပ၊ ဇော်ဂျီလမ်း၊ အမှတ် ၁၀၃၉နေ ဒေါ်ခင်အေးမြင့်(အထက-၂၀၊ နေပြည်တော်)၏ခင်ပွန်း၊ မောင်မင်းဇော်ဦး၊ (မဇင်မာထွန်း)တို့၏ဖခင်သည် ၇-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းအေး

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပေါင်မြို့၊ မွန်ပြည်နယ်**

**အသက်(၆၀)**

မွန်ပြည်နယ်၊ ပေါင်မြို့၊ ထားဝယ်စုရပ်နေ (ဦးဘကြည်-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးစံလွင်)-ဒေါ်ခင်မြ၊ (ဦးဖေသိန်း)-ဒေါ်မြကြည်၊ ဒေါ်မြင့်မြင့်ရီ-(ဦးအေးသိန်း)တို့၏ညီမ၊ ဦးတင်ဝေ(ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီး)-ဒေါ်မိုးမိုးဟန်တို့၏အစ်မ၊ တူ/တူမ ၁၃ယောက်တို့၏ဒေါ်လေး၊ မြေးကိုးယောက်တို့၏အဘွားသည် ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစုများ

---

## ဦးခင်ဆွေ

**(RIT ကျောင်းသားဟောင်း)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၉၁၊ သုံးလွှာနေ (ဦးကရီ-ဒေါ်ရင်စိန်)တို့၏သား၊ (ဦးမြင့်သိန်း)-ဒေါ်ဝင်းမြင့်၊ ဦးမြင့်အေး-ဒေါ်ဖြူဖြူစိန် (ခေတ္တ-USA)၊ ဦးသန်းလေး-ဒေါ်မော်လီ၊ ဒေါ်နုနုရီ(ခေတ္တ-USA)၊ ဦးမူးရီ-ဒေါ်အေးအေးရီ[ခေတ္တ-တရုတ်(ထိုင်ပေ)]တို့၏ညီ/မောင်သည် ၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကိုအောင်မြတ်စံ(ခ)တာတီး

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သော်တာလမ်း၊ အမှတ် ၁၅နေ ဦးဇော်သိန်းတိုး(မီးရထား၊ ငြိမ်း)-ဒေါ်ဖွားကြည်တို့၏သား၊ (ဦးဇော်သိန်းစိုး)-ဒေါ်မြင့်မြင့်မော်တို့၏ ညီ/မောင်၊ ဝိုင်းသဥ္ဇာတိုး(လယ်လယ်)၊ မောင်အောင်အောင်(ဂျဝါ) (360 ဆီဆိုင်)၊ မောင်စည်သူဟိန်း(အထက-၄၊ ပုဇွန်တောင်၊ Grade-8, C)တို့၏ ဦးလေးသည် ၆-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၂၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး(ဂန္တီ)၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်သန်းမြင့်

**အထက်တန်းသူနာပြု(ငြိမ်း)**

**လုပ်ငန်းခွင်ကျန်းမာရေးရုံးချုပ်**

**အသက်(၆၄)နှစ်**

သံတွဲမြို့၊ အမှတ် ၁၁၁/၆၊ ဩဘာလမ်းနေ(ဦးမောင်ဒွေး-ဒေါ်လှရင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ အမှတ် ၃၇ (ဒုတိယထပ်)နေ ဦးကျော်မြင့် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဒေါ်ချယ်ရီကျော်မြင့်-ဦးတင်ဝင်းထွဏ်း၊ ဦးဇေယျာကျော်မြင့်တို့၏ မိခင်၊ မမြင့်မိုရ်ရတီ၏ အဘွားသည် ၇-၇-၂၀၁၆ရက် နံနက် ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရွှေခါးပတ်ချန်ပီယံဖိုင်လ်လုပွဲ ဖျံသွေး(မြန်မာ)နှင့် ဆူတာဝမ်(ထိုင်း)တို့ အထူးစိန်ခေါ်ပွဲယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး H & S Group က တာဝန်ယူကျင်းပလျက်ရှိသော အဌမအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ နောက်ဆုံးဖိုင်နယ် ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြည်ပအထူးစိန်ခေါ်ပွဲဖြစ်သည့် ဖျံသွေး(မြန်မာ)နှင့် ဆူတာဝမ်(ထိုင်း)တို့ အထူးစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❐



ဖျံသွေး(မြန်မာ)



ဆူတာဝမ်(ထိုင်း)

# မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်း ခြေစမ်းမည်

**သတင်း - ညီမြတ်သော်တာ**

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဇူလိုင် ၉ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့် လက်ရှိချန်ပီယံထိုင်းအသင်းတို့သည် အုပ်စုတစ်ခုစီ ကျရောက်နေသောကြောင့် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည်

*စာမျက်နှာ ၇ ကော်လံ ၃* ●



တပ်မတော် ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးစဉ်

# ရေကြီးနစ်မြုပ်ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပေးပို့လျက်ရှိ

**စစ်တွေ ဇူလိုင် ၇**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့ရာဒေသများသို့ ကူညီထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ကူညီပေးပို့လျက်ရှိရာ ဇူလိုင် ၇ ရက်က ရေများ ပြန်ကျလျက်ရှိပြီဖြစ်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကယ်ဆယ်ထောက်ပံ့ပစ္စည်းများဖြစ်သည့် ခေါက်ဆွဲခြောက်၊ ကြာဆံခြောက်၊ သောက်ရေသန့်နှင့် family kit များကို ပေးပို့ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မင်းပြားမြို့နယ်တွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀ နှင့် ခေါက်ဆွဲခြောက်၊ သောက်ရေသန့်ဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ဇူလိုင် ၆ ရက်မှ စတင်ကာ ရေသန့်ဘူးကြီးများ၊ ခေါက်ဆွဲဖာများ၊ မုန့်ခြောက်များ၊ ရေသန့်ဆေးပြားများနှင့် UNICEF မှ ပံ့ပိုးသော ဟိုင်ဂျက်ကစ်၊ တာပေါ်လင်စများ၊ တစ်လက်မ ရေစုပ်စက်များ၊ PMG ရေသန့်ဆေးဘူးများအား

*စာမျက်နှာ ၇ ကော်လံ ၃* ❍

## ဗန်းမော်မြို့နယ်၌ ရေကြီးရေလျှံ၍ ကျေးရွာအတွင်း ရေနစ်မြုပ်မှုဖြစ်ပွား

*စာ - ၇*

## နည်းပညာဆန်းသစ်မှုများစွာဖြင့် လုံခြုံရေးတိုးမြှင့်ဖို့ ကြိုးပမ်းနေကြတဲ့ လေဆိပ်ဗိသုကာပညာရှင်များ

*စာ - ၁၁*

## ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၁ ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ အဆိုပါမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၂ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဖောင်းပြင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ၁ ပေ ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

